
The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 20, NO. 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 3, 2020

# ဝူဟန်ပိုင်းရပ်စ်နှင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး

စာမျက်နှာ - ၈ ➤



## ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

စာမျက်နှာ - ၁၁ ➤


## မူဆယ်နယ်စပ်တွင် လက်ရှိဖြစ်ပေါ်နေသော ဖရဲ၊ သခွား ကုန်သွယ်မှုအခြေအနေများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ - ၁၃ ➤

## တောင်သူများအား မြေယာလျော်ကြေးငွေ ဘီလီယံ ၃၀ အထိ ပေးလျော်နိုင်ရန် ပြင်ဆင်ထားဟု ဝန်ကြီးချုပ်ပြော

စာမျက်နှာ - ၂၆ ➤






Office : No.74, Wadan St, Lanmadaw Township, Yangon, Myanmar.
Phone No. : +95 1 228584, 211124, 223097, 2316119, 2316260
Fax No. : +95 1 211821
E-mail : ppaoffice@gmail.com
Website : www.ppagroups.com

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

◆ မြဝတီဘဏ်လီမိတက်ရုံးချုပ်နှင့်ဘဏ်ခွဲများ

"မှန်သည် မြန်သည် မြဝတီ"

လူကြီးမင်းတို့၏လွှဲပို့ငွေများကို မြဝတီဘဏ်လီမိတက်၏ဘဏ်ခွဲများ တည်ရှိရာမြို့များသို့ မြန်ဆန်တိကျစွာ ငွေလွှဲပို့နိုင်ပါကြောင်း။

မြဝတီဘဏ်၏ ချိတ်ဆက်ဘဏ်များဖြစ်သည့်

ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်အလျင် ငွေလွှဲပို့နိုင်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့် လည်းကောင်း၊ Fax ဆက်သွယ်နိုင်သော မြို့များသို့ ငွေလွှဲဖြင့်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

MPU JCB UnionPay

Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402

www.mwdbank.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ဒေသခံများအား တွေ့ဆုံအမှာစကားပြောကြား



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၆ ရက်နံနက် ၁၀ နာရီတွင် တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ရှိ လိုဏ်ဂူရှင်ဘုရားကြီးကျောင်း၌ ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကျိုင်းလပ်ဒေသသို့ လာရောက်ရခြင်းမှာ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်များကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ပံ့ပိုးပေးသွားရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံများက လိုအပ်ချက်များအား တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။ ဆက်လက်၍ လှိုဏ်ဂူရှင်ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဦးဌိတိပညောထံသို့ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ မယ်ယန်းကုန်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် OSS အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် OSS အဖွဲ့များက ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများ ပပျောက်အောင်လည်း ဒေသခံပြည်သူများ၊ ကုန်သည်လုပ်ငန်းရှင်များကလည်း ပါဝင်ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တာချီလိတ်မြို့ မယ်ယန်းကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးဝင်းလွင်က ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များအား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးကာ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေ ၅ နာရီတွင် တာချီလိတ်မြို့၊ ဝမ်လုံကျေးရွာအုပ်စု၊ လွယ်စတုံရွာရှိ "တင်မြင့်ရီ"

**စာမျက်နှာ ၆ သို့**

# ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းအခမ်းအနား၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အမှာစကားပြော

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းကော်မတီအနေနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲတင်ပြချက်များကို Public-Private Dialogue ပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းမူဘောင်နှင့် လုပ်ငန်းစီမံချက်၏(ကာလတို/ ကာလလတ်/ကာလရှည်) လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်း လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်က ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ပဏာမဖော်ပြချက်စာတမ်း (Myanmar Indicative Private Sector Development Framework and Action Plan)ပါ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်းကဏ္ဍ(၃) လုပ်ငန်းစီမံချက်ပါ မျှော်မှန်းချက်မှာ "အများပါဝင်ပြီးရေရှည်တည်တံ့နိုင်သောနည်းလမ်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကြီးထွားစေရန် ခိုင်မာသောပတ်ဝန်းကျင် ဖန်တီးခြင်း"ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ချက်များတွင် တချို့ကိစ္စရပ်များမှာဆောင်ရွက် ပြီးဖြစ်သော်လည်း တချို့ကိစ္စရပ်များသည် ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့်အတွက် The DaNa Facility အဖွဲ့အစည်းမှ ပေးပို့လာသည့် လုပ်ငန်းစဉ် (မူကြမ်း)အပေါ် ကော်မတီဝင်များ၏ သဘောထားပြန်ကြားချက်များအား ရယူပြီး ပြန်လည်ရေးဆွဲထားခြင်းအပေါ် ဆွေးနွေးအတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်ရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီက ဦးဆောင်ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) ၏ အကူအညီနှင့် Export Development Board တည်ထောင်နိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနက EU အထောက်အပံ့ဖြင့် ဆောင်ရွက်မည့်




**စာမျက်နှာ ၆ သို့**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
ညီညီအောင်

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
သီတာဝင်း

**သတင်းထောက်များ**
စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ ဝင်းကို

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 20, No.5 Monday February 3 2020

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတန်ချိန် လေးသောင်းကျော် တင်ပို့

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်နှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄၂ သန်း တန်ဖိုးရှိဆန်တန်ချိန် ၆၄၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၅၃၀၀ ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၃၀၀ နီးပါး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၈၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၈ တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၈၀ ကို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှတင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၀၀ ကျော်လျော့နည်း တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၀၆ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၄၀၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ နိုင်ငံအလိုက်တင်ပို့မှုများမှာ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၇၃၀၀ ကျော်၊ အီးယူနိုင်ငံများသို့ တန်ချိန် ၇၃၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၈၅၀၀ကျော်နှင့်ဂူအမ်သို့ ဆန်တန်ချိန် ၆၀၀ နှင့် လက်ဘနွန်နိုင်ငံသို့ ၃၃၈ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ၁၇၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်တာကာလအတွင်း ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄၃ တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၅၀၀၀ကျော် တင်ပို့ ခဲ့ကြောင်း သိရသည်။ အီးယူနိုင်ငံများသို့တန်ချိန်တစ်သောင်းနီးပါး၊ အာရှနိုင်ငံများသို့ တန်ချိန် ၁၇၀၀ နီးပါး၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၂၇၀၀ ကျော်နှင့် ယူအေအီးနိုင်ငံသို့ တန်ချိန် ၁၀၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲစုစုပေါင်းတန်ချိန် ၄၆၀၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၂၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# ပြည် ဆန်/စပါးဈေးကွက်၌ ဈေးကောင်းရနေ

ပြည်မြို့နယ်အတွင်း ဆန်စပါးလုပ်ငန်းရှင်များ နယ်ဝယ်လက်အဝယ်ရှိနေခြင်းကြောင့် နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ပြည်မြို့နယ်စက်ပိုင်များ ဆန်စက်အရောက်စပါးဈေးမှာ ၄၆ပေါင်ကိုက်နှင့် တင်း ၁၀၀ လျှင် ဧည့်မထအုပ်စုတွင် ဆင်းသွယ်လတ် ကျပ် ၅၉၈၀၀၀၊ မော်ဘီစပါး ကျပ်၅၇၀၄၀၀နှင့်ငစိန်အုပ်စုတွင် ကရင်မစပါးဈေးကျပ် ၅၀၆၀၀၀၊ ရတနာတိုး ကျပ် ၄၉၆၈၀၀၊ ကျော်ဇေယျစပါး ကျပ် ၄၈၇၆၀၀ ဈေးတို့ဖြစ်သည်။

ဆန်တစ်အိတ်ပေါက်ဈေးမှာ ဆင်းသွယ်ကျပ် ၂၆၀၀၀၊ မော်ဘီကျပ် ၂၄၀၀၀၊ ကရင်မဆန်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀ (ဝိတ်ကြီး)၊ ရတနာတိုး ကျပ် ၁၈၅၀၀၊ကျော်ဇေယျကျပ် ၁၇၈၀၀ ဈေးတို့ဖြစ်ပြီး ငစိန်ဆန်အုပ်စုတွင် ရန်ကုန်ဝယ်လက်များရှိ၍ ဆန်သား ၈၅ရာခိုင်နှုန်းဖြစ်ရှိသည်။ ကရင်မဆန်အိတ်မှာ ၂၅ရာခိုင်နှုန်းဖြစ်၍ Export ရှိကြောင်းလည်း သိရသည်။ ပြည်မြို့ပေါ်ဆန်စက်များမှ နေ့စဉ်ဆန်အိတ် ၁၅၀၀မှ ၂၀၀၀ခန့် တင်ပို့နေရကြောင်း သိရသည်။ **နီနီဝင်း(ပြည်)**



# ပုသိမ်မြို့နယ် ဆန်၊ စပါးဈေးကွက်၌ မိုးစပါးသစ်များ ဈေးနှုန်းမြင့်တက်

ပုသိမ်မြို့နယ်ဆန်၊ စပါးဈေးကွက်တွင် မိုးစပါးသစ်ပေါ်စ မနောသုခ၊ မျိုးပွားစပါး ပေါင် ၅၀၊ တင်း ၁၀၀ ကို ကျပ် ၄၅၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကိုကျပ်၁၉၀၀၀/၁၉၅၀၀ ဈေးရှိပြီး ယခုအခါစပါးဈေးကျပ် ၅၆၀၀၀၀/ ၅၇၀၀၀၀ နှင့် ဆန်တစ်အိတ်ကို ကျပ် ၂၁၀၀၀/၂၁၅၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ကို ကျပ်တစ်သိန်းဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ခန့်ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ပေါ်ဆန်းရင် စပါး ၅၂ ပေါင်ခွဲတင်း ၁၀၀ကို ပေါ်စက ကျပ် ၆၅၀၀၀၀/ ၇၀၀၀၀၀ ဝန်းကျင်ဈေးရှိပြီး ဆန်တစ်အိတ်ကိုကျပ် ၂၇၀၀၀/ ၂၈၀၀၀ ဈေးမှ ယခုပေါ်ဆန်းရင် စပါးဈေးမှာ၅၂ ပေါင်ခွဲတင်း ၁၀၀ကိုကျပ် ၉၀၀၀၀၀ ဝန်းကျင် ဆန်တစ်အိတ်ကို ကျပ် ၃၂၀၀၀/ ၃၂၅၀၀ ဈေးဖြစ်သွား၍စပါးဈေးမှာတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်ကိုကျပ် ၅၀၀၀ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

စက်ပိုင်၊ ကုန်သည်များမှစပါးရရှိအောင် ဈေးပေးဝယ်ယူခြင်း၊ အခြေခံသတ်မှတ်ဈေးနှုန်းဖြင့် စပါးဝယ်ယူခြင်း၊ ရန်ကုန်နှင့် အထက်အညာဒေသမှ ဈေးကွက်ဝယ်လိုအားရှိသောကြောင့် ဆန်စပါးအရောင်းအဝယ် သွက်လျက်ရှိပြီး ဈေးနှုန်း မြင့်တက်ရခြင်းဖြစ်ကြောင်း စက်ပိုင်ကုန်သည် အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၃၁-၁-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၇၅ | ၄၆၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၅၉ | ၄၅၁ | ▽ | ၃၅၃ | ၃၅၃ | □ | ၃၆၃ | ၃၆၃ | □ | ၃၆၀ | ၃၇၃ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၄၆ | ၄၃၉ | ▽ | ၃၃၀ | ၃၃၀ | □ | ၃၄၃ | ၃၄၃ | □ | ၃၃၀ | ၃၄၅ | △ |
| ပေါင်းဆန် | ၄၅၉ | ၄၅၁ | ▽ | - | - | - | ၃၆၀ | ၃၇၃ | △ | ၄၁၃ | ၄၁၃ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၃၁-၁-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၀၅၀ | □ | ၁၈၀၀၀ | □ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၀၆၀ | △ | ၂၂၀၀၀ | △ | ၇၆၀၀ | △ | ၃၂၀၀၀ | △ |
| ပဲခူး | ၅၀၀၀ | □ | ၁၈၅၀၀ | □ | ၆၉၀၀ | □ | ၃၄၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | ▽ | ၃၀၀၀၀ | △ | ၁၂၀၀၀ | ▽ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | △ | ၂၀၀၀၀ | △ | ၈၀၀၀ | □ | ၃၂၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၄၀၀ | △ | ၂၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၂၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| မန္တလေး | ၅၅၀၀ | △ | ၂၁၀၀၀ | △ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၃၅၀၀ | △ | - | - | ၆၁၀၀၀ | □ |
| မော်လမြိုင် | ၄၈၇၆ | □ | ၁၉၀၀၀ | □ | ၇၇၀၀ | □ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၇၅၄၀ | ▽ | ၃၄၀၀၀ | □ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၄-၁-၂၀၂၀မှ ၃၀-၁-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 501 | 17 | - | - | - | 518 |
| | Form AANZ | 4 | - | - | - | - | 4 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 110 | 12 | - | - | 1 | 123 |
| | Form AJ | 29 | 1 | - | - | - | 30 |
| | Form AK | 145 | 2 | - | - | - | 147 |
| | Form CHINA | 1 | - | - | - | - | 1 |
| | Form D | - | - | - | - | - | - |
| | Form DFTP | 73 | 10 | - | - | - | 83 |
| | Form E | 130 | 7 | - | - | - | 137 |
| | Form Korea | 14 | 1 | - | - | - | 15 |
| | E Form D | 196 | - | - | - | - | 196 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1204 | 50 | - | - | 1 | 1255 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၁-၁-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၄/၁ | ၃၁/၁ | ပြောင်းလဲမှု | ၂၄/၁ | ၃၁/၁ | ပြောင်းလဲမှု | ၂၄/၁ | ၃၁/၁ | ပြောင်းလဲမှု | ၂၄/၁ | ၃၁/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၇၈၆ | ၁၇၈၈ | ▲ | ၁၇၁၇ | ၁၇၀၀ | ▼ | ၁၇၂၅ | ၁၇၀၀ | ▼ | ၁၆၅၀ | ၁၆၂၅ | ▼ |
| ပဲစင်းငုံ | ၁၁၉၂ | ၁၁၆၇ | ▼ | ၁၁၅၈ | ၁၁၁၇ | ▼ | ၁၁၄၀ | ၁၀၉၀ | ▼ | ၁၁၃၀ | ၁၀၉၅ | ▼ |
| ပဲတီစိမ်း | ၁၈၈၀ | ၁၇၅၀ | ▼ | ၁၉၅၆ | ၁၇၇၈ | ▼ | ၁၉၂၁ | ၁၇၈၉ | ▼ | ၁၈၉၅ | ၁၈၄၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၂၅ | ၁၈၂၅ | ■ | ၁၄၆၇ | ၁၄၅၀ | ▼ | ၁၄၅၈ | ၁၄၂၁ | ▼ | ၁၄၇၅ | ၁၄၅၀ | ▼ |
| ပဲလွန်းဖြူ | ၁၅၃၀ | ၁၄၅၀ | ▼ | ၁၅၈၃ | ၁၄၆၇ | ▼ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၂၉၀ | ၁၃၇၀ | ▲ |
| ထောပတ်ပဲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၉၉၁ | ၁၉၅၆ | ▼ | ၁၂၆၃ | ၁၂၁၁ | ▼ | ၁၅၉၅ | ၁၅၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၈.၁.၂၀၂၀)ထိ | ယခုတစ်ပတ် (၂၅.၁.၂၀၂၀)ထိ | (၁.၁.၁၉) မှ (၂၅.၁.၂၀၂၀) ထိ |
| မတ်ပဲ | ၄၇၁၅၄၃ | ၇၀၅၀ | ၄၇၈၅၉၃ |
| ပဲတီစိမ်း | ၂၃၀၅၀၅ | ၇၂၂၀ | ၂၃၇၇၂၅ |
| ပဲစင်းငုံ | ၁၇၂၄၈၈ | ၈၂၃ | ၁၇၃၃၁၁ |
| ကုလားပဲ | ၅၃၉၆၃ | ၁၀၀၈ | ၅၄၉၇၁ |
| ပဲလွန်းဖြူ | ၃၈၇၉၂ | ၆၈၇ | ၃၉၄၇၉ |
| မြေထောက်ပဲ | ၁၁၇၆၄၅ | ၃၀ | ၁၁၇၆၇၅ |

## ပြည်ပဲတီစိမ်း ဈေးကောင်းရပြီး အရောင်းအဝယ် သွက်နေ

ပြည်ပဲဈေးကွက်အတွင်း ဆောင်းပဲသီးနှံများထဲ၌ ပဲတီစိမ်းသီးနှံသည် အရောင်းအဝယ်သွက်လျက်ရှိသည်။ပဲသစ်များဝင်ရောက်မှုရှိခဲ့သော်လည်း တစ်ရက်အိတ် ၂၀၀/၃၀၀ ခန့်သာ ယခင်တစ်ပတ်ထက် ဝင်ရောက်မှု အနည်းငယ်လျော့သွားခဲ့ပြီဖြစ်သည်။

ပြည်အနီးတစ်ဝိုက်မှ နေ့စဉ်ဝင်ရောက်ခဲ့ကာ ရန်ကုန်၊ မန္တလေးလိုင်း သမားများအဝင်ရှိသလောက် ဝယ်ယူကြခြင်းကြောင့် အိတ် ၃၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲဈေးမှာတစ်တင်းကျပ်၃၈၀၀၀ ဖြင့်ပဲဈေးကွက်မှာဈေးအမြင့်ဆုံးဖြစ်နေသော်လည်း ယခင်တစ်ပတ်က ရောင်းဝယ်ခဲ့သော ဈေးနှုန်းထက်အနည်းငယ်လျော့သွားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် ပဲတီစိမ်းသီးနှံသည် ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးနှင့် အရောင်းအဝယ်သွက် လျက်ရှိနေသည့်ပဲသီးနှံဖြစ်ခဲ့သည်။

**ခင်ဆွေဝင်း(ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းမျိုးစုံနှင့် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ)မှာ အရည်အသွေးကို လိုက်၍ တစ်တင်းလျှင် ကျပ် ၅၃၀၀၀- ၇၀၀၀၀-၇၃၀၀၀ ဈေးဖြင့်အိတ်ရေ ၁၀၀မှ ၉၀၀ ထိ အရောင်းအဝယ်ဖြစ်နေသည်။ နှမ်းနက်(ဂွ)မှာ တစ်တင်းလျှင်ကျပ်၆၃၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀၊ နှမ်းဖြူတစ်တင်းလျှင်ကျပ် ၅၆၀၀၀-၅၆၅၀၀ ဈေးဖြင့် အိတ်ရေ ၁၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၃၀၀၀ဈေးဖြင့် အိတ် ၁၀၀၊ နှမ်းနီ တစ်တင်းလျှင် ကျပ် ၅၃၅၀၀ ဈေးဖြင့် အိတ် ၅၀ အရောင်းအဝယ်ဖြစ်နေသည်။

၂၀၁၈ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးဖြင့် အိတ်ရေ ၅၀၊ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ (အသစ်)တစ်တင်းလျှင် ကျပ် ၂၅၃၀၀-၂၅၈၀၀-၂၆၀၀၀ ဈေးဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲသုံးမျိုးမှာ ဈေးအနည်းငယ်ကျနေပြီး ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဈေးဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဈေးဖြင့် အိတ် ၅၀ ၊ ပဲတီစိမ်းသေး တစ်တင်းလျှင် ကျပ် ၂၉၀၀၀- ၃၀၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ၊ ပြောင်းဖူးစေ့ CPတစ်တင်းလျှင်ကျပ် ၇၉၀၀ ဈေးဖြင့် အိတ်ရေ ၅၀ မှ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## တညင်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးကြီး အတွင်းသို့ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက် ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၄၀၀ မှ ၈၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်) ကျပ် ၂၀၀ မှ ၆၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၇၅၀ မှ ၉၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀မှ ၁၈၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး)ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ မုန်ညင်း (ထုပ်) ကျပ် ၈၀၀ မှ ၁၀၀၀အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၁၃၀၀ မှ ၂၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ) ကျပ် ၃၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၃၀၀မှ ၃၅၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၂၀၀၀ မှ ၂၅၀၀ အတွင်း၊ ဆလတ်ရွက် (စီး) ကျပ် ၈၀ မှ ၁၀၀ အတွင်း၊ ရုံပတီသီး(တောင့်) ကျပ် ၈ မှ ၁၃ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၂၀ အတွင်း၊ ချဉ်ပေါင်ရွက် (စီး)ကျပ် ၄၀ မှ ၈၀ အတွင်း၊ ခရမ်းသီး (ရှည်) (လုံး) ကျပ် ၃၅ မှ ၁၀၀ အတွင်း၊ သံပုရာသီး (လုံး) ကျပ် ၄၀ မှ ၁၅၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၁၀၀ မှ ၃၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၇၀၀ မှ ၈၀၀ အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၁၀၀၀ မှ ၃၀၀၀ အတွင်း၊ ဖရဲသီး (လုံး) (ကြီး/လတ်/သေး)ပေါ် မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။ ယခုရက်သတ္တပတ်အတွင်း ဘူးသီး၊ ကြက်သွန်နီ(ဆိပ်ဖြူ)၊ ခရမ်းသီး(ရှည်)၊ ပဲသီးနှင့်ငရုတ်သီးစိမ်း(ကျောက်စိမ်း)တို့မှာ ဈေးအနည်းငယ်ကျနေကြောင်း သိရှိရသည်။

တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၆၀၃၀၀၀ ကျော်၊ ခရမ်းသီး (ရှည်) (လုံး) ၅၉၄၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၁၄၃၀၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၂၄၄၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၆၅၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၄၃၇၅၀၀ ကျော်နှင့် မုန်ညင်း(ထုပ်) ပေါင်း ၁၁၆၂၀ ကျော်၊ ဖရဲသီးအဝင်စုစုပေါင်း ၁၃၇၅၀၀ ကျော်အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## ဟသ်ာတမတ်ပဲ ဈေးကောင်းရနေပြီး ပဲတီစိမ်းဈေး ကျဆင်းနေ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် ဇန်နဝါရီလဆန်းမှစ၍တစ်တင်းလျှင်ကျပ် ၃၅၀၀၀ ဈေးပေါက်နေသောမတ်ပဲအသစ်သည် ဇန်နဝါရီ ၃၀ ရက်တွင်လည်းကျပ် ၃၀၀ သာကျဆင်းပြီး တစ်တင်းလျှင်ကျပ် ၃၄၇၀၀ ဖြင့် အိတ် ၁၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့သည်။ အဆိုပါဈေးမှာ ယခုလို မတ်ပဲလှိုင်လှိုင်ပေါ်စအချိန် တောင်သူတို့ကြိုက်နှစ်သက်သောဈေးဖြစ်သည်။

ပဲတီစိမ်း(ဆီပြောင်)တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်သီတင်းပတ်ထက်ကျပ် ၂၅၀၀ ကျဆင်းခဲ့သည်။ ပဲတီစိမ်း(ဝါးခယ်မ)တစ်တင်းလျှင် ကျပ် ၃၅၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၃၅၀၀ ကျဆင်းခဲ့သည်။ ပဲလွန်းဖြူတစ်တင်းလျှင် ကျပ် ၂၉၂၀၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၁၃၀၀ ကျဆင်းခဲ့သည်။ ပဲလွန်းနီတစ်တင်းလျှင်ကျပ် ၂၇၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၄၀၀၀ ကျဆင်းခဲ့ကာ ပဲပုပ်တစ်တင်းလျှင်ကျပ် ၂၁၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၂၀၀ ကျဆင်းခဲ့သည်။ အစေ့ထုတ်ပြောင်းတစ်တင်းလျှင်ကျပ် ၈၉၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ဖွဲနုပေါင် ၇၀တစ်အိတ်လျှင် ကျပ် ၇၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၁၀၀ ကျဆင်းခဲ့ကာ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင်ကျပ် ၁၃၉၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀ မြင့်တက်ခဲ့ကာဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင်ကျပ်၁၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက်ကျပ် ၃၀၀ မြင့်တက်ခဲ့သည်။

**မောင်မောင်မြတ်ခိုင်**

## ပြည်ပဲစင်းငုံသစ် ယခင်နှစ်ဈေးအတိုင်းသာ ရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသီးနှံပဲစင်းငုံသစ်များ အဝင်ဆက်ရှိခဲ့ကာ တစ်ရက်အိတ်၃၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတလည်နှင့်ကံမမြို့နယ်များမှ ဝင်ရောက်ခဲ့ကြောင်းသိရသည်။ ပဲသစ်စဝင်စဖြစ်လို့ ပဲလည်း အထွက်မလှိုင်သေးသောကြောင့် အိတ် အနည်းသာဝင်ရောက်မှုရှိခဲ့ပြီး ဝယ်လိုအားကတော့ ရန်ကုန်ဝယ်လက်သမားရော လှောင်သမားများပါ ဝယ်ယူနေကြသည်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် ယခင်တစ်ပတ်ဈေးထက် ဈေးအနည်းငယ်လျော့သွားပြီး ယခင်နှစ်က ပဲသစ်ပေါ်စအချိန်နှင့်ဈေးတူရနေခဲ့သည်။ မတ်ပဲသီးနှံနှင့် ပဲတီစိမ်းသီးနှံများမှာ ယခုနှစ်ဈေးအနေဖြင့် ယခင်နှစ်ထက် ဈေးပိုရခဲ့သော်လည်း ပဲစင်းငုံသီးနှံကတော့ ယခင်နှစ်ကဈေးနှင့်ကွာခြားမှုမရှိခဲ့ကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## မိတ္ထီလာပဲစင်းငုံ ဈေးငြိမ်နေ

ယခုတစ်ပတ် မိတ္ထီလာ ပဲဈေးကွက်အတွင်းသို့ ပဲစင်းငုံသီးနှံ လှိုင်လှိုင်ပေါ်သောအချိန်ဖြစ်၍ ဈေးငြိမ်နေကြောင်း၊ ဝင်ရောက်မှုအနေဖြင့် တစ်နေ့လျှင် တစ်တင်းခွဲဝင်အိတ် ၂၀၀၀/၃၀၀၀ လောက် ဝင်ရောက်မှုရှိပြီး အဝင်နှင့်အထွက်မျှကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်လှောင်လက်သမားများ နှင့်နယ် လှောင်လက်သမားများသာရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဈေးသာရှိကြောင်းသိရသည်။

**မူမူသန်း(မိတ္ထီလာ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပပြုလုပ်သော မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်ခုနှစ် (Model Year) သတ်မှတ်ချက်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ကုမ္ပဏီများ အရောင်းစင်တာ၊ အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်ရာတွင် စနစ်တကျ ဖြစ်စေရေးအတွက် လုပ်ငန်းသုံးယာဉ် အရောင်းစင်တာ စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၀)၊ (၃/၂၀၂၀) တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မော်တော်ယာဉ် တင်သွင်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ တွေ့ကြုံရသည့် အခက်အခဲများကို ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများအား တင်ပြဆွေးနွေးကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည် ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန . . . မှအဆက်

စာမျက်နှာ (၃) ... မှအဆက်

သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်သိန်းနိုင်က သစ်အချောထည်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း သစ်အချောထည် ပြုလုပ်မှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၉နာရီက တာချီလိတ်မြို့ ဆန်ဘိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းမတွင် ကျင်းပသော မြန်မာနိုင်ငံသားများဘဏ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဘဏ်အဆောက်အအုံအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ မြန်မာနိုင်ငံသားများဘဏ်ဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ စစ်ဗျူဟာအဖွဲ့အခြေချတာချီလိတ်(စစ်ဗျူဟာမှူး) ဗိုလ်မှူးကြီး သော်ဇင်ဦး၊ အာခါတိုင်းရင်းသား လူမျိုးရေးရာနာယက ဦးမင်းညို၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ တာချီလိတ် မြို့မိ၊ မြို့ဖ ဦးကြည်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘဏ်ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)သို့ ရောက်ရှိရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥက္ကဋ္ဌ ဦးမြင့်နိုင်က နှစ်နိုင်ငံကုန်သွယ်မှုပြုလုပ်နေမှု အခြေအနေကိုရှင်းလင်းတင်ပြပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂)သို့ ရောက်ရှိပြီး One Stop Service အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## စာမျက်နှာ (၃) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ . . . မှအဆက်

Arise Plus စီမံကိန်းအစီအစဉ်နှင့် ချိတ်ဆက်ပြီး ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ အရည်အသွေး စီမံခန့်ခွဲမှုကဏ္ဍနှင့် ပျားရည်ကဏ္ဍတို့၏ Value Chain Analysis များပြုလုပ်ခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ချမှတ်ခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း အခမ်းအနား၌ အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ တွင် ပို့ကုန်ဖွံ့ဖြိုးရန် အလားအလာရှိသော ဦးစားပေးကဏ္ဍများနှင့်ပို့ကုန်ကဏ္ဍအားလုံး၏ ယှဉ်ပြိုင်နိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် ကုန်သွယ်မှုအထောက်အကူပြုကဏ္ဍများကိုလည်း ထည့်သွင်းဆောင်ရွက်ထားရှိ၍ MSMEs လုပ်ငန်းများအတွက် အကျိုးကျေးဇူးရရှိစေနိုင်မည့်အပြင် စီးပွားရေးဝန်းကျင်တစ်ခုလုံးကိုလည်း ခိုင်မာလာစေရန် ပံ့ပိုးပေးနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားများသို့ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) မှ Advisor Mr.CharlesRoberge ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီဝင်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၀.၁.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၂) | - PACAO | စားသုံးဆီတန်ချိန် ၆၅၀၀ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR SOLO | ကုန်သေတ္တာ၇၂၅တင် ၇၇၅ ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - HANTHER | SteelStructure တန်ချိန် ၄၃၀၉ ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - U THAR | ပြောင်းတန်ချိန် ၁၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - MELODY | ဆန်တန်ချိန် ၁၆၅၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - HOANG PHUONG STAR | ဆန်တန်ချိန် ၃၉၅၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၆) | - MISS SIMONA | ဆန်တန်ချိန် ၁၆၃၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | - NASICO EAGLE | ပြောင်းတန်ချိန် ၆၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၂) | - B TRADER | ကုန်သေတ္တာ ၉၁၇ တင် ၉၇၂ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - NORDPANTHER | ကုန်သေတ္တာ ၁၁၀၅ တင် ၅၉၅ ချဆဲ |
| သီလဝါဆိပ်ကမ်း(၂) | - CAPE SYROS | ကုန်သေတ္တာ ၁၅၄၀ တင် ၁၂၄၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - BOX ENDEAVOUR | ကုန်သေတ္တာ၄၁၀တင် ၁၆၁ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - JIA FENG | SteelProduct ၁၇၀၁၀တန် ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - HONG DE | SteelProduct ၁၇၀၀၀တန် ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - LEADER SW | Steel Plate တန်ချိန် ၂၄၄၂ ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၂) | - VIET THANG-136 | Steel Bar တန်ချိန် ၃၀၂၆ချဆဲ |
| I.B.T.T | - PROSPERITY | ပြောင်းတန်ချိန် ၂၃၀၀၀ တင်ဆဲ |
| MMTM JETTY | - MT. OCEAN GOBY | Mogas (92 Ron) ၁၁၀၆၅ ချဆဲ |
| APEX JETTY | - MT. FLY SEAL | Diesel& Mogas (92 Ron)၉၁၄၆ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN TAIGA | Steel RaiL ၃၁၁၇ တန်ချရန် | - | ၃၀.၁.၂၀၂၀ |
| NEPTUNE CROWN | Cont & Equipment ၂၆၇ ချရန် | - | ၃၀.၁.၂၀၂၀ |
| BOUDICCA | Nos Cruise Vessel PAX ၅၂၉ချရန် | - | ၃၁.၁.၂၀၂၀ |
| DOLPHIN -18 | ပြောင်းတန်ချိန် ၇၄၀၀ တင်ရန် | INDIA | ၃၁.၁.၂၀၂၀ |
| BBC DOLPHIN | WAGON&TRANSFOMER ၃၂၄၀ ချရန် | CHINA | ၃၁.၁.၂၀၂၀ |
| VIET THANG | REINFORCINE&STEEL BAR ၃၀၂၆ချရန် | INDONESIA | ၃၁.၁.၂၀၂၀ |
| VIKING SEA | Units Vehhicle (RO/RO) ၁၀၇ ချရန် | JAPAN | ၁.၂.၂၀၂၀ |
| YANGTZE BRIGHTNESS | Steel ၁၂၇၀၀ ချရန် | CHINA | ၂.၂.၂၀၂၀ |
| XIANG YANG HONG -08 | RESEARCH VESSEL | CHINA | ၃.၂.၂၀၂၀ |
| TAN BINH 89 | ပြောင်းတန်ချိန် ၅၆၀၀ တင်ရန် | INDIA | ၃.၂.၂၀၂၀ |
| HAN YI | Equipment ၃၁၂၃ ချရန် | CHINA | ၄.၂.၂၀၂၀ |
| LUCKY OCEAN | Steel&11 Unit Vehicle၁၅၇၇၇ချရန် | CHINA | ၆.၂.၂၀၂၀ |
| NAUTICAL GEORGIA | ဂျုံတန်ချိန် ၁၁၉၄၆ ချရန် | CANADA | ၆.၂.၂၀၂၀ |
| HTK NEPTUNE | WAGON&TRANSFOMER ၃၂၄၀ ချရန် | INDONESIA | ၇.၂.၂၀၂၀ |
| KEN RYU | Iron Slag ၂၃၀၀၀ ချရန် | JAPAN | ၁၉.၂.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PRESODIO | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၃၁.၁.၂၀၂၀ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၂.၂၀၂၀ |
| OLYMPIA | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၁.၂.၂၀၂၀ |
| AS SERENA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁.၂.၂၀၂၀ |
| MCC KYOTO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁.၂.၂၀၂၀ |
| NORD PANTHERUNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၂.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၂.၂၀၂၀ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၂.၂၀၂၀ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၂.၂.၂၀၂၀ |
| ALS SUMIRE | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၃.၂.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.VL.21 | P.Oil(In Bulk) | - | ၂၂.၁.၂၀၂၀ |
| MT.PANGNIU | Diesel Oil | - | ၃၀.၁.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil | ELITE JETTY | ၃၁.၁.၂၀၂၀ |
| MT.YU HAI | Diesel Oil+MOGAS (92Ron) | SINGAPORE | ၁.၂.၂၀၂၀ |
| MT.OCEAN COD | Diesel Oil | SINGAPORE | ၁.၂.၂၀၂၀ |
| MT.SENNA-9 | LPG Gas | SINGAPORE | ၁.၂.၂၀၂၀ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂.၂.၂၀၂၀ |
| MT.REEM-7 | BITUMEN | SINGAPORE | ၂.၂.၂၀၂၀ |
| MT.YU DONG | Diesel Oil | SINGAPORE | ၄.၂.၂၀၂၀ |
| MT.SK LINE-1 | P.Oil(In Bulk) | SINGAPORE | ၅.၂.၂၀၂၀ |
| MT.VL.21 | P.Oil(In Bulk) | SINGAPORE | ၆.၂.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil | SINGAPORE | ၇.၂.၂၀၂၀ |
| MT.DENKO BRIGHT | Diesel Oil | INDONESIA | ၇.၂.၂၀၂၀ |
| MT.ANGEL NO-6 | Diesel Oil+MOGAS (92Ron) | SINGAPORE | ၉.၂.၂၀၂၀ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၁၀.၂.၂၀၂၀ |

## မိတ္ထီလာ ကုလားပဲသစ်များ စတင်ဝင်ရောက်

ယခုတစ်ပတ် မိတ္ထီလာပဲဈေးကွက်အတွင်းသို့ သာစည်မြို့နယ်ဘက်မှ ကုလားပဲသီးနှံအသစ်များ စတင်ဝင်ရောက်နေပြီဖြစ်ကြောင်းသိရသည်။ ဈေးကွက်အနေဖြင့် ပြည်တွင်းပဲခွဲစက်များသာရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဇန်နဝါရီလဆန်းပိုင်းတွင် ကုလားပဲတစ်တင်း ကျပ် ၂၈၀၀၀/၂၉၀၀၀ ဈေးရှိပြီး ယခုတစ်ပတ်တွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဈေးသာရှိကြောင်း သိရသည်။ **မူမူသန်း(မိတ္ထီလာ)**

## ကြက်သွန်

# မြင်းခြံခရိုင်၏ ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှု

မြင်းခြံခရိုင်၏ ၂၀၁၉/၂၀၂၀ ခုနှစ်ထွက် ကြက်သွန်နီစိုက်ဧကမှာ ၁၆၃၇၆ ဧကရှိပြီး ရိတ်ဧက ၂၄၇၅ ဧကနှင့် အထွက်တင်း ၄၈၃၅၂၂၂ တင်းဖြစ်သည်။ မြင်းခြံမြို့နယ်တွင် စိုက်ဧက ၆၉၂၅၊ ရိတ်ဧက ၄၄၃ နှင့် အထွက်တင်း ၉၃၀၄၁၁ ဖြစ်ပြီး တောင်သာမြို့နယ်၏ စိုက်ဧက ၄၇၃၈၊ ရိတ်ဧက ၂၀၀၊ အတွက်တင်း ၄၅၀၁၆၀ ဖြစ်၍နွားထိုးကြီးမြို့နယ်၏ စိုက်ဧကမှာ ၃၆၆၃ ဧက၊ ရိတ်ဧက ၁၈၀၂ ဧက၊ အထွက်တင်း ၃၃၇၉၆၅၁ တင်း ဖြစ်ပြီး၊ ငါန်းဇွန်မြို့နယ်၏ စိုက်ဧကမှာ ၁၀၅၀၊ ရိတ်ဧက ၃၀ ဧကနှင့် အထွက်တင်း ၇၅၀၀၀ တင်းဖြစ်ကြောင်း သက်ဆိုင်ရာ ဌာန၏စာရင်းများအရ သိရှိရသည်။

မြင်းခြံနွေကြက်သွန်နီသည် ပထမတန်းစား ကြက်သွန်နီဖြစ်ပြီး မတ်လ၊ ဧပြီလ၊ မေလများတွင်ထွက်ရှိသည်။ မြင်းခြံမိုးကြက်သွန်နီသည် ဥရှည်၍ပွသည်။ အူတိုင်ပါ၍ အမြွာကျစ်သည်။ ထွက်ပေါ်ချိန်မှာ နိုဝင်ဘာ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများဖြစ်သည်။ ဈေးကွက်အနေဖြင့် မြင်းခြံကုန်စည်ဒိုင်တွင် မိုးကြက်သွန်နီ တစ်ပိဿာကို ကျပ် ၄၀၀ မှ ၁၄၀၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**သူဇာမိုး(မြင်းခြံ)**

# မိတ္ထီလာကြက်သွန်နီ ဈေးအနည်းငယ်တက်

ယခုတစ်ပတ်မိတ္ထီလာဈေးကွက်တွင် ကြက်သွန်နီဈေး အနည်းငယ်တက်ကြောင်းသိရသည်။ ဇော်မွှားကြက်သွန်လှိုင်လှိုင်ပေါ်ပြီး ဆောင်းကြက်သွန်နီလည်း အနည်းငယ် စတင်ထွက်ရှိနေပြီဖြစ်ကြောင်း၊ ဈေးတက်ရခြင်းမှာ ကြက်သွန်များခြောက်ပြီး ပစ္စည်းကောင်းလာ၍ ဘင်္ဂလားဒေ့ရှ်မှ အဝယ်ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ပုံမှန်လိုင်းများသို့လည်း တင်ပို့မှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၈၀၀/၁၀၀၀ဈေးရှိပြီး ယခုတစ်ပတ်တွင်ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၀၀၀/၁၁၀၀ ဈေးရှိကြောင်း ကြက်သွန်နီအဝင်နှင့်အထွက် မျှကြောင်းသိရသည်။

**မူမူသန်း(မိတ္ထီလာ)**

# မုံရွာကြက်သွန်နီ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်တွင် ကြက်သွန်နီသီးနှံများ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ မုံရွာပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာချိန် ၅၀၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှရန်ကုန်၊ မန္တလေး၊ကလေး၊ခန္တီးနှင့်ဟုမ္မလင်းမြို့များသို့ပုံမှန်တင်ပို့ရောင်းဝယ်လျက်ရှိကြောင်း သိရှိရသည်။

ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီလက်ကားတစ်ပိဿာပေါက်ဈေးနှုန်းများမှာ(ကြီး)ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၁၅၀၊ (သေး)ကျပ် ၁၀၀၀နှုန်း ပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းများမှာ (ကြီး) ကျပ် ၁၆၀၀ ၊ (လတ်) ကျပ် ၁၄၀၀ ၊ (သေး) ကျပ် ၁၁၀၀ နှုန်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

ကြက်သွန်ဖြူဈေးကွက်မှာ ယခုတစ်ပတ် ကြက်သွန်ဖြူလက်ကား တစ်ပိဿာပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀-၅၀၀၀ ၊ (ရှမ်း) ကျပ် ၂၇၀၀-၃၅၀၀ ၊ (ကြူကုတ်) ကျပ် ၃၅၀၀ နှုန်းရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ဗမာ)ဖြူ ကျပ် ၅၀၀၀-၅၅၀၀ ၊ (ရှမ်း)ဖြူ ကျပ် ၄၀၀၀-၄၈၀၀ ၊(ကြူကုတ်) ကျပ် ၄၀၀၀ နှုန်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရှိရသည်။

**ထက်ထက်မိုး(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# ဈေးငြိမ်နေသည့် ပြည်ကြက်သွန်ဖြူ



ပြည်ကြက်သွန်ဖြူပွဲရုံများသို့ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ပြန်ဝင်ရောက်လျက်ရှိနေသည်။ ယခုအချိန်သည် ကြက်သွန်ဖြူတွင်အစိုဓာတ်မရှိတော့ဘဲ လုံးဝခြောက်နေပြီး အရည်အသွေးကောင်း ကြက်သွန်ဖြူများ ဝင်ရောက်နေသည်။

ဈေးနှုန်းများမှာ ယခင်တစ်ပတ်အတိုင်းမပြောင်းလဲဘဲ ဈေးနှုန်းအငြိမ်ဈေးဖြင့်သာ ရောင်းဝယ်လျက်ရှိပြီး အရောင်းအဝယ် အနည်းငယ်အေးတယ်လို့ သိရသည်။ ယခုတစ်ပတ် ကြက်သွန်ဖြူ (ပွဲရုံဈေး) ရှမ်းစကျပ် ၂၆၀၀မှကျပ် ၃၈၀၀ ထိဆိုဒ်စုံဈေးစုံဖြစ်ပြီး (ကြူကုတ်စ) ကျပ် ၃၂၀၀၊ ၃၃၀၀ ဈေးဖြင့် ရောင်းဝယ်လျက်ရှိနေသည်။

ဒေသတွင်းလက်လီဈေးမှာ (ရှမ်းစ) တစ်ပိဿာလျှင်ကျပ်၃၂၀၀ မှ ၄၃၀၀ ဈေးနှင့် (ကြူကုတ်)ကိုတော့ကျပ် ၃၈၀၀ ဈေးတို့ဖြင့်ရောင်းချလျက်ရှိသည်။ ကြက်သွန်ဖြူလိုင်းမှာ နယ်အဝယ် နည်းခဲ့တာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

**နီနီဝင်း(ပြည်)**

## နှမ်း

# အဝယ်နည်းသွား၍ ဈေးပြန်ကျလာသည့် ပြည်နှမ်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိနှမ်းဈေးကွက်တွင် နှမ်းဈေးများပြန်ကျလာသည်။ ရခိုင်ပြည်နယ်၊ မြန်အောင်နှင့်ကြံခင်းဘက်မှဆောင်းနှမ်းနက်အသစ်များ တစ်နေ့လျှင် သုံးတင်းဝင် အိတ် ၂၀၀-၃၀၀ ခန့်ဝင်ရောက်လာသော်လည်း ဝယ်လိုအားနည်းသွား၍ဈေးအနည်းငယ်ကျလာသည်။ ယခုအချိန်အထိ နှမ်းနီများရှားနေသေး၍ ဆီစက်များက နှမ်းနက်အပျက်များကို ဝယ်ယူကြိတ်ခွဲနေကြသည်။ ယခုတစ်ပတ် နှမ်းဈေးများမှာနှမ်းနီတစ်တင်းလျှင်ကျပ် ၄၃၀၀၀၊ ဆောင်းနှမ်းနက် (အသစ်) တစ်တင်းလျှင် ကျပ် ၄၆၀၀၀ နှင့်မိုးနှမ်း (အဟောင်း)တစ်တင်းလျှင် ကျပ် ၆၀၀၀၀၊ စမုံနက်နှမ်းတစ်တင်းလျှင်ကျပ် ၇၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးပြန်ကျလာသည်။

**ဝေဝေမင်း(ပြည်)**


## နနွင်း

# နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ကျော် ဝင်ငွေရ

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း နနွင်း၄၂တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံသို့ ၁၅ တန်နှင့် ပါကစ္စတန်နိုင်ငံသို့ ၂၇ တန်တင်ပို့ခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၀၀-၅၅၀ ရရှိခဲ့သည်။ ယခင်သီတင်းပတ်က နနွင်း၁၅ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် နနွင်း ၂၇ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၃၈၅ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## ချင်း



# ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀နီးပါး ဝင်ငွေရ

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း ချင်း၇၂၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၄၄ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၁၀၈ တန်၊ ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၀ နှင့်ထိုင်းနိုင်ငံသို့ ၂၇ တန်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။

ယခင်သီတင်းပတ်က ချင်းတန်ချိန် ၈၆၀ ကျော်တင်ပို့ ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၃၀ ကျော်တင်ပို့မှု လျော့နည်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းခြောက်တစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ၄၇၀ ဝန်းကျင်ရရှိခဲ့ပြီး ချင်းစိုတစ်တန်ကို ပျမ်းမျှအမေရိကန် ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိခဲ့သည်။ ချင်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၁၁၇၀ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# မန်ကျည်းတစ်တန်ကျော်တင်ပို့

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁ဒသမ ၂၁၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အမေရိကန်သို့ တစ်တန်နှင့်စင်ကာပူနိုင်ငံသို့ သုည ဒသမ၂၁၃ တန်တင်ပို့ခဲ့ ကြောင်း သိရသည်။ ယခင်တစ်ပတ်က အပို့ပျောက်ခဲ့သည့်မန်ကျည်းက ယခုတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်သည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၄ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# ပြည်မန်ကျည်းမှည့် အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ဒေသတွင်းထွက်ရှိသော မန်ကျည်းမှည့်နှင့် ခရိုင်တွင်းထွက်ရှိသော မန်ကျည်းမှည့်များ ဒေသစုံအဝင်ရှိနေခြင်းကြောင့် နေ့စဉ်မန်ကျည်းမှည့်အစေ့ပါနှင့်အစေ့မပါနှစ်မျိုးစလုံး ဝင်ရောက်လျက်ရှိနေသည်။ လှောင်လက်သမားများ အဝယ်ရှိနေပြီး လက်လီသမားတို့လည်း အဝယ်လိုက်နေခြင်းကြောင့် အရောင်းအဝယ်မှာ ကောင်းလျက်ရှိသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်သစ် (ပွဲရုံ)ဈေး အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၅၅၀နှင့်အစေ့မပါ(အသားချည်း)ဈေးမှာ ကျပ် ၃၂၀၀ဈေးတို့ဖြစ်ပြီး ဒေသတွင်းလက်လီဈေးမှာအစေ့ပါကျပ် ၂၀၀၀ နှင့်အစေ့မပါကျပ်၃၅၀၀ဈေးဖြင့် ရောင်းဝယ်လျက်ရှိသည်။ နေ့စဉ်ပိဿာ ၅၀၀မှ ၇၀၀နီးပါးအဝင်ရှိနေသည်။ **နီနီဝင်း(ပြည်)**

# ဝူဟန်ဗိုင်းရပ်စ်နှင့် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေး



ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းသည် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းများ၊ စီးပွားရေးဆိုင်ရာအကျပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြပ်အတည်း၊ စားနပ်ရိက္ခာဆိုင်ရာ အကျပ်အတည်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအကျပ်အတည်း၊ ဘဏ္ဍာရေးဆိုင်ရာအကျပ်အတည်း၊ ကျန်းမာရေးဆိုင်ရာ အကျပ်အတည်း၊ လုပ်သားဆိုင်ရာအကျပ်အတည်း စသည်ဖြင့် အကျပ်အတည်းများသည်ပုံစံအမျိုးမျိုးဖြင့်ရှိနေကြသည်။ ထိုသို့သောအကျပ်အတည်းများတွင် တူညီမှုများလည်း ရှိကြသည်ကိုတွေ့နိုင်သည်။ တူညီတတ်မှုများမှာ ပုံမှန်လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ရုတ်တရက် ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေများဖြစ်ပေါ်ခြင်း၊ နစ်နာဆုံးရှုံးမှုများပြားခြင်း၊ ဖြေရှင်းရန် အချိန်ရမှုနည်းပါးခြင်းတို့ဖြစ်သည်။ အဆိုပါကိစ္စများကို အကျပ်အတည်းဟုခေါ်ဆိုသကဲ့သို့အကျပ်အတည်းတစ်ခုကိုစီမံခန့်ခွဲနိုင်သည့်နည်းလမ်းများလည်း ရှိနေပါသည်။ အဆိုပါစီမံခန့်ခွဲသည့်နည်းလမ်းကိုအကျပ်အတည်း စီမံခန့်ခွဲမှုနည်းလမ်း ( Crisis Management)ဟုခေါ်ဝေါ်ပါသည်။ အဆိုပါအကျပ်အတည်းကိစ္စများတွင် နိုင်ငံရေးများ အရေးအခင်းအကြောင်းများကိုဦးတည်ဆွေးနွေးလိုခြင်းမဟုတ်ဘဲကုန်သွယ်မှုနှင့်ဆက်နွှယ်လာသည့်အိမ်နီးချင်းနိုင်ငံကျန်းမာရေးဆိုင်ရာ အကျပ်အတည်းကို ဆွေးနွေးလိုခြင်းဖြစ်သည်။

### ကျန်းမာရေးနှင့်ဆက်စပ်သည့်ကုန်သွယ်ရေး

လက်ရှိကာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်သည့် ဝူဟန်အဆုတ်ရောင်ရောဂါခေါ် Coronavirus disease ကြောင့် တရုတ်နိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းနှင့်ရင်ဆိုင်နေရပြီး လွယ်ကူစွာကူးစက်နိုင်သဖြင့် တရုတ်နိုင်ငံအတွင်းခရီးသွားလာရေးများရပ်ဆိုင်းခြင်း၊ လုပ်ငန်းများရပ်ဆိုင်းခြင်း၊ စီးပွားရေးလုပ်ငန်းများရပ်ဆိုင်းလုဖြစ်ခြင်း၊ ဆေးရုံများပင် ချက်ချင်းဆောက်လုပ်နေရခြင်းစသည့်အကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းနေရသည်ကိုသိရှိကြပြီးဖြစ်သည်။ ကူးစက်မြန်ရောဂါတစ်ခုဖြစ်နေသဖြင့် ဖေဖော်ဝါရီ ၁ ရက်နံနက်ပိုင်းထုတ်ပြန်ချက်များအရ တရုတ်နိုင်ငံပြင်ပ နိုင်ငံပေါင်း ၂၆ နိုင်ငံသို့ ရောက်ရှိကူးစက်မှုများရှိသည်ကို တွေ့ရှိနေရသည်။ အထူးသဖြင့် ကုသရန် ဆေးဝါးမည်မည်ရရမရှိခြင်းသည်လည်း အဓိက ကြောက်ရွံ့ဖွယ်ရာဖြစ်နေပါသည်။ အဆိုပါအခြေအနေတွင် မြန်မာ နိုင်ငံသည် တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသကဲ့သို့ တရုတ်နိုင်ငံသည်မြန်မာနိုင်ငံ၏ထိပ်တန်း ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်သည်။ တရုတ်နိုင်ငံမှ ခရီးသွားများ၊ ကုန်သည်များလုပ်ငန်းရှင်များ၊ အလုပ်သမားများလည်း ကူးလူးသွားလာမှုရှိခြင်းကြောင့် အထူးသတိထားရမည့်အခြေအနေဖြစ်သည်။ တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေးကိုအဓိကပြုလုပ်သော မူဆယ်နယ်စပ်ကုန်သွယ်မှု အခြေအနေသည် လက်ရှိတွင် ရပ်ထားရသည့်အနေအထားမျိုးဖြစ်ပေါ်နေပါသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေး၏ ယခင်ကပုံမှန်ကုန်သွယ်မှု အခြေအနေကို လေ့လာကြည့်ခြင်းဖြင့်ရပ်တန့်လျက်ရှိသော အခြေအနေကြောင့် ကုန်သွယ်မှု ကျဆင်းနိုင်ခြေကိုခန့်မှန်းကြည့်ရန်လိုမည် ထင်ပါသည်။ ထို့ပြင် အဆိုပါအခြေအနေကို မည်ကဲ့သို့ဖြေရှင်းနိုင်မည်ကိုလည်း စဉ်းစားသုံးသပ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

### နယ်စပ်ကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏသည် ၃၅ ဒသမ ၀၂၀ ဘီလီယံကျော်ရှိပါသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်သွယ်မှုပမာဏသည်အမေရိကန်ဒေါ်လာသန်းပေါင်း ၄၉၁၇ ဒသမ ၉၇၆ ရှိပြီး ပို့ကုန်ပမာဏမှာ၃၁၅၆ ဒသမ ၄၁၉ရှိကာသွင်းကုန်ပမာဏမှာ ၁၇၆၁ ဒသမ ၅၅၇ ရှိသည်ကိုတွေ့ရသည်။ ဆိုလိုသည်မှာ မူဆယ်စခန်း၏ ကုန်သွယ်မှုပမာဏသည်မြန်မာနိုင်ငံတစ်ခုလုံးကုန်သွယ်မှုပမာဏ၏ ၁၄ရာခိုင်နှုန်းရှိသည်ကိုတွေ့ရသည်။ အခြားသော တရုတ်နှင့် ကုန်သွယ်မှုပြုသောနယ်စပ်ကုန်သွယ်မှုစခန်းများမှာလွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီတို့ဖြစ်ပြီး အဆိုပါစခန်းများတွင် လွယ်ဂျယ်မှာ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၈၉၃ သန်း၊ ချင်းရွှေဟော်မှာ ၅၄၁ ဒသမ ၅၉၃ သန်းနှင့်ကန်ပိုက်တီမှာ ၂၉၆ ဒသမ ၄၄၈ သန်းရှိကြသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ တရုတ်နှင့်နယ်စပ်ကုန်သွယ်မှုပြုလုပ်သောစခန်းလေးခု၏ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၅၉၀၀ ဒသမ ၉၁သန်းရှိပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏစုစုပေါင်းပေါ်တွင် ၁၆ရာခိုင်နှုန်းရှိသည်။ အဆိုပါကိန်းဂဏန်းအရ တစ်လအတွက် တရုတ်နှင့်နယ်စပ် ကုန်သွယ်မှုပမာဏသည်ပျမ်းမျှအားဖြင့်အမေရိကန်ဒေါ်လာ ၄၉၁ ဒသမ ၇၄သန်းရှိပါသည်။ အဆိုပါပမာဏမှာမနည်းလှသောအခြေအနေဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ဆိုလိုသည်မှာ မူဆယ်အပါအဝင် တရုတ်နှင့်နယ်စပ်ကုန်သွယ်မှုတစ်လမပြုလုပ်ပါကပို့ကုန် သွင်းကုန်နှစ်ရပ်ပေါင်းသည် ဒေါ်လာသန်းပေါင်း ၄၉၀ကျော်လျော့နည်းသွားမည်ဖြစ်ပါသည်။အဆိုပါအခြေအနေသည်ခေတ္တသာဖြစ်ပွားပါကကုန်သွယ်မှု ပမာဏကျဆင်းသည်ကိုထိန်းသိမ်းနိုင်မည်ဖြစ်သော်လည်း တစ်လနှစ်လတန်သည်နယ်စပ်ကိုဖြတ်၍ကုန်သွယ်မှုလျော့နည်းပါကမြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏကိုထိခိုက်လာမည်ဖြစ်ပါသည်။အထူးသဖြင့် တရုတ်နယ်စပ်ကုန်သွယ်မှုကိုမှီခိုနေသော ကုန်သည်လုပ်ငန်းရှင်များ၊ သစ်သီးဝလံတင်ပို့သူများအတွက် ထိခိုက်မှုများရှိလာနိုင်ပါသည်။သို့ဖြစ်၍ ခေတ္တရပ်တန့်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ကာလရှည်ကြာလာလျှင် ကုန်သွယ်မှုပုံစံ၊ ကုန်သွယ်မှုဆက်ဆံရေး များကိုပါပြောင်းလဲရန် စီမံခန့်ခွဲမှုများလိုအပ်မည်ဖြစ်ပါသည်။

## မျိုးသူ(ကုန်သွယ်မြှင့်)

### ပုပ်သိုးပျက်စီးလွယ်သည့်သစ်သီးဝလံနှင့်ရေထွက်ကုန်ပစ္စည်းများ

လက်ရှိကာလတွင် ပုပ်သိုးပျက်စီးလွယ်သောဖရဲသခွားမွှေးသီးများ တင်ပို့သည့်ကာလဖြစ်ခြင်း၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့နေခြင်းများနှင့်ပတ်သက်ပြီး အရေးတယူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဖရဲသခွားမွှေးသီးများတွင် ဖရဲသီးမှာတစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်းပေါင်း ၆၀ခန့်တင်ပို့မှုရှိသဖြင့်တစ်လလျှင် တင်ပို့သည့်ပျမ်းမျှတန်ဖိုးမှာအမေရိကန်ဒေါ်လာ ၅ သန်းကျော်ရှိမည်ဖြစ်ပါသည်။ အဆိုပါတန်ဖိုးသည် လျော့နည်းသွားနိုင်သည့်ကိန်းဂဏန်းဖြစ်သည့်အပြင် မူလကပင် ဖရဲစိုက်ပျိုးသူများသည် တရုတ်ဈေးကွက်အတွက်သာရည်ရွယ်စိုက်ပျိုးကြခြင်းဖြစ်သဖြင့် ပြည်တွင်းဈေးကွက်တစ်ခုတည်းဖြင့် ထိန်းနိုင်မည့်အခြေအနေဖြစ်ရန် မလွယ်ကူပါ။ သို့ဖြစ်၍ ယခုကာလအတွင်း ထွက်ပေါ်နိုင်သည့်ဖရဲသီး အခြေအနေများကိုတွက်ချက်စာရင်းကောက်ယူပြီး မည်သို့ဆောင်ရွက်မည်ကို သက်ဆိုင်သည့်အစိုးရဌာနများ၊ ဖရဲသခွားမွှေးအသင်း၊ သစ်သီးဝလံဟင်းသီးဟင်းရွက်နှင့်ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ တောင်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားရန်လိုအပ်ပါမည်။ ပြည်တွင်းဈေးကွက်တွင်ဖြန့်ဖြူးနိုင်ရေး အခြားအိမ်နီးချင်းဈေးကွက်များသို့တင်ပို့နိုင်ရန်ပူးပေါင်းညှိနှိုင်းပေးခြင်း စသည်တို့ကိုဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်ဇန်နဝါရီ ၁၇ရက်အထိမူဆယ်နယ်စပ်စခန်း၏ ကာလတူ (၁-၁၀-၂၀၁၉မှ ၁၇-၁-၂၀၂၀ထိ နှင့် ၁-၁၀-၂၀၁၈ မှ ၁၇-၁-၂၀၁၉ ထိ ) နှိုင်းယှဉ်ကုန်သွယ်မှုပမာဏကိုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှလေ့လာကြည့်ရာ အမေရိကန်ဒေါ်လာသန်းပေါင်း ပမာဏဖြင့်ဆိုလျှင်အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| ယခုနှစ်ပို့ကုန် | ယခုနှစ်သွင်းကုန် | ယခုနှစ်ပမာဏ |
|---|---|---|
| ၁၀၆၉. ၈၇၂ | ၆၀၃. ၉၄၉ | ၁၆၇၃. ၈၂၁ |
| **ယခင်နှစ်ပို့ကုန်** | **ယခင်နှစ်သွင်းကုန်** | **ယခင်နှစ်ပမာဏ** |
| ၆၇၇. ၆၂၉ | ၅၀၇. ၇၆၅ | ၁၁၈၅. ၃၉၄ |

ယခုနှစ်အခြေအနေမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၇ရက်ထိ ယခင်နှစ်ကာလတူပမာဏထက် ကောင်းမွန်နေသော်လည်း ယခုလက်ရှိတွင် တရုတ်နှစ်သစ်ကူးချိန်မှစတင်ပြီး နယ်စပ်ကုန်သွယ်မှုသည် ခေတ္တရပ်တန့်နေသည်မှာ ယခုထိဆိုလျှင် တစ်ပတ်ခန့်ရှိလာပြီဖြစ်သဖြင့် တရုတ်ကုန်သွယ်မှု ကျဆင်းမသွားရေးအတွက်အပြင် မြန်မာကုန်သည်များ၊ အထူးသဖြင့်ပုပ်သိုးပျက်စီးလွယ်သောအသားငါးများနှင့် သစ်သီးဝလံဟင်းသီးဟင်းရွက်ရောင်းချမည့်သူများအတွက်စဉ်းစားသုံးသပ်ပေးရန်လိုအပ်လျက်ရှိပြီဖြစ်ပါသည်။

### စဉ်းစားရန်အချက်

တောင်သူများ၊ ကုန်သည်များအနေဖြင့် မူဆယ် နယ်စပ်ကုန်သွယ်မှုသည် ယခင်ကအဆင်ပြေချောမွေ့ခဲ့မည်ဖြစ်သော်လည်း ၂၀၁၈ ခုနှစ်မှစတင်ပြီး ဆန်၊ ပြောင်းများ တင်ပို့မှုခက်ခဲခြင်း၊ ကျိန်စမ်းကြော့ဂိတ်ပိတ်သဖြင့် ဖရဲတင်ပို့သူများ အခက်အခဲဖြစ်ခြင်း၊ ဂုတ်တွင်းတံတား ဖျက်ဆီးခံရသဖြင့် ခေတ္တကုန်သွယ်မှုတုန့်ဆိုင်းခဲ့ခြင်းစသည့်အခက်အခဲများကိုဆက်တိုက်ကြုံတွေ့လာရသည်ကို တွေ့မြင်နေရသည်။ နိုင်ငံတော်အနေဖြင့်နိုင်ငံတော်အတိုင်းအတာဖြင့် ဆန်၊ ပြောင်းနှင့် သစ်သီးဝလံများ တရုတ်နိုင်ငံသို့တင်ပို့နိုင်ရေး၊ အသားစားနွား၊ ငါး၊ ပုစွန်၊ ခရုများ ပိုမိုတင်ပို့နိုင်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း အသင်းအဖွဲ့များဖြင့် ပူးပေါင်းကာပုံမှန်ကုန်သွယ်နိုင်ရေးကိုဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များနှင့် တောင်သူများအနေဖြင့် မမျှော်လင့်သောအခက်အခဲများကိုဖြေရှင်းနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ထားသင့်သည်များကိုလည်း စဉ်းစားထားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် တောင်သူများအတွက် ယခုကဲ့သို့မမျှော်မှန်းနိုင်သောအခြေအနေမျိုး ကြုံတွေ့လာပါက အရင်းအနှီးမဆုံးရှုံးရေးအတွက်သီးနှံများကိုအာမခံထားသည့်စနစ်မျိုးကိုဘဏ်များ၊ငွေကြေးဆိုင်ရာ အာမခံဌာနများမှဆောင်ရွက်ပေးသင့်သောအခြေအနေလည်းဖြစ်ပါသည်။ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်ရန်နှင့်စားသုံးသူပြည်သူများကလည်း တောင်သူ များ၏ အခက်အခဲကိုကိုယ်ချင်းစာသောအားဖြင့် ပိုမိုဝယ်ယူအားပေးရေးကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။ပြည်တွင်းဈေးကွက်တွင် သယ်ယူပို့ဆောင်မှုစရိတ်သက်သာရေး၊ လွယ်ကူစွာရောင်းချနိုင်ရေးများကိုပါ စီစဉ်ဆောင်ရွက်ပေးခြင်းများကိုအစိုးရ၊ အသင်းအဖွဲ့နှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် ပုပ်သိုးပျက်စီးလွယ်သောသီးနှံများ၊ ရေထွက်ကုန်များအတွက်အခက်အခဲရှိလာမှုကို အမြန်ဆုံးပူးပေါင်းအဖြေရှာရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

## ယခုတစ်ပတ် ဒီဇယ်၊ဓာတ်ဆီတန်ချိန် ၁၆၀၀၀၀ကျော်ဝင်

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၉၉၉၈၇၅၁ တန်ဖိုးရှိ ဓာတ်ဆီ ၉၂၄၂၆ ဒသမ ၇၄ တန်နှင့် အမေရိကန်ဒေါ်လာ ၄၁၉၄၆၀၃၀ တန်ဖိုးရှိ ဒီဇယ် ၆၈၂၅၃ ဒသမ ၇၅ တန်၊ စုစုပေါင်းဒီဇယ်၊ ဓာတ်ဆီ ၁၆၀၆၈၀ ဒသမ ၄၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ်တန်ချိန် ၇၁၇၇၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၅၁၀ ကျော်အဝင်လျော့နည်းခဲ့ပြီး ယခင်သီတင်းပတ်ကဓာတ်ဆီတန်ချိန် ၃၄၂၅၀ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၈၁၇၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ယခုတစ်ပတ် ဒီဇယ်အဝင်လျော့ခဲ့ပြီး ဓာတ်ဆီအဝင်ပိုခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၉၇၄၆ တန်ဖိုးရှိ ဒီဇယ် ၂၅၀ ဒသမ ၂၀ တန်နှင့် အမေရိကန်ဒေါ်လာ ၆၅၀၃၂ တန်ဖိုးရှိ ဓာတ်ဆီ ၁၂၂ ဒသမ ၃၇ တန်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၈၂၇၃၇၅ တန်ဖိုးရှိ ဒီဇယ် ၃၀၆၉ ဒသမ ၅၈တန်ကိုလည်းကောင်း တင်သွင်းခဲ့သည်။

**သီတာဝင်း(DOT)**

## သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဇန်နဝါရီ ၂၅ရက်မှ၃၁ရက်အထိ ဖြစ်ပေါ်ခဲ့သောသစ်သီးဝလံဈေးနှုန်းများမှာ ခရမ်းနှင့်တောင်ငူမှဖရဲ(၂၁၁)အကြီးတစ်လုံးကျပ် ၂၀၀၀၊ အလတ်ကျပ်၁၅၀၀၊အသေး ကျပ် ၁၀၀၀ ၊ ဖရဲ (၈၅၅) အကြီးတစ်လုံးကျပ် ၄၀၀၀၊ အလတ်ကျပ် ၃၀၀၀၊ အသေးကျပ် ၁၀၀၀၊ဖရဲ (အစေ့လွတ်) အကြီးတစ်လုံးကျပ် ၂၀၀၀၊ အလတ်ကျပ် ၁၅၀၀၊ အသေး ကျပ် ၁၀၀၀နှင့်မန္တလေးမှ ဂွေးသီး အကြီးတစ်လုံးကျပ်၄၀၊ အလတ်ကျပ် ၃၀၊အသေးကျပ် ၂၀ တို့ရှိကြောင်းသိရသည်။မှော်ဘီ၊ တိုက်ကြီးမှ ကီလိုမာလကာအလုံးကြီးတစ်လုံး ကျပ် ၃၀၀၊ အလတ်တစ်လုံးကျပ် ၂၀၀၊ အသေးတစ်လုံး ကျပ်၁၀၀၊တိုက်ကြီးမှ ကျွဲကော(ပန်းရောင်) အလုံးကြီးတစ်လုံးကျပ်၂၀၀၀၊ အလတ်ကျပ် ၁၅၀၀၊ အသေး ကျပ် ၁၀၀၀၊ကျွဲကော(အဖြူ) အလုံးကြီးတစ်လုံး ကျပ် ၁၅၀၀၊ အလုံးလတ်ကျပ် ၁၂၀၀၊ အလုံးသေး ကျပ် ၉၀၀ ဈေးတို့အသီးသီးရှိကြောင်းသိရသည်။ အောင်ပန်းမှလိမ္မော်သီး အလုံးကြီး တစ်ပိဿာ ကျပ် ၁၄၀၀ ၊ အလတ်ကျပ် ၁၁၀၀၊ အသေး ကျပ်၇၅၀၊ ပြင်ဦးလွင်မှစတော်ဘယ်ရီ ၅ ပိဿာ၅၀ကျပ်သားတစ်ခြင်း ကျပ် ၇၀၀၀၊ဆီးသီး (အစေ့လွတ်) ကိုးပြည်တစ်ခြင်း ကျပ် ၆၀၀၀၊ ဘုရားကြီး၊ဒိုက်ဦးမှ စိမ်းစားဥ အလုံးကြီး တစ်တွဲကျပ် ၅၀၀၊ အလတ်ကျပ် ၄၅၀၊ အသေးကျပ် ၄၀၀ နှင့်မြစ်သား၊ကျောက်ဆည်မှပဲမြစ်တစ်ပိဿာ(အကြီး) ကျပ် ၃၀၀၀၊ အလတ်ကျပ် ၂၅၀၀၊ အသေးကျပ် ၂၀၀၀ ဈေးတို့ရှိသည်။

ကျိုက်လတ်၊ ဖျာပုံမှနှင်းသီး အလုံးကြီး (၁၈၀) ပါတစ်ခြင်း ကျပ် ၁၁၀၀၀၊ အလုံးအလတ် (၂၀၀)ပါ တစ်ခြင်း ကျပ် ၁၀၀၀၀၊ တွံတေးမှ သခွားမွှေး (သခမသီး)အလုံးကြီး ၁၅ လုံးပါတစ်ခြင်း ကျပ် ၁၀၀၀၀၊ အလတ် ၂၅ လုံးပါ တစ်ခြင်း ကျပ် ၁၀၀၀၀၊ အသေး ၄၅ လုံးပါတစ်ခြင်း ကျပ် ၁၀၀၀၀၊ သခွားမွှေး (ပိုက်သခွား)အလုံးကြီးတစ်လုံး ကျပ် ၁၂၀၀၊ အလတ်ကျပ် ၁၀၀၀၊ အသေး ကျပ် ၈၀၀ နှင့်ပီလောပီနံတစ်ပိဿာကျပ် ၈၀၀ ဈေးတို့ အသီးသီးရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP)မှသိရသည်။

**West DOCA(YGN)**

## Energy NYMEX 31-1-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.04 | 0.90 | 1.73 |
| Brent Crude Futr (USD/bbl) | 59.35 | 1.06 | 1.82 |
| Gasoline Rbob Fut (Cent/gal) | 151.97 | 2.60 | 1.74 |
| Natural Gas Futr (USD/MMBtu) | 1.82 | -0.01 | -0.66 |
| Heating Oil Futr (Cent/gal) | 163.96 | -6.39 | -3.75 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 27-January | 18.20 | 2379.66 | 1780.61 | 5980.55 | 995.00 |
| 28-January | 18.00 | 2288.85 | 1759.23 | 5749.35 | 988.00 |
| 29-January | 17.43 | 2285.11 | 1743.14 | 5759.49 | 989.00 |
| 30-January | 17.57 | 2250.95 | 1718.68 | 5623.95 | 966.00 |
| 31-January | 17.83 | 2237.06 | 1720.66 | 5638.49 | 978.00 |

## ခေါင်းမဖော်နိုင်သေးသည့် ပြည်တွင်းငွေလဲနှုန်း

၂၀၂၀ ပြည့်နှစ် နှစ်စပိုင်းတွင် ပြည်တွင်းငွေလဲနှုန်းဈေးကွက်က အကျဘက်ကို ဦးတည်နေပြီး ယခုထက်ထိ ခေါင်းမဖော်နိုင်သေးကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ အကျဘက်ကိုဦးတည်သည်ဟုဆိုရာတွင် တစ်ပတ်နှင့်တစ်ပတ်ဈေးအဆမတန်ကွာသွားခြင်းမျိုးမရှိဘဲအတက်အကျအနည်းငယ်ဖြင့်သာဈေးက စားနေခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီလ၏ နောက်ဆုံးပတ်တွင်မူ ဈေးငြိမ်ပြီးမှသာ အနည်းငယ် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။လက်ရှိတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇန်နဝါရီ ၃၀ ရက်အတွက် ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ် ဒေါ်လာလျှင် ၁၄၆၅ ကျပ် သတ်မှတ်ထားပြီး ဈေးကွက်အနေအထားအရ အနည်းငယ်ကျဆင်းမှုသာ ရှိခဲ့ကြောင်း သိရသည်။

'ငွေလဲနှုန်းက တအားငြိမ်နေ တယ်။ ပိုဆိုးတာက စီးပွားရေးပိုင်းကို ကြည့်ရင်လည်း နိုင်ငံခြားငွေကြေးစီးဆင်းမှုက မရှိသလောက်ဘဲ။ ဒီကြားထဲ ဝူဟန်ကေ့စ်ကြောင့် ပြည်ပခရီးသွားမှာ အနည်းနဲ့အများတော့ ထိမှာပဲ။ အဲဒါကြောင့် ငွေဈေးက ဆက်ကျနေဦးမယ်လို့ သုံးသပ်ရမယ်။ ကုန်သည်တွေကတော့ အရောင်းအဝယ်ဖြစ်ကြမယ်။ သူတို့အတွက်က ဈေးငြိမ်တော့ တွက်ခြေကိုက်တယ်။ ခန့်မှန်းပြီး လုပ်ရှားရလွယ်တယ်'ဟုပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၂၉ ရက်က အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၄၆၈ ကျပ်၊ ဝယ်ဈေး ၁၄၆၄ ကျပ်မှ ဇန်နဝါရီ ၃၀ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၆၈ ကျပ်၊ ဝယ်ဈေး ၁၄၆၁ ကျပ်သို့ ရောက်ရှိခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၄၆၇ကျပ်၊ ဝယ်ဈေး ၁၄၆၃ကျပ်ရှိကာ ယခင်ရက်သတ္တပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

**ချောစု**

## တက်ပြီးရင်းတက်နေသည့် ပြည်တွင်းရွှေ

ယခုနှစ်၏ ပြည်တွင်းရွှေဈေးကွက်၌ နှစ်ဆန်ပိုင်းကတည်းက မြင့်တက်လာခဲ့သည်မှာ ဇန်နဝါရီ နောက်ဆုံးပတ်တွင် ကျပ် ၁၂၂၀၀၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ရွှေဈေးမြင့်တက်လာမှုနှင့်အတူ ဈေးကွက်၏ရောင်းလိုအားမှာလည်း အနည်းငယ်မြင့်တက်လာကြောင်း ဈေးကွက်ကျွမ်းကျင်သူများ၏ သုံးသပ်ချက်အရ သိရသည်။ လတ်တလော ပြည်တွင်းရွှေဈေးကွက်အနေအထားအရ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၃၅၀၀ ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်သည့်ထုတ်ပြန်ချက်အရ သိရသည်။

'ရွှေဈေးက တက်နေတယ်ဆိုပေမယ့် သိသိသာသာ မြင့်တက်သွားတာတော့ မဟုတ်ဘူး။ တစ်ပတ်နဲ့တစ်ပတ်ကို တစ်သောင်းကျော်လောက်ပဲဈေးက ကွာတယ်။ နောက်ပြီး ဝယ်လိုအားကလည်း ပုံမှန်ရာသီချိန်လိုဖြစ်နေတော့ အဝယ်တော့ မပျောက်သွားဘူး။ နှစ်လပိုင်းကုန်အထိ စောင့်ကြည့်ရမယ့်အခြေအနေပဲ။ အခုက အနေအထားက ပြည်တွင်းဈေးကွက်ကိုပဲ အားကိုရတဲ့ အနေအထားဖြစ်နေတယ်' ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၂၉ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၁၅၀၀ ဈေး ရှိခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင်ကျပ်၁၂၂၅၅၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ ဇန်န ဝါရီ ၃၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၂၅၀၀ ဈေးရှိခဲ့ပြီး ယခုရက်သတ္တပတ်အတွင်း ကြည့်မည်ဆိုပါက ဈေးနှုန်းပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ ဇန်နဝါရီ ၂၉ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၂ ရှိခဲ့ရာမှ ဇန်နဝါရီ ၃၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၈၀ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး ဇန်န ဝါရီ ၃၁ ရက်တွင်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၂ ဈေးရှိခဲ့ကြောင်း သိရသည်။

**ချောစု**

## ပြီးခဲ့သည့်သုံးနှစ်အတွင်း စတော့ရှယ်ယာရောင်းဝယ်မှု ဘီလီယံ ၁၃၀ ကျော်ရရှိ

ပြီးခဲ့သည့် သုံးနှစ်အတွင်းတွင် (၂၀၁၆-၂၀၁၉) စတော့ရှယ်ယာဈေးကွက်၌ ရှယ်ယာရောင်းဝယ်မှုတန်ဖိုးမှာ ဘီလီယံ ၁၃၀ကျော်အထိ ရရှိခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ရရှိခဲ့သည့်အတွက် ယခုနှစ်၏ ရှယ်ယာဈေးကွက်ပမာဏမှာ ပိုမိုကောင်းမွန်လာနိုင်ကြောင်း စတော့ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောဆိုကြသည်။

'ဒီနှစ်မှာက စတော့ရှယ်ယာဈေးကွက် တိုးတက်လာမယ်လို့ ခန့်မှန်းထားပေမယ့် တစ်ရှိန်ထိုး တိုးတက်ဖို့တော့ မဖြစ်နိုင်ပါဘူး။ ဘာလို့လည်းဆိုတော့ တည်ထောင်တဲ့သက်တမ်းက နည်းနေတဲ့အတွက် တဖြည်းဖြည်းပဲ တိုးတက်လာမှာပါ'ဟု ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်က ပြောသည်။

ဈေးကွက်သုံးသပ်သူများကမူ ယခုနှစ်အတွင်း စတော့ဈေးကွက်သို့ ပြည်တွင်းမှ ကုမ္ပဏီများ ထပ်မံဝင်ရောက်မည့်အပြင် နိုင်ငံခြားသား စတော့ရှယ်ယာ ရောင်းဝယ်ခွင့်များ ဝင်ရောက်လာမည့် အခြေအနေများကြောင့် ဈေးကွက်တိုးတက်လာနိုင်မည်ဟု ခန့်မှန်းခြင်းဖြစ်ကြောင်း၊ YSX အနေဖြင့်လည်း စတော့ဈေးကွက် ပိုမိုကောင်းမွန်ရန်နှင့် စာရင်းဝင်ကုမ္ပဏီ ပိုမိုတိုးတက်ရန် အဓိကထား လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

## Currency Exchange Rate

January 31, 2020
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.49 |
| BDT | Bangladesh Taka | 84.80 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.93 |
| EUR | Euro | 0.91 |
| HKD | Hong Kong Dollars | 7.77 |
| INR | India Rupees | 71.50 |
| IDR | Indonesia Rupiahs | 13671.79 |
| JPY | Japan Yen | 109.03 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 154.46 |
| PHP | Philippines Pesos | 50.88 |
| RUB | Russia Rubles | 63.32 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1192.26 |
| LKR | Sri Lanka Rupe | 181.39 |
| THB | Thailand Baht | 30.15 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23227.30 |

*Source:xe.com*

## World Gold Price

January- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 27 | 1583 | 1582 | 1582 |
| 28 | 1582 | 1581 | 1581 |
| 29 | 1570 | 1569 | 1569 |
| 30 | 1583 | 1582 | 1582 |
| 31 | 1579 | 1576 | 1577 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 27-1-2020 | 1226.50 | 1226.00 |
| 28-1-2020 | 1225.50 | 1225.00 |
| 29-1-2020 | 1220.00 | 1220.00 |
| 30-1-2020 | 1226.50 | 1225.50 |
| 31-1-2020 | 1225.00 | 1224.40 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 27 | 6.93 | 30.65 | 84.87 | 71.14 |
| 28 | 6.93 | 30.88 | 84.83 | 71.20 |
| 29 | 6.94 | 30.94 | 84.85 | 71.23 |
| 30 | 6.94 | 31.24 | 84.85 | 71.48 |
| 31 | 6.93 | 31.15 | 84.80 | 71.50 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၆၀၀နီးပါးဝင်

ဇန်နဝါရီ ၁၉ ရက် မှ ၃၁ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၈၂၆၃ တန်ဖိုးရှိ ဘိလပ်မြေ၅၈၃ ဒသမ ၁၈၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ ၃၀၄ ဒသမ ၅၄၁ တန်နှင့်မလေးရှားနိုင်ငံမှ ၂၇၈ ဒသမ ၆၄ တန်တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ ၂၅ တန်ကျော်သာတင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၅၀ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၈ ရက် မှ ၂၅ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၄၇၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၆၇၀၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၇၂၂၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ရေကြောင်းလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့သည်။



# မော်လမြိုင်ဘိလပ်မြေဈေးကွက်အရောင်းအဝယ်သွက်

**မန္တလေးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင်ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၄၈၀၀၊ခရောင်း (၅၂၅) ကျပ် ၅၂၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၇၀၀ ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းသွက်ပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင်(စိမ်း) ကျပ် ၅၅၀၀၊ ဆင်မြန်မာကျပ် ၅၆၅၀၊ ကြံ့တစ်ကောင် (မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (နီ)ကျပ်၅၆၅၀၊ ကြံ့နှစ်ကောင် (ပြာ) ကျပ် ၅၄၅၀၊ မြင်းခေါင်း ကျပ် ၅၆၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် နဂါးဘိလပ်မြေကကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီကျပ် ၄၆၀၀၊ ကမ္ဘောဇကျပ် ၄၅၀၀၊ ကြံ့ကျပ်၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀၊ နဂါးကျပ် ၄၅၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပါးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၀၀၀၊ အယ်လ်ဖာကျပ် ၅၉၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၁၅၀၀၀ နီးပါဝင်

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၁၂၄၃၆ တန်ဖိုးရှိမြေသြဇာ ၁၄၁၅၀ ဒသမ ០၆၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၂၃၇ ဒသမ ၅ တန်၊ ကနေဒါနိုင်ငံမှတန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၃၆၃၉ ဒသမ ၇၅ တန်၊ အီဂျစ်နိုင်ငံမှ ၆၈၆ ဒသမ ၂၄ တန်၊ ဂျာမနီနိုင်ငံမှ ၂၆၉၇ ဒသမ ၆၅ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၆ တန်၊ အီရန်နိုင်ငံမှ ၁၀၃၂ တန်၊ ကိုရီးယားနိုင်ငံမှ ၉၀၂ ဒသမ ၉၂၀ တန်၊ မလေးရှားနိုင်ငံမှ ၂၄ တန်၊ ရုရှားနိုင်ငံမှ ၁၇၉၂ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၁၀၃၂ တန်နှင့် ဗီယက်နမ်နိုင်ငံမှတန်ချိန် ၁၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ ပိုတက်၊ ယူရီးယား(၄၆%)(အီးဂဲလ်)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ဘိုးရစ်အက်ဆစ်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ အမိုးနီးယမ်းဖော့စဖိတ်၊ ကွန်ပေါင်း(ရွှေပျား)၊ ကွန်ပေါင်း(၁၆း၁၆း၈)၊ ကွန်ပေါင်း(၂၀း၂၀း၁၀) တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၂၇၆၀ ကျော် အဝင်ရှိခဲ့သောကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၃၉၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

# မော်လမြိုင်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၉၂၁၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၉၄၄၉တန်ကျော် ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင် တန်ချိန် ၂၃၀ ကျော် အဝင်ပိုခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်နှင့်တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး မန္တလေးနှင့်မကွေးမှာ အရောင်းအေးကြောင်းသိရသည်။

**မော်လမြိုင်ဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ်ပုလဲ-မြန်မာ(အမ်ပီအီး)ကဈေးကွက်ထဲပြန်ဝင်လာကြောင်း သိရသည်။ ပုလဲ-အကြီး(ထိုင်း) (မြင်းပျံ)က ကျပ် ၁၀၀၀၊ ကွန်ပေါင်း(၁၅)ပတ်လည်က ကျပ် ၄၀၀၀ဈေးကျပြီး ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)က၁၅၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများကဈေးငြိမ်နေသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း) မြင်းပျံကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း(အစိမ်း)(၁၅း၁၅း၁၅)(ထိုင်း)ကျပ် ၄၄၀၀၀၊ မြန်မာ့သြဘာ (ရွှေကောမတ်) ကျပ် ၃၉၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၈၀၀၀၊ ပိုတက် (အာမို) ကျပ်၃၂၀၀၀၊ တီစူပါ (၁၂း၁၃(မြားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ကွန်ပေါင်း (၄၆%) (စံပြ)ကျပ် ၄၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မန္တလေးဈေးကွက်၌** အရောင်းအဝယ်ပါးနေကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား(ပန်းဖူး)က အဖွင့်ဈေးမရှိဘဲ တီစူပါ(၄၆%)က ကျပ် ၂၀၀၊ မြားသီးစုံ၊ မြား(၁၅း၇း၈)၊ မြားကမ္ဘာနှင့်ပန်းသီးစုံက ကျပ် ၅၀၀၊ အာမို (၁၀း၁၀း၅) ကကျပ်၁၀၀ ဈေးမြင့်ပြီး အာမို(၁၅)ပတ်လည်က ကျပ်၃၀၀ ဈေးကျကာကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀၊ တီစူပါ (၄၆%-တရုတ်) ကျပ် ၂၂၅၀၀၊ မြားသီးစုံ ကျပ် ၁၇၀၀၀၊ ပန်းသီးစုံကျပ် ၁၇၀၀၀၊ အာမို (၁၀း၁၀း၅)က ကျပ် ၁၈၁၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၅၀၀၊ ပိုတက်ကျပ် ၂၇၀၀၀၊ မြားကမ္ဘာကျပ် ၁၇၀၀၀၊ မြား(၁၅း၉း၈)က ကျပ်၂၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရ သည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)က ကျပ် ၈၀၀ ဈေးမြင့်ပြီး ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)က ကျပ် ၁၄၀၀ ဈေးကျကာ ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ်၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၉၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၃၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၆၆၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြား ကမ္ဘာ (၁၅း၇း၈) ကျပ် ၂၂၅၀၀၊ တီစူပါ က ကျပ် ၂၅၅၀၀၊ ဇာမနီကျပ် ၂၁၅၀၀၊တောင်သူမကျပ်၁၉၀၀၀၊ တက်တိုးကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီ၊နို့မှုန့် အဝင်လျော့

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက် အတွင်း အမေရိကန်ဒေါ်လာ ၁၀၁၇၆၀ တန်ဖိုးရှိ နို့ဆီ ၉၉ ဒသမ ၂၁၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ပက်(ပ်)နို့ဆီတစ်မျိုးသာတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်ကနို့ဆီ တန်ချိန် ၄၃၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင်တန်ချိန် ၃၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ၁၂၀၃၅၃ တန်ဖိုးရှိနို့မှုန့် ၃၈၃ ဒသမ ၃၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန် နိုင်ငံမှ ၃၇၇ ဒသမ ၃၇၅ တန်နှင့် ဩစတြေးလျနိုင်ငံမှ ခြောက်တန် တင်သွင်းခဲ့သည်။ ယခင်တစ်ပတ်က နို့မှုန့် တန်ချိန် ၄၂၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့ခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၁ မှ ၂၄/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၁ မှ ၁၇/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၄.၅၀ | ၂.၀၀ | (+) | ၂၂.၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၅၀၀၀.၀၀ | ၇၆၀၀.၀၀ | (-) | ၂၆၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၄၇၅၀.၀၀ | (-) | ၄၇၅၀.၀၀ |
| ၈။ | မြိတ် | ၄၄၅၀.၀၀ | ၃၅၀၀.၀၀ | (+) | ၉၅၀.၀၀ |
| ၉။ | တမူး | - | ၈၅၂.၂၅ | (-) | ၈၅၂.၂၅ |
| | စုစုပေါင်း | ၉၄၇၄.၅၀ | ၁၆၇၀၄.၂၅ | (-) | ၇၂၂၉.၇၅ |

အေးအေးသန့်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၁ မှ ၂၄/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၁/၁ မှ ၁၇/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၄၆၃.၅၀ | ၁၃၁၃.၅၀ | (+) | ၂၁၅၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၇၁၇.၀၀ | ၆၈၁.၀၀ | (+) | ၃၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၉၅၃.၅၀ | ၇၃၂၅.၀၀ | (+) | ၂၃၇၁.၅၀ |
| ၄။ | ကန်ပိုက်တီ | ၆၀.၀၀ | ၁၃၀.၀၀ | (-) | ၇၀.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| ၉။ | တမူး | ၂၅.၀၀ | - | (+) | ၂၅.၀၀ |
| | စုစုပေါင်း | ၉၂၁၉.၀၀ | ၉၄၄၉.၅၀ | (+) | ၂၃၀.၅၀ |

ခင်မိုးသူ

# ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေအခန်း(၁၁)၊ ပုဒ်မ ၃၈-ခတွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားရှိပါသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များ သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်း အသီးသီးသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် တာဝန်ရှိပါသည်။

သို့သော်လည်း ၂၀၁၇ခုနှစ်အတွင်း ပြည်ပသို့ပို့ကုန်တင်ပို့ခဲ့ပြီး ယနေ့အထိ ပို့ကုန်ရငွေအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏သက်ဆိုင်ရာ ဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီ ၄၅၃ ခုရှိသည်ကို စိစစ်တွေ့ရှိရပါသည်။ (အသေးစိတ်ကုမ္ပဏီအမည်စာရင်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Website-www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပို့ကုန်ရငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းကြရန် နှိုးဆော်လိုက်သည်။ ယင်းကာလအတွင်း ထည့်သွင်းရန် ပျက်ကွက်သည့်ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာမှ သိုလှောင်ရုံလေးလုံးအား (မြေမပါ)အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

Lot -1 (က) မြဲစေ့-၄ (၆၀' x ၄၀' x ၁၂') (သွပ်၊ ပျဉ်၊ ပျဉ်)
Lot -2 (ခ) မြဲစေ့-၅ (၆၀' x ၄၀' x ၁၂') (သွပ်၊ ပျဉ်၊ ဝါး)
Lot -3 (ဂ) မြဲစေ့-၆ (၇၀' x ၄၅' x ၁၂') (သွပ်၊ ပျဉ်၊ ဝါး)
Lot -4 (ဃ) ဒ-၈၂/၉ (၈၀' x ၄၀' x ၁၂') (သွပ်၊ ဝါး၊ ဝါး)

၂။ အဆိုပါသိုလှောင်ရုံလေးလုံးအား ၁၃-၂-၂၀၂၀ ရက်နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ရုံးအမှတ်(၃)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်ဒါယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁-၂၅၀၄၃၂ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ စားသုံးသူရေးရာဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မားကျေးရွာအုပ်စုရှိ သိုလှောင်ရုံ သုံးလုံးအား (မြေမပါ)အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

Lot -1 SP-၂၇ (၈၀' x ၄၀' x ၁၂') (သွပ်၊ ဝါး၊ ပျဉ်)
Lot -2 SP-၂၈ (၈၀' x ၄၀' x ၁၂') (သွပ်၊ ဝါး၊ ပျဉ်)
Lot -3 SP-၂၉ (၈၀' x ၄၀' x ၁၂') (သွပ်၊ ဝါး၊ ပျဉ်)

၂။ အဆိုပါ သိုလှောင်ရုံသုံးလုံးအား ၁၃-၂-၂၀၂၀ ရက်နောက်ဆုံးထား၍ အဆိုပြုလျှောက်လွှာဝယ်ယူရမည်ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ရုံးအမှတ်(၃)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပြီး တင်ဒါ ယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကို ရောင်းချမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၄-၂၂၃၃၅၊ ၂၂၄၅၉ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မြစ်ကြီးနားမြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်နယ်ဦးစီးမှူး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စားသုံးသူရေးရာဦးစီးဌာန**

## ပြည်တွင်းဆီဈေးနှုန်းများ (၃၁-၁-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၀၀၀ | ▽ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မန္တလေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| ပဲခူး | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၂၀၀ | ၆၂၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၃၁-၁-၂၀၂၀ US$/Ton

| အမျိုးအစား | ဇန်နဝါရီတတိယပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၇၄၆.၅၀ | ၇၅၀.၅၀ | △ |
| **RBD P.Olein** | ၇၆၈.၅၀ | ၇၆၀.၀၀ | ▽ |
| **RBD P.Stearin** | ၇၆၀.၀၀ | ၇၄၉.၅၀ | ▽ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၁-၁-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၇၂.၆ါ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၄၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၈၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၁၀၂.၇၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၃၂ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၁၉ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၉၅၃.၁၈၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၃၁-၁-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 °C Max 740 ဒေါ်လာနှင့် USD ဈေး ၁၄၆၆ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၃၁-၁-၂၀၂၀ နေ့ ဝယ်ယူပြီးနောက်၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၆၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တမူးနယ်စပ်မှ အိန္ဒိယသို့ တစ်ပတ်အတွင်း တင်ပို့နိုင်ခဲ့သည့်ကုန်ပစ္စည်းအမျိုးအမည်နှင့်တန်ဖိုး

ဇန်နဝါရီ၁၈ရက်မှ ၂၄ ရက်အထိ တမူးနယ်စပ်မှ အိန္ဒိယသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် အခြားပစ္စည်းများတင်ပို့ခဲ့ကြောင်း သိရသည်။

လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော စားတော်ပဲ၊ ပြောင်းဖူးစေ့၊ ကွမ်းသီး၊ စွန်ပလွံခြောက်၊ ငရုတ်ကောင်းနှင့် ကြက်သွန်ဖြူတို့ဖြစ်ပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၀၁၁၊ ရေထွက်ပစ္စည်းများဖြစ်သော ငါးမျိုးစုံ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၀၀၅၊ စက်မှုကုန်ကြမ်းပစ္စည်းမှာ စီးကရက်၊ သကြားဖြူ၊ ဘိလပ်မြေနှင့်ဘိလပ်မြေအုတ်ဖြစ်ပြီးတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၆၃နှင့် နန့်ဖာလုံစျေးမှ အခြားပစ္စည်းများ တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၅၃ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတင်ပို့ခဲ့သည့် ပစ္စည်းများတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၇၃၂ တင်ပို့နိုင်ခဲ့သည်။

ယခင်တစ်ပတ်အတွင်း တင်ပို့ခဲ့သော ပို့ကုန်စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်းပေါင်း၂ ဒသမ ၂၅၂ဖြစ်ပြီး ယခုတစ်ပတ်အတွင်းမှာဒေါ်လာသန်းပေါင်း သုည ဒသမ ၅၂၀တန်ဖိုးလျော့နည်းခဲ့ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံ၏ ငွေလဲလှယ်မှုနှုန်းမှာ တစ်ရူပီးလျှင် မြန်မာငွေကျပ် ၁၉/၂၀ခန့်ရှိ ကြောင်းသိရသည်။

**ကြည်ကြည်နွယ်၊ ဇေယျာကုန်သွယ်မှုဇဟိုဌာန**

# အထူးနှုန်းထားဖြင့် ပြခန်းငှားရမ်းခရရှိမည့် စင်ကာပူ Food & Hotel Asia (FHA)-Food & Beverage ကုန်စည်ပြပွဲ

Food & Hotel Asia (FHA)-Food & Beverage ကုန်စည်ပြပွဲကို စင်ကာပူနိုင်ငံ(Singapore Expo)တွင် ၃၁-၃-၂၀၂၀ ရက်မှ ၃-၄-၂၀၂၀ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ပြီး မြန်မာကုမ္ပဏီများအနေဖြင့် Standard Package(၁ ဒသမ ၈)စတုရန်းမီတာအကျယ်ရှိသော ပြခန်း(4 BI-07) ကို မူလငှားရမ်းခနှုန်း စင်ကာပူဒေါ်လာ ၁၃၉၅၀ မှ ၅၀ ရာခိုင်နှုန်းအထူးလျှော့ဈေးဖြစ်သော စင်ကာပူဒေါ်လာ ၆၉၇၅ ဖြင့် ပါဝင်ပြသနိုင်မည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲကြီးတွင် အာရှစားသောက်ကုန်နှင့် အဖျော်ယမကာ(Food & Beverage) ကုန်စည်များကို ပြသမည်ဖြစ်ပြီး နိုင်ငံပေါင်း ၇၀ မှ ပါဝင်ပြသသူ ၂၀၀၀ နှင့် နိုင်ငံတကာ ပြခန်း ၅၄ ခန်း၊ နိုင်ငံပေါင်း ၁၀၀ မှ တက်ရောက်သူ ၄၈၀၀၀ အထိရှိကြောင်း ခန့်မှန်းသိရှိရသည်။

Business to Business(B2B)ပြပွဲကြီးဖြစ်သည့်အတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် နိုင်ငံတကာနှင့် လုပ်ငန်း အချင်းချင်း ထိရောက်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း အခွင့်အလမ်းများရရှိမည်ဖြစ်သောကြောင့် မြန်မာ့သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအပါအဝင် တန်ဖိုးမြင့်စားသောက်ကုန်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ငါးနှင့်ပင်လယ်စာများ၊ ကော်ဖီနှင့်လက်ဖက်ကုန်စည်များကို ပါဝင်ပြသနိုင်ပါက စင်ကာပူဈေးကွက်သာမက နိုင်ငံတကာဈေးကွက်များသို့ တိုးချဲ့ချိတ်ဆက်နိုင်သော အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။

Food & Hotel Asia သို့ ပါဝင်တက်ရောက်လိုသော ကုမ္ပဏီများအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၈၆၂၂၊ ၀၆၇-၃၄၀၈၆၀၈ သို့ ၅-၂-၂၀၂၀ ရက်ထက် နောက်မကျစေဘဲ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ထိန်လင်း** (MITC)

# ရေထွက်ကုန်ဖြစ်သည့် ခရု၊ ကမာနှင့် ဂုံးများ တိုးချဲ့မွေးမြူရေးလုပ်ငန်းများ တွန်းအားပေးသင့်



မြန်မာနိုင်ငံသည် ကီလိုမီတာ ၂၈၀၀ ကျော် ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားရှိပြီး အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်များနှင့် ထိစပ်လျက်ရှိသည်။

ကမ်းရိုးတန်းဒေသ တစ်လျှောက်လုံးတွင် ရေငန်ခရု၊ ကမာနှင့်ဂုံး စသည့်ရေသတ္တဝါများ ပေါက်ပွားနေထိုင်ကြသည်။ အဆိုပါ ရေထွက်ပစ္စည်းများအား ကမ်းရိုးတန်းဒေသတွင် နေထိုင်သူ အနည်းငယ်ကသာ စားသုံးကြသည့် အလေ့အထရှိသည်။ နိုင်ငံအတွင်းရှိ လူများစုမှာ အဆိုပါရေထွက်ပစ္စည်းများကို စားသုံးသည့် အလေ့အထ အလွန်နည်းကြသည်။

ဖော်ပြပါရေထွက်ပစ္စည်းများသည် နိုင်ငံတကာ ဈေးကွက်အားလုံး မှ ခုံမင်နှစ်သက်စွာ စားသုံးကြသည့် ရေသတ္တဝါများဖြစ်သည်။ တောင်အမေရိက၊ မြောက်အမေရိက၊ ဥရောပ၊ အာရှဒေသအားလုံးသည် ခရု၊ ကမာ၊ ဂုံးများကို နှစ်ခြိုက်စွာ စားသုံးကြသည့်အတွက် ကမ္ဘာလုံးဆိုင်ရာ ကြီးမားသောဈေးကွက်ရှိသည့် ရေထွက်ပစ္စည်းများဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှား အစရှိသည့် နိုင်ငံများသည် ခရု၊ ကမာ၊ ဂုံးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နိုင်ငံများအတွင်း စားသုံးသည့် ဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့်ရှိယုံသာမက ပြည်ပဈေးကွက်များသို့ ရေထွက်ပို့ကုန်ပစ္စည်းတစ်မယ်အဖြစ် တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါရေသတ္တဝါများကို သဘာဝမှသာ ဖမ်းယူစားသုံးကြ ခြင်းဖြစ်သည်။ အခြားနိုင်ငံများကဲ့သို့ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် စနစ်တကျ မွေးမြူရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ပါက နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်မည့် ရေထွက်ပို့ကုန် အမယ်တစ်မျိုး တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်းနှင့် ခရု၊ ကမာနှင့် ဂုံးမွေးမြူရေးလုပ်ငန်းသည် အစာကျွေးရန် မလိုအပ်သည့် မွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**ခိုင်သဥ္ဇာဦး၊ (မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# တရုတ်နှစ်ကူးနှင့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြန်မာမှတရုတ်တင်ပို့ ဖရဲ၊သခွား ဈေးကျ

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့သစ်သီးဝလံများနေ့စဉ်တင်ပို့လျက်ရှိရာ ဇန်နဝါရီ ၁ ရက်မှ ၂၇ရက်အတွင်း ဖရဲကား ၇၃၁၉ စီး၊ တန်ချိန် ၉၇၄၃၆ တန်၊ သခွား ၁၂၁၉ စီး ၁၀၉၉၉ တန်၊ ထိုင်ဝမ်ဆီးသီး ၃၇ စီး ၂၆၆ တန်တင်ပို့နိုင်ခဲ့သည်။ တင်ပို့နေသော သစ်သီးအမျိုးအစားများမှာ ဖရဲကျားသီး၊ ဖရဲဖြူသီး၊ အစေ့မဲ့ဖရဲ၊ ဖရဲအဝိုင်းကျားသီး၊ ပိုက်ကွက်သခွားပိုက်ကွက်သခွား(ဝူခုံး)၊ ရွှေသခွားနှင့် ထိုင်ဝမ်ဆီးသီးတို့ဖြစ်ကာ ယခုရက်သတ္တပတ်အတွင်း ဖရဲ၊သခွားဈေးကျကာ ဝူဟန်ကိုရိုနာဗိုင်းရပ်(စ်)ကြောင့် တင်ပို့မှုပုံမှန်အခြေအနေထက် လျော့နည်းခဲ့သည်။

ဇန်နဝါရီ ၁၉ ရက်မှစ၍ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် တောင်သူများနှင့် ကုန်သည်များ တရုတ်နှစ်ကူးပိတ်ရက်ဖြစ်သည့် ဇန်နဝါရီ ၄ရက်မှ၂၆ ရက်မတိုင်မီရောင်းချလိုသူများသည့်အတွက် ဖရဲကားအဝင်များပြီး နေ့စဉ်အရောင်းအဝယ် ပြုလုပ်နေသောသစ်သီးကားများ တရုတ်ပြည်တွင်းသို့ နေ့ချင်းပြီးဝင်ရောက်နိုင်ခြင်းမရှိဘဲ လမ်းပေါ်တွင် ကျန်ရှိနေသည့် အခြေအနေဖြစ်ပေါ်ခဲ့သဖြင့် ထိုအခက်အခဲကိုဖြေရှင်းရန် တရုတ်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဖရဲကား ဒရိုင်ဘာများအတွက် သီးသန့်ဦးစားပေးဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ချက်များ အဆင်ပြေခဲ့သော်လည်း တရုတ်ပြည်တွင် ဖြစ်ပေါ်နေသောဝူဟန်ကို ရိုနာဗိုင်းရပ်စ်ကြောင့် ယခင်အရောင်းအဝယ်ဖြစ်ခဲ့သောဖရဲကျားသီးတစ်တန်လျှင် ယွမ် ၃၀၀၀၊ မြန်မာငွေ ကျပ် ၆၃၆၀၀၀၊ ဖရဲဖြူသီးယွမ် ၂၅၀၀၊ ကျပ် ၅၃၀၀၀၀၊ ဖရဲအဝိုင်းကျားသီး ယွမ် ၃၅၀၀၊ ကျပ် ၇၄၂၀၀၀၊အစေ့မဲ့ဖရဲ ယွမ် ၃၅၀၀၊ ကျပ် ၇၄၂၀၀၀၊ရွှေသခွားယွမ် ၅၈၀၀၊ ကျပ် ၁၂၂၉၆၀၀၊ ပိုက်ကွက်သခွားမှာတစ် တန်ယွမ် ၅၀၀၀၊ ကျပ် ၁၀၆၀၀၀၀၊ ပိုက်ကွက်သခွား(ဝူခုံး) တစ်တန်ယွမ် ၆၀၀၀၊ ကျပ် ၁၂၇၂၀၀၀၊ ထိုင်ဝမ်ဆီးသီးတစ်တန် ယွမ် ၃၀၀၀၊ ကျပ် ၆၃၆၀၀၀ မှ ဇန်နဝါရီ ၂၇ ရက်ရောင်းကွက်တွင်တရုတ်ဝယ်လက်အဝင်နည်းပြီး ဈေးနှုန်းပျက်ကာ ဖရဲတစ် တန်ယွမ် ၂၀၀၀၊ ကျပ် ၄၁၆၀၀၀ ၊သခွားတစ်တန်ယွမ် ၃၆၀၀၊ ကျပ် ၇၄၈၈၀၀ အထိဈေးနှုန်းကျဆင်းသွားပြီး ဇန်နဝါရီ ၂၇ ရက် တွင်ဖရဲကား ၁၆၄ စီး၊ ၂၂၈၃ ဒသမ ၅ တန်၊သခွား ၃၃ စီး ၂၉၉ တန်၊ ဇန်နဝါရီ၂၉ ရက် တွင်ဖရဲ ၂၂၀ စီး၊ ၃၀၃၁ ဒသမ ၅ တန်၊သခွား ၃၉ စီး၊ ၃၀၇ တန်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ဝယ်လက်အဆင်းနည်းခြင်းကြောင့်ဈေးနှုန်းပျက်ကာ ဖရဲစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများနစ်နာမှု မရှိစေရန် အရှေ့မြောက်တံခါးအများပိုင်ကုမ္ပဏီနှင့် သစ်သီးဝလံကုန်စည်ဒိုင်တို့မှ သတိပေးကြေညာစာများထုတ်ပြန်ဆောင်ရွက်ခဲ့သဖြင့် ဖရဲစိုက်ပျိုးထုတ်လုပ်သူများနစ်နာမှုနည်းခဲ့ကြောင်း ဖရဲစိုက်ပျိုးထုတ်လုပ်တင်ပို့သူများထံမှသိရှိရသည်။

**ထွန်းမင်းထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဇဟိုဌာန)**

# မန္တလေး ကုလားပဲဈေးကွက် ဈေးငြိမ်နေ

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးကုန်စည်ဒိုင်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုလားပဲဈေးမှာ လှောင်လက်၊ လက်ကျန်များသာရှိ၍ ဈေးငြိမ်နေသည်။

ကုလားပဲဖြူ ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၈၃၀၀၀၊ (V7) ကျပ်၈၁၀၀၀၊ ယခင်တစ်ပတ် ကုလားပဲဖြူလုံးကြီး(V2) ကျပ် ၈၄၀၀၀၊ (V7) ကျပ် ၈၁၀၀၀ မှ ၈၂၀၀၀၊ ယခင်လ ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၈၃၀၀၀၊ (V7) ကျပ် ၈၁၀၀၀၊ ယခင်နှစ် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၇၃၀၀၀ မှ ၇၄၀၀၀၊ (V7) ကျပ် ၆၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၁၀၀၀၊ (V7) ကျပ် ၁၀၀၀ နိမ့်ကျလာသည်။ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဈေးငြိမ်နေပြီး ယခင်နှစ်ထက် ကုလားပဲဖြူလုံးကြီး (V2) ကျပ် ၁၀၀၀၀၊ (V7) ကျပ် ၁၂၀၀၀ မြင့်တက်လာသည်။

ကုလားပဲအဝါ ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ် ဈေးနှုန်းမှာ ယခုတစ်ပတ် 929 ကျပ် ၈၂၀၀၀၊ ထိုင်ဝမ် ကျပ် ၈၀၀၀၀ မှ ၈၁၀၀၀၊ ယခင်တစ်ပတ် 929 ကျပ် ၈၄၀၀၀၊ ထိုင်ဝမ် ကျပ် ၈၀၀၀၀ မှ ၈၁၀၀၀ ယခင် 929 ကျပ် ၈၃၀၀၀ မှ ၈၄၀၀၀၊ ထိုင်ဝမ် ကျပ် ၈၀၀၀၀၊ ယခင်နှစ် 929 ကျပ် ၇၃၀၀၀ ထိုင်ဝမ် ကျပ် ၆၉၀၀၀ မှ ၇၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ကာလတူနှင့် နှိုင်းယှဉ်လျှင် 929 ကျပ် ၂၀၀၀ နိမ့်ကျလာပြီး ကုလားပဲထိုင်ဝမ် ဈေးငြိမ်နေသည်။ ယခင်လကာလတူနှင့် နှိုင်းယှဉ်လျှင် 929 ကျပ် ၁၀၀၀ မှ ၂၀၀၀ နိမ့်ကျလာ၍ ကုလားပဲထိုင်ဝမ် ကျပ် ၁၀၀၀ မြင့်တက်လာသည်။ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် 929 ကျပ် ၉၀၀၀၊ ကုလားပဲထိုင်ဝမ် ကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ မြင့်တက်လာသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဇဟိုဌာန)**




# မူဆယ်နယ်စပ်တွင် လက်ရှိဖြစ်ပေါ်နေသော ဖရဲ၊ သခွား ကုန်သွယ်မှု အခြေအနေများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ဝူဟာန် ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှ တင်ပို့နေသော ဖရဲ/သခွားမွေး၊ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့မှု တုံ့ဆိုင်းနေသည့်အပေါ် ဖရဲ/သခွားစိုက် တောင်သူများ၊ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ အဆင်ပြေစေရေးနှင့် နစ်နာဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ် ဆောင်ရွက်ရမည့် အစီအစဉ်များကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန(ရန်ကုန်မြို့)တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ဦးဆောင်ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဖရဲ/ သခွားမွေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး ဈေးကွက်တုံ့ဆိုင်းမှုကြောင့် ဖရဲ/သခွားမွေး ထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက်အမြန်ဆုံး ရရှိရေးနှင့် ပြည်ပဈေးကွက် တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးမှ 'တိုင်းရင်းသားသွေးချင်းတို့ရဲ့ ပွဲတော်'ကာလအတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချရေး၊ မြေပဒေသာကျွန်းတွင် ဖရဲ/သခွားပွဲတော် ကျင်းပပြုလုပ်ရေး၊ တညင်းကုန်းလက်ကားဈေးတွင် သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးရေး၊ ရွှေပိတောက်ငါးဈေး (လှိုင်မြို့နယ်)တွင် သယ်ယူပို့ဆောင်ရောင်းဝယ်ရန် နေရာစီစဉ်ပေးခြင်း၊ ရတနာသီရိကုန်စိမ်းဈေး (ထောက်ကြန့်)အပေါ်ထပ်တွင် ရောင်းချရန် နေရာစီစဉ်ပေးခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ဈေးများအတွင်းရရှိနိုင်မည့် နေရာများတွင် ဆိုင်ခန်းများဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ Door to Door Service စနစ်ဖြင့် ရန်ကုန်မြို့တွင်း လှည့်လည်ရောင်းချရန် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌမှ ဘုရင့်နောင်ကုန်စည်ဒိုင်၊ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးခြင်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အုပ်စု(၁၁) သိုလှောင်ရုံနှင့် ကြက်ဘဲဈေးအနီး မြန်မာ့ဂုဏ်ရောင်လမ်းမပေါ်ရှိ ကုန်သွယ်ရေးဦးစီးဌာနပိုင် တစ်ဧကခန့်ဝင်းအတွင်း ယာယီဆိုင်ခန်းဖွင့်လှစ်ရောင်းချရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်မည့် အစီအစဉ်များအနေဖြင့် ပြည်ပတင်ပို့ရန် အရည်အသွေးမီ ဖရဲ၊ သခွားပို့ကုန်များ ထုတ်လုပ်တင်ပို့မည့် လုပ်ငန်းရှင်များမှ ကုန်စည်သတင်းအချက်အလက်များကို မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ပေးပို့ပြီး စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ချိတ်ဆက်ပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန် လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်း၊ သီးနှံများ ထိန်းသိမ်းသိုလှောင်ရာတွင် မဖြစ်မနေလိုအပ်သည့် Cold Chain ပါဝင်သည့် Logistic Hub များ ပေါ်ထွန်းရေးပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**TLO (Myantrade)**

# ကချင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှမြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ဇန်နဝါရီ၁၈ရက်မှ ၂၄ ရက်များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းအများစုမှာ တစ်သျှူးငှက်ပျော၊ အစေ့ထုတ်ပြောင်း၊ ညော့မထဆန်၊ ပဲပုပ်၊ကြံ၊ဖရဲသီး၊ ငရုတ်သီး၊ ဗလာင်စာတောင့်မီးသွေးနှင့်ဆန်ကွဲစသည့်ပစ္စည်းများဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၆၇၃၇၃၄ဒသမ၉ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ငွေပမာဏမှာ ၅၁၆၅၉၁၀ဒသမ၇၇ကန်ဒေါ်လာဖြစ်၍တင်ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ၇၈၃၉၆၄၅ဒသမ၆၇ကန်ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့်အများစုမှာဓာတ်မြေဩဇာ၊သုံးဘီးဆိုင်ကယ်၊လျှပ်စစ်ဘက်ထရီမော်တော်ဆိုင်ကယ်၊ သံပိုက်၊ လေးဘီးလယ်ထွန်စက်၊သွပ်ပြား၊ ဆောက်လုပ်ရေးသုံးသံပစ္စည်းများနှင့်ချွေးသုတ်ပဝါတို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှမြန်မာနိုင်ငံသို့တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ၂၂၈၅၀၁ဒသမ၈၆ဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှမြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာကန်ဒေါ်လာ၁၆၆၂၄၀ဒသမ၆ ဖြစ်၍တင်သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ၃၉၄၇၄၂ဒသမ၄၆တင်သွင်းခဲ့သည်။

ဇန်နဝါရီ ၂၄ရက်အထိ တစ်ဖက်နိုင်ငံတရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ယွမ် ၁၀၀၊ ဆန်ပျော့တစ်အိတ်လျှင်၁၀၇ ယွမ်ဈေးနှင့် စေ့ထုတ်ပြောင်းတစ်အိတ်လျှင်ယွမ် ၆၀ ဖြစ်ပြီး မြန်မာကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်းမှာမြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ်သုညဒသမ၄၇၅ယွမ်ဖြစ်ပြီး တစ်ယွမ်လျှင်မြန်မာကျပ်ငွေ ၂၁၀ရှိကြောင်းနှင့် ၁၆ ပဲအခေါက်ရွှေတစ်ကျပ်သားဈေးနှုန်းမှာတရုတ်ငွေ ၅၈၂၃ ယွမ်၊ မြန်မာငွေကျပ် ၁၂၂၃၀၀၀ ရှိကြောင်းသိရှိရသည်။

**ဌေးလှိုင်**
**(မနောမြေကုန်သွယ်မှုဗဟိုဌာန)**

# ဈေးကျပြီး တင်ပို့မှုပိုခဲ့သော မတ်ပဲ

ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲ တင်ပို့မှုမှာ တန်ချိန် ၇၀၅၀ ဒသမ ၅၂၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၈၈၉၇၀ ဒသမ ၃၆ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ဗီယက်နမ်၊ အိန္ဒိယ၊ ကာတာ၊ မလေးရှား၊ ဩစတြေးလျ၊ ပါကစ္စတန်၊ စင်ကာပူ၊ ထိုင်း၊ သီရိလင်္ကာ၊ အာရပ် စော်ဘွားများ ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယဖြစ်၍ တန်ချိန် ၃၆၂၇ ဒသမ ၈၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၉၀၅၅၀၈ ဒသမ ၅ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်၍ တန်ချိန် ၁၃၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁၀၀ ဖြစ်ကြောင်း သိရသည်။

ယခင်တစ်ပတ်တင်ပို့မှုမှာ ၃၆၆၅ ဒသမ ၉၅၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၈၆၀၄၂ ဒသမ ၃၇ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၃၈၄ ဒသမ ၅၆၄၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၇၀၂၉၂၇ ဒသမ ၉၉ လျော့နည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မတ်ပဲတစ်တန်ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၈၁၄ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၈၀၇ ကျော်ရရှိသောကြောင့်၊ ယခုတစ်ပတ်ဈေးနှုန်းမှာအမေရိကန်ဒေါ်လာ ၇ ဒေါ်လာခန့်ပိုမိုခဲ့ကြောင်း သိရသည်။

**စန်းစန်းမော်(မြှင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# သဇင်မြေကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြက်သွန်နီ ၁၇၆ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်မှာ ကြက်သွန်နီ ၃၂၆ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ကြက်သွန်နီတင်ပို့နိုင်မှု လျော့နည်းသွားကြောင်းသိရသည်။ ယခုတစ်ပတ်ကြက်သွန်နီ တင်ပို့နိုင်မှုငွေပမာဏမှာ ၁၁၇၄၈၀ ဒေါ်လာတင်ပို့မှုရှိ ခဲ့သည်။

ဇန်နဝါရီ ၁၈ ရက် မှ ၂၄ ရက်ထိ ရခိုင်ပြည်နယ် စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း ၆၉ ဒသမ ၈ တန်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်မှာ ငါးမြစ်ချင်း ၂၆၁ ဒသမ ၁ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ငါးမြစ်ချင်းတင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရသည်။ ယခုတစ်ပတ် ငါးမြစ်ချင်းတင်ပို့နိုင်မှု ငွေပမာဏမှာ ၆၄၄၉၀ ဒသမ ၆၀ ဒေါ်လာ တင်ပို့မှုရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီ ၁၈ ရက် မှ ၂၄ ရက်ထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့်ဆီးသီးခြောက်၊ ဆီးဖတ်၊ ငါးသိုင်းခေါင်းပွ၊ မန်ကျည်းစေ့၊ ချင်း(အစို)၊ ကြက်သွန်နီ၊ဆီးယိုထုပ်နှင့်ငါးမြစ်ချင်းတို့တင်ပို့ရာတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇၄၇၈၅ ဒသမ ၇၇၆ ဒေါ်လာ တင်ပို့ခဲ့သည်။

**နီလာ (သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

# မကွေးကုန်စည်ဒိုင်တွင် ပဲတီစိမ်း/ပဲနောက် ဈေးကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်တွင် မကွေးကုန်စည်ဒိုင်၌အရည်အသွေးနှင့်ဝယ်လိုအားကြောင့် ပဲတီစိမ်း/ပဲနောက်တို့ဈေးကျသွားပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ် ဇန်နဝါရီ ၂၉ရက်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၃၅၀၀၀၊ ပဲနောက်တစ်တင်းလျှင် ကျပ် ၃၄၀၀၀ တို့ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် ဇန်နဝါရီ ၂၂ရက်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၃၆၀၀၀၊ ပဲနောက် တစ်တင်းလျှင် ကျပ် ၃၅၀၀၀ တို့ဖြစ်ပေါ်ခဲ့သည်။ ကာလတူနှိုင်းယှဉ်ပါက ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၁၀၀၀၊ ပဲနောက် တစ်တင်းလျှင် ကျပ် ၁၀၀၀ စီဈေးကျကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၅ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Indonesia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ရုရှား၊ တောင်ကိုရီးယား၊ ဆူဒန်၊ ဟန်ဂေရီ၊ အီတလီ၊ ကင်ညာနှင့် ဆူဒန်စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၅၉ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ ဂျပန်၊ အိန္ဒိယ၊ မက္ကဆီကို၊ ယူကရိန်း၊ ဂျာမနီ၊ ပြင်သစ်၊ နယူးဇီလန်၊ ဆွီဒင်၊ တူရကီနှင့် ပီရူး စသည့် နိုင်ငံပေါင်း ၄၂ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၈ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းနိမ့်ကျခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၅ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Indonesia နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၈ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ နီပေါ၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ပါကစ္စတန်၊ ယူကရိန်း၊ တောင်အာဖရိက၊ ဂျော်ဒန်၊ ကင်ညာ၊ ပီရူးနှင့် ဆူဒန်စသည့်နိုင်ငံများအပါအဝင် ၅၉ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ ဂျပန်၊ စပိန်၊ နော်ဝေ၊ အီတလီ၊ ဒိန်းမတ်၊ ကနေဒါ၊ ဂျာမနီ၊ ဂရိ၊ နယ်သာလန်နှင့် တူရကီ စသည့်နိုင်ငံ ၄၃ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိ ရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၁၈ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၇ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၄ | ၀.၆၄ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၅ | ၀.၈၉ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၅၉ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၆ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၉ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်မြင့်တက်သွား သည်ကို လေ့လာတွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှုန်းများထက် အနည်းငယ်မြင့်တက်သွားသည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ထိုင်းနိုင်ငံတွင် မိုးခေါင်မှုဆန်ရောင်းလိုအားလျော့နည်းလာနိုင်သဖြင့် ထိုင်းဆန်ပို့ကုန်ဈေးများနှစ်နှစ်ခွဲကျော်အတွင်း အမြင့်ဆုံးရောက်ခဲ့ပြီး ၎င်းအခြေအနေအပေါ် နှိုင်းယှဉ်ချက်အရ ဈေးပိုသက်သာသော အိန္ဒိယနိုင်ငံမှဆန်ကို ဝယ်လိုအား မြင့်တက်စေခဲ့သည်။ ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံး ထိုင်းနိုင်ငံ၏ ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် အမေရိကန် ၄၃၅-၄၄၅ ဒေါ်လာတွင်ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် အမြင့်ဆုံးအဖြစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၀- ၄၆၀ သို့ ရောက်လာခဲ့သည်။

လက်ရှိကြုံနေရသော မိုးခေါင်မှုကြောင့် ထိုင်းဆန်ရောင်းလိုအားကို ကျဆင်းစေမည်ကို စိုးရိမ် ကာ ဆန်ဈေးခုန်တက်လာခြင်းဖြစ်သည်ဟု ကုန်သည်များမှ သုံးသပ်ပြောဆိုကြသည်ကို သိရှိရသည်။ ထိုင်းဆန်ဈေး မြင့်နေခြင်းကြောင့် ဝယ်လက်အချို့က အိန္ဒိယဆန်ကို ရွေးချယ်လာကြသဖြင့် အိန္ဒိယဆန်ဈေးနှုန်းများ သုံးလနီးပါးအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာသည်။ အိန္ဒိယ ငါးမှတ်ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင် ၃၆၄-၃၆၈ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် အာဖရိကနိုင်ငံများ၏ မြင့်တက်လာသော ဝယ်လိုအားကြောင့် အောက်တိုဘာလ ၃၁ ရက် နောက်ပိုင်းမှစ၍ အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ၃၆၆-၃၇၁ ဒေါ်လာသို့ ရောက်ရှိလာသည်။

အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သီးနှံအထွက်ကောင်းပြီး ကုန်လက်ကျန် အလုံအလောက်ရှိနေသည့်ကြားမှ ယခုတစ်ပတ်တွင် ပြည်တွင်းဆန်ဈေးများ မြင့်တက်ခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဈေးကွက်စောင့်ကြည့်မှု အားနည်းခြင်းကြောင့်ဟု စားသုံးသူများက အပြစ်တင်ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက စွပ်စွဲမှုများကို ငြင်းဆိုခဲ့ပြီး မည်သည့်ကုန်သည်မဆို မလျော်ကန်စွာ အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ဆန်သိုလှောင်ထားပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်ကို သိရှိရသည်။ ဗီယက်နမ်နိုင်ငံတွင် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ဆန်ဈေးများပိတ်ထားကြောင်း သိရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလထိ (ယာယီ) စာရင်းအရ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှ စုစုပေါင်းတန်ချိန် ၉၂၃၀၂၁ ဒသမ ၄၉၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၄ ဒသမ ၆၄၆ သန်း ရရှိခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုင်ငံပေါင်း ၆၃ နိုင်ငံသို့ ဆန်တန်ချိန် ၇၈၇၂၅၀ ဒသမ ၂၄၃ တန် တင်ပို့နိုင်ခဲ့ရာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၉၉၀ သန်းရရှိခဲ့ကြောင်း သိရှိရသည်။

ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်မှုပမာဏ ၁၃၅၈၇၁ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆၅၆ သန်းခန့် ရရှိခဲ့ကြောင်း သိရှိရသည်။ ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှဖြစ်ပြီး ၁၃ ရာခိုင်နှုန်းမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဆန်ကို တရုတ်၊ အင်ဒိုနီးရှား၊ ဆီနီဂေါ၊ Madagascar၊ ဘယ်လ်ဂျီယံ၊ မလေးရှား၊ COTE D'IVOIRE၊ မိုဇမ်းဘစ်၊ ဗီယက်နမ်၊ ကင်မရွန်း၊ Guine၊ ဖိလစ်ပိုင်၊ မာလီ၊ ပိုလန်နှင့် ကင်ညာနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၁၃ ကျပ် နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၁၉၁၇၀ မှ ၁၉၈၀၉ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၄.၁.၂၀၂၀ | ၂၇.၁.၂၀၂၀ | ၂၈.၁.၂၀၂၀ | ၂၉.၁.၂၀၂၀ | ၃၀.၁.၂၀၂၀ |
| ၁ | ရက်(၉၀) | 90 (Raw) | ၂၁၅၀၀ | ၂၂၀၀၀ | ၂၂၂၀၀ | ၂၂၂၀၀ | ၂၂၂၀၀ |
| ၂ | သီးထပ် | 90 (Raw) | ၂၀၈၀၀ | ၂၁၀၀၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၁၂၀၀ |
| ၃ | ဧည့်မထ | 70(Raw) | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၄၀၀ | ၁၈၅၀၀ | ၁၈၆၀၀ |
| ၄ | ဧည့်မထ | 65(Raw) | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ |
| ၅ | ကရင်မ | 90(Raw) | ၁၉၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၃၀၀ |
| ၆ | ကရင်မ | 80(Raw) | ၁၉၅၀၀ | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်(ရိုးရိုး)တစ်ပြည်လျှင် ကျပ် ၂၂၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံနှင့် ကလေးမြို့များတွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၀၊ ပုသိမ်၊ စစ်တွေ၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးများတွင်

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၃ | ထိုင်း | လီတာ | ၁.၁၀ | ၀.၈၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၁ | ၀.၇၂ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၂ | ၁.၃၇ |
| ၆ | မလေးရှား | လီတာ | ၀.၅၁ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၈၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၂ | ၀.၉၀ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၆ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ နှင့် ဒီဇယ်ဆီတစ် လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၄ ဒေါ်လာနှုန်းဖြင့် ၂၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၄ ဒေါ်လာနှုန်းဖြင့် ၂၇ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၁ | ဟောင်ကောင် | လီတာ | ၂.၃၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၇ | Monaco | လီတာ | ၁.၉၀ |
| ၃ | Angola | လီတာ | ၀.၃၂ | Iceland | လီတာ | ၁.၈၉ |
| ၄ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | နယ်သာလန် | လီတာ | ၁.၈၇ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၇ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၂ | Monaco | လီတာ | ၁.၉၂ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၉၀ |
| ၃ | အယ်ဂျီရီးယား | လီတာ | ၀.၁၉ | Iceland | လီတာ | ၁.၈၅ |
| ၄ | ဆူဒန် | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၇၈ |
| ၅ | Ecuador | လီတာ | ၀.၂၇ | UK | လီတာ | ၁.၇၃ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၈ | ၀.၉၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၆ | ၁.၁၇ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၇ | ၀.၉၇ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်

ကေသွယ်(တန့်ဆည်မြေ)


ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၄.၁.၂၀၂၀ | စည် | ၅၅.၅၉ |
| ၂ | ၂၇.၁.၂၀၂၀ | စည် | ၅၄.၅၀ |
| ၃ | ၂၈.၁.၂၀၂၀ | စည် | ၅၃.၄၈ |
| ၄ | ၂၉.၁.၂၀၂၀ | စည် | ၅၃.၃၃ |
| ၅ | ၃၀.၁.၂၀၂၀ | စည် | ၅၂.၁၄ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ ဇန်နဝါရီ ၂၅ ရက်တွင် အခေါက်ရွှေတစ်အောင်စလျှင် ၁၅၇၂ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၅၈၀ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး တစ်ပတ်အတွင်း ဒေါ်လာဈေးမှာ အနည်းငယ်မြင့်တက်သွားသည်ကို သိရှိရပါသည်။ ဇန်နဝါရီ ၂၅ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၂၀၀၀ ဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက်တွင်လည်း ကျပ် ၁၂၂၅၅၀၀ ဖြစ်သဖြင့် တစ်ပတ်အတွင်း အခေါက်ရွှေဈေးမှာ ကျပ် ၃၅၀၀ ခန့် မြင့်တက်သွားသည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါ အတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁.၂၀၂၀ | ၁၁၉၂၀၀၀ | ၁၅၁၇ |
| ၂ | ၃.၁.၂၀၂၀ | ၁၂၀၆၀၀၀ | ၁၅၄၈ |
| ၃ | ၄.၁.၂၀၂၀ | ၁၂၁၀၀၀၀ | ၁၅၅၃ |
| ၄ | ၅.၁.၂၀၂၀ | ၁၂၁၅၀၀၀ | ၁၅၅၃ |
| ၅ | ၆.၁.၂၀၂၀ | ၁၂၂၆၀၀၀ | ၁၅၇၇ |
| ၆ | ၇.၁.၂၀၂၀ | ၁၂၁၇၅၀၀ | ၁၅၆၇ |
| ၇ | ၈.၁.၂၀၂၀ | ၁၂၃၂၀၀၀ | ၁၅၈၂ |
| ၈ | ၉.၁.၂၀၂၀ | ၁၂၁၀၀၀၀ | ၁၅၇၈ |
| ၉ | ၁၀.၁.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၅၀ |
| ၁၀ | ၁၁.၁.၂၀၂၀ | ၁၂၂၄၀၀၀ | ၁၅၆၃ |
| ၁၁ | ၁၂.၁.၂၀၂၀ | ၁၂၂၅၀၀၀ | ၁၅၆၃ |
| ၁၂ | ၁၃.၁.၂၀၂၀ | ၁၂၁၇၀၀၀ | ၁၅၅၀ |
| ၁၃ | ၁၄.၁.၂၀၂၀ | ၁၂၁၀၅၀၀ | ၁၅၄၅ |
| ၁၄ | ၁၅.၁.၂၀၂၀ | ၁၂၁၂၀၀၀ | ၁၅၅၂ |
| ၁၅ | ၁၆.၁.၂၀၂၀ | ၁၂၁၁၀၀၀ | ၁၅၅၆ |
| ၁၆ | ၁၈.၁.၂၀၂၀ | ၁၂၁၄၀၀၀ | ၁၅၅၇ |
| ၁၇ | ၁၉.၁.၂၀၂၀ | ၁၂၁၅၀၀၀ | ၁၅၅၇ |
| ၁၈ | ၂၀.၁.၂၀၂၀ | ၁၂၁၆၀၀၀ | ၁၅၆၀ |
| ၁၉ | ၂၁.၁.၂၀၂၀ | ၁၂၁၅၀၀၀ | ၁၅၅၆ |
| ၂၀ | ၂၂.၁.၂၀၂၀ | ၁၂၁၃၅၀၀ | ၁၅၅၈ |
| ၂၁ | ၂၃.၁.၂၀၂၀ | ၁၂၁၄၀၀၀ | ၁၅၅၄ |
| ၂၃ | ၂၅.၁.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၅၇၂ |
| ၂၄ | ၂၆.၁.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၅၇၂ |
| ၂၅ | ၂၇.၁.၂၀၂၀ | ၁၂၂၅၀၀၀ | ၁၅၈၄ |
| ၂၆ | ၂၈.၁.၂၀၂၀ | ၁၂၂၃၅၀၀ | ၁၅၈၀ |
| ၂၇ | ၂၉.၁.၂၀၂၀ | ၁၂၂၁၅၀၀ | ၁၅၇၂ |
| ၂၈ | ၃၀.၁.၂၀၂၀ | ၁၂၂၅၅၀၀ | ၁၅၈၀ |

Source: estimate of world's exchange rate and gold price page

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugaw.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင်ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၂-၁-၂၀၂၀ ရက်တွင် အမေရိကန်ဒေါ်လာ ၃၅၅ ဒသမ ၄၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၂၉-၁-၂၀၂၀ ရက် တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၂ ဒသမ ၃၀ ဒေါ်လာ ဖြစ်ပေါ်ခဲ့ သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 29-Jan-20 | 14.35 cts/lb | 14.32 cts/lb | 402.30 $/T | 18.25 cts/lb |
| 28-Jan-20 | 14.43 cts/lb | 14.27 cts/lb | 402.05 $/T | 18.24 cts/lb |
| 27-Jan-20 | 14.15 cts/lb | 14.22 cts/lb | 393.35 $/T | 17.84 cts/lb |
| 24-Jan-20 | 14.32 cts/lb | 14.19 cts/lb | 399.05 $/T | 18.10 cts/lb |
| 23-Jan-20 | 14.47 cts/lb | 14.13 cts/lb | 401.40 $/T | 18.21 cts/lb |
| 22-Jan-20 | 14.57 cts/lb | 14.05 cts/lb | 404.15 $/T | 18.33 cts/lb |
| 21-Jan-20 | 14.49 cts/lb | 13.98 cts/lb | 401.25 $/T | 18.20 cts/lb |
| 20-Jan-20 | 14.45 cts/lb | 13.92 cts/lb | 400.10 $/T | 18.15 cts/lb |
| 17-Jan-20 | 14.40 cts/lb | 13.87 cts/lb | 396.95 $/T | 18.01 cts/lb |
| 16-Jan-20 | 14.38 cts/lb | 13.81 cts/lb | 396.80 $/T | 18.00 cts/lb |
| 15-Jan-20 | 14.48 cts/lb | 13.75 cts/lb | 393.20 $/T | 17.84 cts/lb |
| 14-Jan-20 | 14.31 cts/lb | 13.69 cts/lb | 389.15 $/T | 17.65 cts/lb |
| 13-Jan-20 | 14.15 cts/lb | 13.64 cts/lb | 383.65 $/T | 17.40 cts/lb |
| 10-Jan-20 | 14.07 cts/lb | 13.61 cts/lb | 378.25 $/T | 17.16 cts/lb |
| 9-Jan-20 | 13.76 cts/lb | 13.57 cts/lb | 369.45 $/T | 16.76 cts/lb |
| 8-Jan-20 | 13.56 cts/lb | 13.54 cts/lb | 363.75 $/T | 16.50 cts/lb |
| 7-Jan-20 | 13.67 cts/lb | 13.53 cts/lb | 365.70 $/T | 16.59 cts/lb |
| 6-Jan-20 | 13.79 cts/lb | 13.52 cts/lb | 367.40 $/T | 16.67 cts/lb |
| 3-Jan-20 | 13.40 cts/lb | 13.51 cts/lb | 359.95 $/T | 16.33 cts/lb |
| 2-Jan-20 | 13.24 cts/lb | 13.52 cts/lb | 355.45 $/T | 16.12 cts/lb |

စာမျက်နှာ ၁၇ သို့



# အလုပ်စားပွဲခုံ သပ်ရပ်ရှင်းလင်းစို့

အေးချမ်းသူ (စက်မှု)

ရုံးဌာနတိုင်းတွင် အဆင့်ဆင့်သော တာဝန်ခံဝန်ထမ်းတိုင်းသည် ရုံးစားပွဲနှင့် ကုလားထိုင်ကို သုံးစွဲကြရသည်။ ထို့ပြင် အလုပ်နှင့်ဆက်စပ်သော စာရေးစက္ကူများ၊ စာရွက်စာတမ်းများ၊ ဖိုင်တွဲများ၊ စာရေးကိရိယာများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အခြားရုံးအသုံးအဆောင်များကို အလွယ်တကူ ရရှိစေရန် တင်ထားတတ်ကြသည်။ အံဆွဲများအတွင်းတွင်လည်း ရုံးစာရွက်စာတမ်းများ၊ ဖိုင်တွဲများ အပြည့်ရှိတတ်ကြသည်။ အဆိုပါ စာရွက်စာတမ်းများ၊ ဖိုင်တွဲများ၊ ရုံးအသုံးအဆောင်များကို ဝန်ထမ်းတစ်ဦးချင်းသည် တာဝန်ခံထိန်းသိမ်းရပြီး နေ့စဉ်လုပ်ငန်းများနှင့် ဆက်စပ်သော ကိစ္စများဖြစ်သဖြင့် လုပ်ငန်းစဉ်မပြီးဆုံးမီ အလွယ်တကူရရှိစေရန်လည်း ထိန်းသိမ်းရသည်။ ထိုအခါ ဝန်ထမ်း၏ စည်းကမ်း ကောင်း၊ မကောင်းကိုလိုက်ပြီး ရုံးစားပွဲနှင့် စာရွက်စာတမ်းဖိုင်များ သန့်ရှင်းမှု၊ ရှင်းလင်းမှုတို့ ကောင်း၊ မကောင်းသည် တိုက်ရိုက်အချိုးကျနေသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် ဝန်ထမ်းတိုင်းအနေဖြင့် မိမိတို့ရုံးအလုပ်စားပွဲရှင်းလင်းရေးမှုကို ချမှတ်ဆောင်ရွက်သင့်သည်။ မည်သို့ချမှတ်ဆောင်ရွက်သင့်သည်၊ မည်သည့်အတွက်ကြောင့် မူတစ်ခုအဖြစ်ချမှတ် ရှင်းလင်းသင့်သည်ကို ဖော်ပြလိုသည်။ ယခုဆောင်းပါးကို အင်တာနက်မှရသော စာတစ်ပုဒ်ပေါ်တွင် မှီငြမ်းရေးသားထားခြင်းလည်းဖြစ်သည်။

## အဘယ်ကြောင့် အလုပ်စားပွဲရှင်းလင်းရေးမူ (Clean Desk Policy) ကိုချမှတ်သင့်ပါသလဲ

ဤအလုပ်စားပွဲခုံရှင်းလင်းရေးမူ ကိုချမှတ်ခြင်းသည် မိမိဌာန၊ မိမိကုမ္ပဏီကို မဆုံးရှုံးစေရန် ကာကွယ်ရေးအတွက် ကူညီခြင်းမည်သည်။အလုပ်စားပွဲခုံသန့်ရှင်းသပ်ရပ်ရုံဖြင့် ကုမ္ပဏီကြီးတစ်ခုလုံးကို မဆုံးရှုံးစေရန် ကာကွယ်ရေးအတွက် ကူညီနိုင်မည်ဆိုသည်မှာကြီးကျယ်လွန်းရာကြသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အမှန်ဖြစ်သည်ကို ဆက်လက်ဖတ်ရှုလျှင် တွေ့လာမည်ဖြစ်ပါသည်။ ထိုသို့ကူညီရာရောက်သည့်အပြင် ဖောက်သည်များနှင့် ဝန်ထမ်းကိုယ်တိုင်၏ ဂုဏ်သိက္ခာကို ပိုမိုတောက်ပြောင်အောင်ကူညီရာလည်း ရောက်ပါသည်။ စီးပွားရေးလုပ်ငန်းများ၏ စီမံကိန်း၊ စီမံချက်အများစုသည် လျှို့ဝှက်ချက်များထားရှိရန် လိုအပ်သည်။ ရုံးတွင်းရှိ ဝန်ထမ်းအားလုံးသည် စာရွက်စာတမ်း အထောက်အထားများကို ကိုင်တွယ်ထိန်းသိမ်းကြရသည်။ ထို့ပြင် အဆိုပါစာရွက်စာတမ်းများသည် လျှို့ဝှက်ချက်များ၊ မသက်ဆိုင်သူများ မသိသင့်သော အချက်များလည်းဖြစ်နေတတ်သည်။ အဆိုပါ လျှို့ဝှက်ချက်များ မပေါက်ကြားရေးကို ထိန်းသိမ်းရခြင်းမှာ စွန့်စားမှုတစ်ခုဖြစ်ပြီး အလုပ်စားပွဲခုံကို ရှင်းလင်းထားသောမူ (Clean Desk Policy) သည် စွန့်စားရမှု risk ကို လျော့နည်းအောင် ကူညီပေးနိုင်သည်။ ဝန်ထမ်းများ၏ စားပွဲများ၊ ဖိုင်တင်စင်များ၊ ဘီရိုများနှင့်ရုံးဧရိယာတစ်ခုလုံးသည် စာရွက်များနှင့် ရှုပ်ပွနေခြင်းများမှကင်းဝေးနေသောအခါ ကုမ္ပဏီ၏ ရုံးခန်းတစ်ခုလုံးသည် ဆွဲဆောင်မှု အပြည့်ရှိနေပါမည်။

ထို့ပြင် ကျွမ်းကျင်မှု၊ အားကိုးရမှု၊ တတ်ကျွမ်းနားလည်မှုစသည့်အချက်များကိုလည်း ဝန်ထမ်းတိုင်းထံ မှ ထွက်ပေါ်နေသကဲ့သို့ ခံစားရမည်ဖြစ်သည်။ ဝန်ထမ်းများ ကိုယ်တိုင်သည်လည်း ကောင်းမွန်သောပတ်ဝန်းကျင်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ်ရှိနေသကဲ့သို့ ခံစားရမည်ဖြစ်သည်။ ထို့ပြင် ဖောက်သည်များသည်လည်း ကုမ္ပဏီအပေါ်တွင် အထင်အမြင်ကြီး လေးစားလာမည်မှာ သေချာလျက်ရှိသည်။

## ရုံးစားပွဲရှင်းလင်းရေးမူကိုအကောင်အထည်ဖော်ခြင်း

ပထမဦးဆုံး ရုံးစားပွဲရှင်းလင်းရေးမူကို ရှင်းရှင်းလင်းလင်းရေးသားထုတ်ပြန်ရန်လိုအပ်သည်။ ရုံးစားပွဲ ရှင်းလင်းရေးကို မူတစ်ခုအဖြစ်သတ်မှတ်ပြီး အကောင်အထည်ဖော်မည်ဆိုပါက မည်သို့လိုက်နာ ဆောင်ရွက်မည်ကို ဝန်ထမ်းများ ရှင်းရှင်းလင်းလင်းသိစေရန်နှင့် မည်သည့်အတွက် အရေးကြီးကြောင်း သိရှိစေရန် လိုအပ်သည်။ ထို့ကြောင့် ရှင်းရှင်းလင်းလင်း စာဖြင့်ရေးသား ထုတ်ပြန်ထားရန် လိုအပ်ခြင်း ဖြစ်သည်။ ထပ်မံဖြည့်စွက်ရမည်ဆိုပါက လိုက်နာရမည့် စည်းကမ်းများကို အတိအကျ ဖော်ပြရန်လိုအပ်ပြီး လိုက်နာမှုကောင်းပါက မည်သို့ဆုချီးမြှင့်မည်၊ ပျက်ကွက်ပါက မည်သို့အရေးယူ မည်ဆိုသည့်အချက်များကိုပါ ထည့်သွင်းဖော်ပြထားရန်လိုအပ်သည်။ အထူးသဖြင့် အဖွဲ့အစည်း၏ လုပ်ငန်းများသည် သတင်းအချက်အလက်နှင့်ပတ်သက်၍ သတိထားဆောင်ရွက်ရသည့် အခြေအနေရှိသည်ဆိုပါက ပို၍ဂရုစိုက်ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် ရုံးစာရွက်စာတမ်းများနှင့်ပတ်သက်၍ ၁၉၅၇ ခုနှစ် လျှို့ဝှက်ချက်အက်ဥပဒေ လိုက်နာရန် ထုတ်ပြန်ထားကြောင်း တွေ့ရှိရသည်။

အလုပ်စားပွဲရှင်းလင်းရေးမူကို လိုအပ်သည်၊ အရေးကြီးသည်ဟု ခံယူပါက ထိပ်ပိုင်းအရာရှိကြီး များက စတင်လိုက်နာရန် လိုအပ်သည်။ ထိပ်ပိုင်းအရာရှိများက လိုက်နာခြင်းမရှိဘဲ ဝန်ထမ်းငယ်များသာလိုက်နာရမည်ဟု မူတစ်ခုကို ချမှတ်၍မရနိုင်ပါချေ။ ယခုမူသည် ရုံးလုပ်ငန်းများအတွက် အကျိုးရှိသည်ဟုယုံကြည်လျှင် အထက်ဆုံးအရာရှိကြီးများက အောက်ခြေဝန်ထမ်းငယ်များအထိ ဝန်ထမ်းတိုင်းလိုက်နာရန်လိုအပ်သည်။

ဝန်ထမ်းတိုင်း၏ စားပွဲများ ရှင်းလင်းသပ်ရပ်နေသည့်အခါ ကုမ္ပဏီရုံးခန်းနေရာ အားလုံးသည်လည်း စာရွက်စာတမ်းများ ကင်းစင်ပြီး ရှုပ်ပွမှုမရှိဘဲ သပ်ရပ်လှပနေမည်ဖြစ်သည်။ ထိုသို့ စာရွက်စာတမ်းများဖြင့် ရှုပ်ပွမှုကင်းစင်ပြီး သန့်ရှင်းသပ်ရပ်နေသည်ဆိုပါက ရုံးသည် လာချင့်စဖွယ်လှပပြီး ဆွဲဆောင်မှုရှိနေပါမည်။ ထို့ပြင် ဝန်ထမ်းများသည်လည်း ပြည့်ဝသည့် လူတော်များအသွင် ဆောင်ပြီး လုပ်ငန်းကျွမ်းကျင်သည့် အသွင်ကိုလည်းဆောင်နေမည်ဖြစ်သည်။ ရုံးစားပွဲပေါ်တွင် စာရွက်စာတမ်းများဖြင့် ရှုပ်ပွနေခြင်းသည် လုပ်ငန်းများကို ကျွမ်းကျင်စွာဖြင့် ပြီးစီးအောင် မဆောင်ရွက်နိုင်သ ဖြင့် စုပုံနေသည်ဟု ယူဆဖွယ်ရာဖြစ်သည်။ ဝန်ထမ်းကိုယ်တိုင်သည်လည်း ရုံးသည် နေချင်စဖွယ်ဖြစ်ကာ စုစည်းမှုအားကောင်းသည့် အသင်းအဖွဲ့အသွင်ကို ဆောင်ရွက်နိုင်သည်ဟု ခံစားရမည်ဖြစ်သည်။ ရုံးသို့လာရောက်သည့် လုပ်ငန်းဆက်စပ်သူများ၊ ဖောက်သည်များအနေဖြင့်လည်း ကျွမ်းကျင်သော အရည်အချင်းပြည့်ဝသော ဝန်ထမ်းများရှိသည့်ရုံးအဖြစ် လည်းကောင်း၊ စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများရှိသည့်ရုံးအဖြစ် လည်းကောင်း လက်ခံပြီး ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို လေးစားလာမည်ဖြစ်သည်။ လုပ်ငန်းများအပ်နှံရန်အတွက်လည်း ယုံကြည်ကိုးစားလောက်သည့် ကုမ္ပဏီအဖြစ် လက်ခံဆောင်ရွက်နိုင်မည်ဖြစ်သည်။ စာရွက်စာတမ်းကို လျှော့၍သုံးစွဲခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းရေး၊ ရာသီဥတုမဖောက်ပြန်ရေးတို့နှင့်ပါ ဆက်စပ်နေကြောင်း၊ သို့ဖြစ်၍ စာရွက်စာတမ်းကို ဖြစ်နိုင်သမျှလျှော့၍ သုံးစွဲရန်တို့အပြင် ဝန်ထမ်းများအား စာရွက်စာတမ်းများကို သိမ်းဆည်းနိုင်သည့်နေရာ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်သည်။ သော့ခတ်သိမ်းဆည်း၍ရသော ကက်ဘိနက်အံမျိုးကို ဖန်တီးပေးခြင်းဖြင့် သေချာသိမ်းဆည်းနိုင်သကဲ့သို့ စားပွဲပေါ် ရှင်းလင်းနေရန်လည်း တစ်ပါတည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဝန်ထမ်းများအား ကွန်ပျူတာဖြင့် အလုပ်လုပ်တတ်သည့်စနစ်၊ ကွန်ပျူတာထဲတွင် သိမ်းဆည်းတတ်သည့် အလေ့အကျင့်များကို အားပေးခြင်းဖြင့် စာရွက်စာတမ်းများ သုံးစွဲရမှုလည်း လျော့နည်းလာပြီး ရှုပ်ပွမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

## Three 'P' ဖြင့် ရှေ့ဆက်ရန်

စားပွဲခုံရှင်းလင်းရေးမူအား ရှေ့ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းတိုင်းသည် Three 'P' ကို သုံးစွဲရန် လိုအပ်ပါသည်။ အဆိုပါ Three 'P' မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရုံးရောက်လျှင် ဆောင်ရွက်ရန်များ ကြိုတင်စီစဉ်ခြင်း (Plan).

(ခ) အပြင်သွားမည်၊ စားပွဲမှ ခွာမည်ဆိုလျှင် အရေးကြီးစာရွက်စာတမ်းများကို သိမ်းဆည်းခဲ့ခြင်း (Protect).

(ဂ) ရုံးချိန်ကုန်ဆုံးပြီဆိုလျှင် တစ်နေ့တာ လုပ်ငန်းများကို သေချာသိမ်းဆည်းခြင်း(Pick up)

## အကျိုးကျေးဇူးများ

စားပွဲခုံရှင်းလင်းရေးမူကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများကိုရရှိနိုင်ပါသည်။ အဆိုပါ အကျိုးကျေးဇူးများမှ အနည်းငယ်ကိုဖော်ပြလိုပါသည်။ စားပွဲခုံကို ရှင်းလင်းထားခြင်းဖြင့် ဆောင်ရွက်ရသည့် လျှို့ဝှက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ အများနှင့်မသက်ဆိုင်သော စာရွက်စာတမ်း သတင်းအချက်အလက်များက ပိုမိုလုံခြုံစေသည်။ နေ့စဉ် ညနေတိုင်း သိမ်းဆည်းခြင်းဖြင့် စာရွက်စာတမ်းကို ပိုမိုလုံခြုံစေသည်။ တစ်နည်းအားဖြင့် အလုပ်ကိုပိုမိုလုံခြုံစေသည်။ ထို့ပြင် ဝန်ထမ်းများအနေဖြင့် ဆောင်ရွက်ရသည့်သတင်းအချက်အလက်များကို လုံခြုံမှုရှိအောင်ဆောင်ရွက်နိုင်သဖြင့် ဖောက်သည်များ၊ လုပ်ငန်းရှင်များအနေဖြင့် ဌာန သို့မဟုတ် ကုမ္ပဏီအပေါ် လေးစားယုံကြည်ကိုးစားမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ ထို့ပြင် ရုံးစားပွဲရှင်းလင်းနေသဖြင့် ဝန်ထမ်းကိုယ်တိုင်လည်း စိတ်ကြည်လင်ချမ်းသာပြီး လုပ်ချင်ကိုင်ချင်စိတ်ကို တိုးပွားစေသည်။ ရုံးစားပွဲပေါ်တွင် စာရွက်စာတမ်းများ စုပုံနေလျှင် အလုပ်လုပ်ရန် များစွာရှိနေသကဲ့သို့ စိတ်ရှုပ်ထွေးမှုဖြစ်စေပြီး စိုးရိမ်ပူပန်မှုများတိုးစေသဖြင့် ရုံးစားပွဲရှင်းလင်းရေးမူသည် ရုံးစားပွဲကိုသုံးစွဲသူကိုယ်တိုင်ကိုလည်း အကျိုးပေးပါသည်။

ထို့ပြင် လုပ်ငန်းများကို နေ့စဉ် သိမ်းဆည်းထိန်းသိမ်းခြင်း ဖြင့် အလုပ်လက်ကျန်များကို စနစ်တကျမှတ်သားမိပါသည်။ အဆိုပါမှတ်သားချက်အရ ပိုမိုကောင်းမွန်သော ထိရောက်သော လုပ်ငန်းများရရှိစေပါသည်။ မိမိရုံးစားပွဲသို့ လာရောက်သော အခြားဝန်ထမ်းများ၊ အထက်အရာရှိများ၊ ဖောက်သည်များအားလုံးက သပ်ရပ်သန့်ရှင်းသော စားပွဲကိုကြည့်ပြီး မြင်မြင်ချင်း အထင်ကြီးလေးစားမှုကိုပေးမည်ဖြစ်သည်။ ထို့ပြင်အထက်တွင် ဖော်ပြထားသည့်အတိုင်း ရုံးစားပွဲရှုပ်ပွမှုက စိတ်ရှုပ်ထွေးပူပန်မှုများကို တိုးတက်စေသကဲ့သို့ ရုံးစားပွဲကို သပ်ရပ်သန့်ရှင်းအောင်ထားခြင်းက စိတ်ပူပန်မှုကို လျော့ကျစေပြီး ကိုယ့်ကိုကိုယ်ယုံကြည်မှုကို တိုးပွားစေပါသည်။ လုပ်ငန်းတစ်ခုချင်းကို ရယူရှင်းလင်းခြင်းဖြင့် အလုပ်များကိုလည်း ပိုမိုပြီးစီးစေပါသည်။ ရုံးစားပွဲပေါ်တွင် စာရွက်စာတမ်းများ၊ ကိုယ်ပိုင် အသုံးအဆောင်များဖြင့် ရှုပ်ထွေးနေခြင်းအပြင် ရုံးစားပွဲတွင် အစားအသောက်များ စားသောက်ခြင်းဖြင့် ဘက်တီးရီးယားများအတွက် ကောင်းမွန်သောနေရာဖြစ်စေပြီး ရောဂါပိုးမွှားများ တိုးပွားကာ သုံးစွဲသည့် ဝန်ထမ်းကိုလည်း ကျန်းမာရေးကိုထိခိုက်စေပါသည်။ သို့ဖြစ်၍ ရုံးစားပွဲကို သပ်ရပ်သန့်ရှင်းအောင် ဆောင်ရွက်ထားခြင်းဖြင့် ရောဂါဘယကင်းဝေးကာ လုပ်ငန်းအပေါ် ပိုမိုစိတ်ဝင်စားပြီး အောင်မြင်သော ဝန်ထမ်းတစ်ဦးဖြစ်လာမည်ဟု အသိပေးလိုပါသည်။

ရုံးစားပွဲသပ်ရပ်သန့်ရှင်းရေးကို မူတစ်ရပ်အဖြစ် တစ်ရုံးလုံး၊ တစ်ဌာနလုံးသုံးစွဲခြင်းဖြင့် အောင်မြင်သော လုပ်ငန်းတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.30 % ၊ Annual Rate of Inflation 8.59 %၊ Year on Year Inflation 8.26 % ရှိသည်ကို လေ့လာသိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၄-၁-၂၀ | ၂၇-၁-၂၀ | ၂၈-၁-၂၀ | ၂၉-၁-၂၀ | ၃၀-၁-၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၄၆၆.၅ | ၁၄၆၆.၃ | ၁၄၆၅.၈ | ၁၄၆၇.၃ | ၁၄၆၅.၅ | -၀.၀၇ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၅၀၀ | ၃၀.၆၉၅ | ၃၀.၈၆၅ | ၃၀.၉၈၅ | ၃၁.၁၃၀ | ၂.၀၇ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၅၀ | ၁.၃၅၅ | ၁.၃၅၉ | ၁.၃၅၉ | ၁.၃၆၃ | ၀.၈၆ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၀၆၂ | ၄.၀၆၅ | ၄.၀၈၄ | ၄.၀၈၀ | ၄.၀၈၉ | ၀.၆၆ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၃၅၇၂ | ၁၃၆၂၀ | ၁၃၆၃၈ | ၁၃၆၂၈ | ၁၃၆၄၅ | ၀.၅၄ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၃၇ | ၆.၉၃၇ | ၆.၉၃၇ | ၆.၉၃၇ | ၆.၉၃၇ | ၀.၀၀ | ⬆ |
| ၇ | Indian Rupee | INR | ၇၁.၂၉၇ | ၇၁.၄၃၃ | ၇၁.၃၃၉ | ၇၁.၂၂၀ | ၇၁.၅၆၁ | ၀.၃၇ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၉.၆၂၈ | ၁၀၉.၀၄၃ | ၁၀၈.၉၃၇ | ၁၀၉.၀၉၃ | ၁၀၈.၈၇၈ | -၀.၆၈ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၅၉ | ၁.၄၇၄ | ၁.၄၈၃ | ၁.၄၈၀ | ၁.၄၈၆ | ၁.၈၅ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၀၅ | ၀.၉၀၆ | ၀.၉၀၈ | ၀.၉၀၉ | ၀.၉၀၈ | ၀.၃၃ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၁ | ၁.၃၅၅ | ၀.၇၆၉ | ၀.၇၆၈ | ၀.၇၇၀ | ၀.၇၆ | ⬆ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇန်နဝါရီ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၆ ဒသမ ၅ ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီ ၃၀ ရက်တွင် ၁၄၆၅ ဒသမ ၅ ကျပ် ဖြစ်ပေါ်ခဲ့ သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၀၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ ၃၀ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ် ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဇန်နဝါရီ ၂၄ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၇၄ ကျပ်၊ ဇန်နဝါရီ ၂၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၉ ကျပ်နှင့် ဇန်နဝါရီ ၂၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၈ ကျပ်၊ ဇန်နဝါရီ ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၇၁ ကျပ်နှင့် ဇန်နဝါရီ ၃၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၉ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၄၈၈၃ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၅၂၂၀၊ ကလေးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၄၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၈၀၀၊ ဟားခါးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၅၄၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၄၉၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၀၅၀ နှင့် ရန်ကုန်မြို့ တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၀၉၁ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၉၀၅ ကျပ်၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၈၀၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၉၀၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။




# အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Sedona Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဌ ဒေါက်တာမောင်မောင်လေးတို့ တက်ရောက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အကောင်အထည်ဖော်ခြင်း၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၃ နာရီခွဲတွင် ရပ်နားခဲ့သည်။ သတင်းစာရှင်းလင်းပွဲသို့ သတင်းဌာနအသီးသီးမှ စုစုပေါင်း သတင်းထောက် ၃၀ ဦးခန့် တက်ရောက်ခဲ့သည်။

**MOC (IR)**

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ကျပ် ၉၀၀၊ မော်လမြိုင်မြို့၊ ပျဉ်းမနားမြို့နှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၈၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၏ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၀၄ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီနောက်ဆုံးပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၅၇ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၉၃ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၇၇-၄၈၄၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၂၃-၅၄၈ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းများ အနည်းငယ်မြင့်တက်နေပြီး တရုတ်နိုင်ငံတွင်ဈေးနှုန်းကျဆင်းကာ အိန္ဒိယနိုင်ငံတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာ-တရုတ် နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၄၆ ဒေါ်လာဖြစ်ကြောင်း လေ့လာ သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား တစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၅၂ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၅၇ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၅၀၅ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၈ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး နေပြည်တော်၊ မုံရွာ၊ မန္တလေး၊ ပြည်၊ တောင်ကြီး၊ မြိတ်နှင့် မော်လမြိုင်မြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ်၁၂၀၀ နှင့် မကွေး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီနောက်ဆုံးပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် သုည ဒသမ ၁၄ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တာချီလိတ်မြို့၌ ဒေသဖွံ့ဖြိုးရေးဇုန်လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက တာချီလိတ်မြို့ရှိ ဖြောင့်ဖြူးပျော်ရွှင်လိမ္မော်ခြံ စိုက်ခင်းသို့ရောက်ရှိလာရာ စိုက်ခင်းပိုင်ရှင် ဦးကျပေးက ၁၉၅ ဧကပေါ်တွင် စိုက်ပျိုးထားရှိသည့် လိမ္မော်ပင်များ စိုက်ခင်းအတွင်း လိုက်လံရှင်းလင်းပြသပြီး ဒေသန္တားမွေးမြူရေးခြံနှင့် နိုင်ငံခြား နို့စားနွား မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံဆုံရပ်သို့ ရောက်ရှိလေ့လာပြီး View Point က လာအိုနိုင်ငံဘက်ခြမ်းနှင့် မဲခေါင်မြစ်တစ်လျှောက် ကုန်စည်သယ်ယူပို့ဆောင်သည့် လမ်းကြောင်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ-လာအို နှစ်နိုင်ငံ ကုန်သွယ်မှုပြုသည့် ဝမ်ပုံဆိပ်ကမ်းသို့ ရောက်ရှိကာ စခန်းအတွင်း OSS အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသားများဘက်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မြန်မာ-လာအို နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုဖြစ်ထွန်းလာအောင် ဆောင်ရွက်ထားရှိရမည့် အစီအမံများ၊ ဒေသတွင်းရှိကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဌာနဆိုင်ရာများမှ ဝိုင်းဝန်းကူညီအားပေးရန်၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးကြရန်၊ မှောင်ခိုကုန်သွယ်မှု လျော့နည်းပပျောက်အောင် ဝိုင်းဝန်းကူညီ ထိန်းကျောင်းပေးကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ရှင်းလင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**MOC (IR)**




GH 上海港湾集团 GEOHARBOUR

**MYANMAR GEOHARBOUR ENGINEERING AND CONSTRUCTION CO.LTD**

## Company Profile

Geoharbour Construction Group is a global professional entity specializing in geotechnical construction, design, investigation, consultancy and research, and also the chief editorial unit of China National Standard of Reclamation Soil Treatment, and directorate body of the Technical Committee of China Soft Soil Treatment. In the past 20 years, Geoharbour Construction Group has completed over 1000 large-scale projects, total area of soil treatment over 10, 000 hectares, involving a variety of job sites such as roadways, airport runways, ports, power plants, industrial parks and etc.

### Available Services

- Ground Improvement
- Piling Foundation
- Deep Foundation
- Pit
- Slope Protection
- Reclamation & Harbour Construction

## Project Profile

- Thilwa Grain Terminal Port Project (PVD Method)
- Innocity Project (Soil Cement Wall Method)

**Free Free to contact us for above services!**

Address : 192, Diamond Land Condo, 7th Floor, Bo Myar Htun Street, Pazundaung Township, Yangon..
Contact No : 01-8610293, 09-448021486, +65-86510637
Email : thetmon@geoharbourmm.com, chenguang@geoharbour.com
Website : www.geoharbourmm.com, www.geoharbour.com



MWS
Myanmar Web Solution
Since 2008

WEBSITE

MOBILE APPS

SOFTWARES

DIGITAL MARKETING & SEO

Building 2, Room 302, Kyi Daw Housing, Mingalar Taung Nyunt Tsp
09 2540 621 80 , 09 7982 999 03
www.mws.com.mm
hello@mwscompany.com



KS Petrol

# KYAW SAN CO.,LTD




Add : No.(17/ ka), Laeyar (2) Street, 10/ North Ward, Tharkayta Township, Yangon.
Ph : 09-767642080
Email : kyawsankzd@gmail.com
kyawsanacc@gmail.com



# U SEINN COMPANY LIMITED.

U SEINN
CO., LTD.

အမှတ် ၁၄၅၊ မဟာရာမင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၅၁၃၅၄၉၀
useinn999@gmail.com ? office.useinncoltd@gmail.com

# အရေးပါအရာရောက်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု

**ငြိမ်းဝေနှင်း ( ကယား)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization) သည်အဖွဲ့၏ မျှော်မှန်းချက်နှင့်အညီ ပို့ကုန် ဦးဆောင်သော ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို ကျင့်သုံး၍ မြန်မာ့စီးပွားရေး လုပ်ငန်းများကို မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံအား ဒေသတွင်း ကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းမှုများကို ဖြေကြားခြင်း၊ စာကြည့်တိုက်ဖွင့်လှစ်ထားရှိခြင်း၊ အီလက်ထရွန်နစ် သတင်းအချက်အလက်များ လေ့လာနိုင်ရန် စီစဉ်ပေးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာအုပ်၊ စာစောင်နှင့် CD များ ထုတ်လုပ်ဖြန့်ချိခြင်း၊ မြန်မာ့ပို့ကုန်ပြခန်းများဖွင့်လှစ်ထားရှိခြင်း၊ ပို့ကုန်ကြော်ငြာလုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ကုန်စည်ပြပွဲ ဝန်ဆောင်မှုပေးခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးတိုင်ပင်ရန် စီစဉ်ပေးခြင်း၊ စီးပွားရေးပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကုန်သွယ်မှုပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်း၊ အမှတ်တရ ပို့ကုန်ပစ္စည်းများရောင်းချခြင်း၊ ဒေသတွင်းဈေးကွက်များတွင် ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ ပြည်တွင်းကုမ္ပဏီများကို စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြင့် မြန်မာကုန်သွယ်မှုနှင့် ပို့ကုန်များကိုတိုးမြှင့်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို မြန်မာပြည်တွင် ပြုလုပ်သည်ဟူသောတံဆိပ်တပ်နိုင်ရေးအတွက်လည်း ရည်မှန်း၍ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့်ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ်(human resources)၊ သဘာဝအရင်းအမြစ် ( nature resources) နှင့် ဘဏ္ဍာရေးအရင်းအမြစ်(financial resources) တို့သည်နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုး တက်မှုအတွက် လိုအပ်သော အရင်းအနှီးများ ဖြစ်သည်ဟု မျက်မှောက်ခေတ်ဖွံ့ဖြိုးမှုပညာ၊ ပညာရှင်များက သတ်မှတ်လာကြပါသည်။ ယင်းအရင်းအမြစ်သုံးခုအနက် လူ့စွမ်းအားအရင်းအမြစ်သည် စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူး အရေးပါလှပေသည်။ သဘာဝအရင်းအမြစ်၊ ဘဏ္ဍာရေးအရင်းအမြစ် မည်မျှပင်ကြွယ်ဝစေကာ မူ စနစ်တကျ ဖော်ထုတ်အသုံးပြုနိုင်စွမ်းရည်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုမရှိပါက ဖွံ့ဖြိုးမှုကိုမည်သို့မျှ အခိုင်အမာ တည်ဆောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို လူမှုစီးပွားရေးဖွံ့ဖြိုးရေးအတွက် လူ့အရင်းအနှီး (human capital) ဖြင့် တည်ဆောက်နေကြခြင်းဖြစ်သည်။

အခြေခံအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုသည် နည်းပညာတိုးတက်မှု ( technological progress) နှင့် ဆက်စပ်လျက်ရှိသည်။ တစ်ဖန်နည်းပညာတိုးတက်မှုသည် လူ့အရင်းအနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်သော လူ့စွမ်းအားအရင်းအမြစ်အပေါ် မူတည်နေပေသည်။ လူ့အရင်းအနှီးမြှုပ်နှံမှု၏ တိုက်ရိုက်ရရှိသော အကျိုးအမြတ်သည် ပညာရေးနှင့် အမြော်အမြင်၊ အတွေ့အကြုံရင့်သန်စေမှုပင်ဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်သားအင်အား အပိုအလျှံ (man power surplus) ရှိနေတတ်သည်ဖြစ်ရာ ယင်းပိုလျှံလုပ်သား အင်အားကို အပြည့်အဝ အသုံးချနိုင်အောင် စွမ်းဆောင်နိုင်ခြင်းကြောင့် လူနေမှုအဆင့်အတန်း ( standard of living) မြင့်မားမှုအကျိုးရလဒ်ကို ရရှိနိုင်ပေသည်။ လုပ်သားအင်အားစု၏ တစ်ဦးချင်း အတွေ့အကြုံ ( individual experience) ကျွမ်းကျင်မှု၊ လုပ်ရည်ကိုင်ရည်စသည်တို့သည် လူ့အရင်းအနှီး၊ လူ့စွမ်းအားစုဖွံ့ဖြိုးမှု၏ အရင်းအမြစ်များတွင် ပါဝင်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်သည် အရေအတွက်ထက် အရည်အချင်းနှင့်ပို၍ သက်ဆိုင်ပါသည်။ ထို့အတူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် လူဦးရေအနည်းအများအပေါ် မူမတည်ဘဲ အတွေ့အကြုံရင့်ကျက်မှု၊ ကျွမ်းကျင်မှု၊ တီထွင်ကြံဆမှုများအပေါ် မူတည်နေပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးအမြတ်သည် ရုပ်ဝတ္ထုပစ္စည်းဖွံ့ဖြိုးမှုကဲ့သို့ တိုင်းတာရန် ခက်ခဲလှပါသည်။ ထို့ကြောင့် အထင်ရှားဆုံးသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ခက်မများတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းနှင့် လူမှုဖူလုံရေး အတွက် စွမ်းဆောင်ချက်လုပ်ငန်းများပါဝင်ပါသည်ဟု မျက်မှောက်ခေတ်တွင် အသိအမှတ်ပြုလာ ကြခြင်းပင်ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုတွင် သန္ဓေကာလ (gestation period) ကြာရှည်သော်လည်း အကျိုးကျေးဇူးကို အတိုင်းအဆမရှိ ပြန်လည်ခံစားနိုင်ခြင်းပင် ဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းအရင်းအနှီးတွင် ပျက်စီးယိုယွင်းမှုအရ နှစ်စဉ်တန်ဖိုးလျော့စေကာမူ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မြှုပ်နှံမှုတွင်မူ ပြန်းတီးမှု ( depreciation) တန်ဖိုး လျော့နည်းမှုမရှိပေ။ လူ့စွမ်းအားအရင်းအမြစ် မြှုပ်နှံမှုတွင် ရုပ်ဝတ္ထုပစ္စည်းရင်းနှီးမြှုပ်နှံမှုထက် အကျိုးသက်ရောက်မှု ကြီးမားချက်မှာ ဆင့်ပွား အကျိုးသက်ရောက်မှုများရှိခြင်းပင် ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှုပ်နှံမှု၏ရလဒ်များတွင် လုပ်သားတို့၏ အတွေးအခေါ် အမြော်အမြင် အတွေ့အကြုံ မြင့်မားစေခြင်းအပြင် အိမ်ထောင်စုများအကြား ဝင်ငွေ ဖြန့်ဖြူးမှု (income distribution) ပိုမို ကောင်းမွန်စေခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ လူဦးရေကို ကုန်စည်နှင့် ဝန်ဆောင်မှုများအား စားသုံးသူများ အဖြစ်လေ့လာရာတွင် ပုဂ္ဂလိက (သို့) အိမ်ထောင်စုစားသုံးမှုနှင့် စုပေါင်းစားသုံး မှုဟူ၍ ခွဲခြားလေ့လာနိုင်ပါသည်။ လူဦးရေ၏ ပုဂ္ဂလိက စားသုံးမှုသည် အသက်၊ ကျား/မနှင့် ဒေသ အလိုက်ပျံ့နှံ့မှုတို့နှင့် ဆက်နွှယ်နေသည်။ အသက်အရွယ်မတူလျှင် စားသုံးမှုပုံသဏ္ဌာန်ကွာခြားနိုင်ပါသည်။ ကျေးလက်တွင်နေထိုင်သူများနှင့် မြို့ပြတွင် နေထိုင်သူများ၏ စားသုံးမှုပုံသဏ္ဌာန်များ သိသာစွာခြားနားသည့်အတွက် ကျေးလက်ဒေသနှင့် မြို့ပြဒေသအကြား လူဦးရေပျံ့နှံ့မှုသည် အလွန် အရေးပါလှပါသည်။

အိမ်ထောင်စုစားသုံးမှုနှင့် ပတ်သက်၍ အိမ်ထောင်စုများ၏ အရွယ်အစားနှင့် တည်နေရာတို့သည် အရေးပါသော အကြောင်းအချက်များဖြစ်သည်။ အရွယ်အစားကြီးသော အိမ်ထောင်စုများနှင့် အရွယ်အစားငယ် သော အိမ်ထောင်စုများ၏စားသုံးမှုပုံသဏ္ဌာန် များကွာခြားပါသည်။ တည်နေရာမတူလျှင်လည်း စားသုံးမှုပုံသဏ္ဌာန်ချင်း မတူနိုင်ပေ။ လူဦးရေကို ကုန်စည်နှင့်ဝန်ဆောင်မှုများအား စားသုံးသူများ အဖြစ်လေ့လာရာတွင် လက်ငင်းစားသုံးမှုသာမက အနာဂတ်စားသုံးမှုကိုပါထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ အကြောင်းမှာ လူဦးရေတိုးတက်မှုသည် အနာဂတ်မျိုးဆက်၏ စားသုံးမှုကိုပြဋ္ဌာန်းပေးနေခြင်းကြောင့် ဖြစ်သည်။ လူဦးရေတိုးတက်သည်နှင့်အမျှ စားသုံးမှုတိုးတက်နေမည်ဖြစ်သောကြောင့် များများ ထုတ်လုပ်ရမည်။ ထိုအခါအရင်းအနှီး ပိုမိုလိုအပ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ လူဦးရေတိုး တက်မှုနှုန်းသည်လည်း စီးပွားရေးအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုနှုန်းကို သတ်မှတ်ပေးသည့် အရေးကြီးသော အချက်တစ်ချက်ပင်ဖြစ်သည်။

ဒေသတစ်ခုတွင် လူဦးရေပမာဏသည် ထိုဒေသအတွင်းရှိ ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များက မည်မျှထောက်ပံ့ပေးနိုင်သည်ဟူသော အချက်အပေါ် မူတည်သည်ကို လက်ခံထားသော်လည်း အချိန်တစ်ချိန်တွင် ၎င်းပမာဏမည်မျှဆိုသည်ကို အတိအကျဖော်ပြရန် ခဲယဉ်းပေသည်။ အကြောင်းမှာ နည်းပညာဖွံ့ဖြိုးမှုသည် အမြဲတစေဖြစ်ပေါ်နေပြီး ၎င်းက ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များအား ပိုမိုမြှင့်တင်ပေးနေသည့်အတွက် ၎င်းဒေသ၏ အနေတော်လူဦးရေသည်လည်း အမြဲပြောင်းလဲနေမည်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျခြင်းကြောင့် လုပ်သားအင်အားရရှိနိုင်မှုကို လျော့နည်းစေခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းစေခြင်း၊ ကုန်ထုတ်စွမ်းအားစုများကို အပြည့်အဝအသုံးမချနိုင်ခြင်းနှင့် သဘာဝအင်အားစုများ၏ တိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်ခြင်းတို့ ပေါ်ပေါက်စေလာနိုင်ပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတိုင်း၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ပါသည်။ မျက်မှောက်ကာလ၌မူ ဖွံ့ဖြိုးတိုးတက်မှုကို ဆင့်တက်ရည်မှန်းချက်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development ) ကိုတက်လှမ်းလာကြသည်။စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရန်မှာ ဖိနှိပ်မှု၊ ရောဂါဘယဖိစီးမှု၊ ဆင်းရဲငတ်မွတ်မှု၊ အသိပညာအတတ်ပါ ခေါင်းပါးမှုစသည့် ဘေးဒုက္ခများကင်းဝေးမှသာ လူနေမှုအဆင့်အတန်းမြင့်မားစွာဖြင့် ဖွံ့ဖြိုးမှုရည်မှန်းချက်ကိုတက်လှမ်းနိုင်မည် ဖြစ်ပါသည်။

ထို့အတူ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးမှာလည်း ထိထိရောက်ရောက်အကျိုးရှိနိုင်မည်ဖြစ်ပေသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးက တက်လှမ်းနိုင်ရန် ငြိမ်းချမ်းရေးသည်လည်း မလွဲမသွေရှိဖို့အထူးလိုအပ်ပြီး လူ့အခွင့်အရေး ပြည့်ဝမှုရှိရေးတွင် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတို့မှာ မပါမပြီးသည့် အချင်းအရာများပင် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့ကာလ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ငြိမ်းချမ်းရေး တေးသံများ ဖြင့် ခြိမ့်ခြိမ့်သဲနေကြခြင်းသည် ငြိမ်းချမ်းရေးအရယူနိုင်ရေးအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြစ်ဘိသကဲ့သို့ လူ့စွမ်းအား အရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၏ အောင်မြင်မှုလမ်းကြောင်းလည်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## အလှကုန်၊ စားသောက်ကုန်နှင့် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မဈေးအတွင်းရှိ အလှကုန်၊ စားသောက်ကုန်နှင့် ဆေးဆိုင်များအား FDA စားသုံးသူရေးရာဦးစီးဌာန ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ မြန်မာနိုင်ငံရဲတို့ ပူးပေါင်းပါဝင်သော အဖွဲ့မှ ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဈေးကွက်နမူနာကောက်ယူခြင်း ဆောင်ရွက်ခဲ့သည်။

အလှကုန်၊ စားသောက်ကုန်နှင့် ဆေးဆိုင်များအားသက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစစ်ဆေးရာတွင် FDAက တားမြစ်ပိတ်ပင်ထားသည့် အလှကုန် စားသောက်ကုန်အချို့တွေ့ရှိခဲ့ပြီး FDA ဥပဒေဖြင့် သိမ်းဆည်းအရေးယူခြင်း နောက်နောင်တွင် တားမြစ်ကုန်စည်များ ဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးခြင်း တားမြစ်ကုန်စည်အမျိုးအစားများအား အသိပေးခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူးရုံးမှ စစ်ဆေးရေးအရာရှိနှင့် ဝန်ထမ်းများက စားသုံးသူကာကွယ်ရေးဥပဒေပါကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်များပြည့်စုံမှန်ကန်စွာ ပါရှိသော ကုန်စည်များအား ရွေးချယ်ဝယ်ယူရောင်းချရေး အသိပေးခြင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တားမြစ်ကုန်စည်နှင့် သက်တမ်းလွန်ကုန်စည်များရောင်းချမှု မရှိစေရေး စစ်ဆေးအသိပေးခြင်း ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့မှ အလှန်ကုန်နှင့် စားသောက်ကုန်အချို့အား နမူနာကောက်ယူခြင်း ဆေးဝါးတု အမျိုးအစားများအား အသိပေး ဆွေးနွေးခြင်းနှင့် ဆေးဝါးတု စာရင်းများအား ဆေးဆိုင်ပိုင်ရှင်များထံ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးထက်နိုင် (ကျိုင်းတုံ)**

# တရုတ်–မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် စာချုပ် ၃၃ ခုအား ပိုင်းခြားစိတ်ဖြာလေ့လာကြည့်ခြင်း (၁)

| မောင်လွင်ပြင် |

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်သည့် ခရီးစဉ်တွင် မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်စာချုပ်ပေါင်း ၃၃ ခု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ယင်းစာချုပ်ပေါင်း ၃၃ ခုမှာ နားလည်မှုစာချွန်လွှာ(MoU) ၁၄ ခု၊ သဘောတူညီမှုစာချွန်လွှာ(MOA) ခြောက်ခု၊ သဘောတူညီချက် သုံးခုနှင့် စာလွှာ ၁၀ ခုတို့ဖြစ်သည်။ နားလည်မှုစာချွန်လွှာအကြောင်း ဦးစွာတင်ပြလိုသည်။

နားလည်မှုစာချွန်လွှာဆိုသည်မှာ စီမံကိန်းအကောင်အထည်ဖော်ရန် နှစ်ဖက်ကြိုတင်နားလည်မှုယူထားခြင်းဖြစ်သည်။ နှစ်ဖက်နားလည်မှုကြိုတင်ညှိနှိုင်းဆွေးနွေးယူထားကြပြီး အကြိုစာချုပ် ချုပ်ထားခြင်းမျိုးဖြစ်သည်။ နားလည်မှုစာချွန်လွှာဖြစ်၍ အကောင်အထည်ဖော်မည့် စီမံကိန်းဖြစ်နိုင်ခြေ ရှိ/မရှိ၊ ပူးပေါင်းဆောင်ရွက်၍ ရနိုင်/မရနိုင်၊ စီမံကိန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်လျှင် နှစ်ဖက် အကျိုးအမြတ် ရနိုင်/မရနိုင် စသည်တို့ လေ့လာသုတေသနပြုရေး အကြိုညှိနှိုင်းဆွေးနွေးရန် ကြိုတင်စာချုပ် ချုပ်ထားသည့် သဘောမျိုး ဖြစ်သည်။ နားလည်မှုစာချွန်လွှာ ၁၄ ခုကို တင်ပြပါမည်။ ၂၀၂၀ မန်ချန်-မဲခေါင် ရုပ်မြင်သံကြားသီတင်းပတ်၏ မြန်မာနေ့ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ်လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေးနားလည်မှုစာချွန်လွှာ၊ ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အခြားပူးပေါင်း ဆောင်ရွက်မှုမြှင့်တင် ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ- တရုတ် နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်း ဖြစ်နိုင်ခြေ လေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား ချစ်ကြည်ရေး၊ ဆက်ဆံရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ မန္တလေး တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား မြန်မာ့စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ၊ နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရန်ကုန်မြစ်ဝ အနောက်ဘက်ကမ်း ထိန်းသိမ်းရေးစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှု ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မန္တလေး-ပုဂံ ရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ဥမင်လိုဏ်ခေါင်း စီမံကိန်း ဖြစ်နိုင်ခြေ လေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ ဖြစ်သည်။

နားလည်မှုစာချွန်လွှာခုထဲတွင် အရေးကြီးသည့် စာချွန်လွှာများတွေ့ရသည်။ ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ် လုပ်ငန်းစဉ်များ လျှင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာ၊ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အခြေခံ အဆောက်အုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာခွန်လွှာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား မြန်မာ့စီးပွားရေးစင်္ကြံပူးတွဲ တည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်း ဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ ရန်ကုန်မြစ်ဝ အနောက်ဘက်ကမ်း ထိန်းသိမ်းရေး စီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မန္တလေး-ပုဂံရထားလမ်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ‘ဝ’ တစ်လုံးဥမင်လိုဏ်ခေါင်းစီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့သည် အရေးကြီးသည့် စာချွန်လွှာများဟု ယူဆသည်။

အရေးကြီးသည့် စာချွန်လွှာများဟု ယူဆရခြင်းမှာ ယင်းနားလည်မှုစာချွန်လွှာများ နှစ်ဖက်ညှိနှိုင်းဆွေးနွေးသဘောတူညီမှုရပြီး ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဖြစ်လင် မြန်မာနိုင်ငံအတွက် အကျိုးများစွာရှိစေမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှု အကျိုး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားလာမည့်အကျိုး၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာမည့်အကျိုး၊ မြန်မာလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာမည့်အကျိုး၊ နည်းပညာများဖွံ့ဖြိုးလာမည့် အကျိုးစသည့်အကျိုးများ ပေါ်ပေါက်လာမည်မှန်းဆမိသည်။ ရွှေလီ-မူဆယ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် မူဘောင်သဘောတူစာချုပ်လုပ်ငန်းစဉ်များ လျင်မြန်တိုးတက်စေရေး နားလည်မှုစာချွန်လွှာသည် အရေးကြီးသည်။ အရေးကြီးရခြင်းမှာ ယခုအခါ တရုတ်-မြန်မာနယ်စပ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် စီစဉ်နေသည်။ မူဆယ်-ချင်းရွှေဟော် ဒေသဘက်တွင် ဦးစွာတည်ထောင်မည်။ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဇုန်များသည် ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ် (BRI) အရ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်မည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း၏ မူလအစဖြစ်သည်။ စီးပွားရေးစင်္ကြံ၏ တာထွက်နေရာဟုလည်းဆိုနိုင်သည်။ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဇုန်များက စတင်တာထွက်လာသော ကုန်စည်များသည် စီးပွားရေးစင်္ကြံလမ်းအတိုင်း မူဆယ်မှမန္တလေး၊ မန္တလေးမှ ကျောက်ဖြူ၊ မန္တလေးမှ ရန်ကုန်၊ ရန်ကုန်မှ မြဝတီ-မဲဆောက် စသည်ဖြင့် စီးဆင်းသွားမည်။ စီးပွားရေးစင်္ကြံလမ်းကြောင်းအတွက် အခြေခံအဆောက်အအုံများလိုသည်။ ထို့ကြောင့် ကူမင်း-မူဆယ်-မန္တလေးရထားလမ်း ဖောက်လုပ်ဖို့ စီမံကိန်းရေးဆွဲထားသည်။ ယခုအခါ မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်း EIA(သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်း စစ်ချက်)၊SIA (လူမှုစီးပွားဘဝထိခိုက်မှုလေ့လာဆန်းစစ်ချက်) များ ကွင်းဆင်းတိုင်းတာနေသည်။ စီမံကိန်းကျရာဒေသခံ ပြည်သူများအားလည်း စီမံကိန်းအကြောင်း ကွင်းဆင်းတင်ပြနေပြီး ဒေသခံ ပြည်သူများ၏ ထောက်ခံမှုများ ရရှိထားသည်ဟု သိရသည်။ စီးပွားရေး စင်္ကြံအရကုန်စည်သယ်ယူပို့ဆောင်လျှင်ကုန်သွယ်မှု မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ လိုလားသည်။ ထို့ကြောင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့တည်ထောင်ခြင်းတို့အတွက် နားလည်မှုစာချွန်လွှာ အကြိုချုပ်ဆိုထားခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ-တရုတ်နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း စီမံကိန်းသည်လည်း စီးပွားရေးစင်္ကြံလမ်းကြောင်းအတွက် မရှိမဖြစ်လိုလားသည်။ ဓာတ်အားလိုင်းစီမံကိန်းဖြစ်နိုင်ခြေ လေ့လာမှုဆိုင်ရာ နားလည်မှု စာချွန်လွှာထည့်သွင်းရေးထိုးရခြင်းဖြစ်သည်။ စီးပွားရေးစင်္ကြံလမ်းအရ ကုန်သွယ်မှုပြုတော့မည်ဆိုလျှင် ယူနန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးသည် အခြေခံစခန်းများ ဖြစ်လာလိမ့်မည်။ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်တို့အကြား မြန်မာ့စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေး မူဘောင်အောက်မှ ဒေသန္တရအဆင့် ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ ရေးထိုးရခြင်းဖြစ်သည်။ မူဆယ်-မန္တလေး ရထားလမ်းဖောက်လျှင် ရှေ၊ မြေသဘာဝအရ တောင်များ၊ မြစ်များ ဖြတ်ကျော်ရမည်။ တောင်ကိုဖြတ်ကျော်လျှင် စရိတ်အကုန်အကျများမည်။ ခက်ခဲမည်။ ထို့ကြောင့် ဥမင်လိုဏ်ခေါင်းတူးမည်။ သို့ကြောင့်လည်း ‘ဝ’ တစ်လုံး ဥမင်လိုဏ်ခေါင်း စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု နားလည်မှုစာချွန်လွှာ ရေးထိုးကြသည်။ မန္တလေး-ပုဂံရထားလမ်း စီမံကိန်း ဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကတော့ မန္တလေးနှင့် ပုဂံကို ရထားလမ်းဆက်သွယ်ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရည်ရွယ်သည်ယူဆသည်။ ယခုနှစ်ပိုင်းများတွင် တရုတ်ကမ္ဘာလှည့် ခရီးသွားများ မြန်မာနိုင်ငံသို့လာရောက် လည်ပတ်မှုများပြားနေသည်။ ရန်ကုန်မြစ်ဝ အနောက်ဘက်ကမ်းထိန်းသိမ်းရေး စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှုဆိုင်ရာ နားလည်မှုစာချွန်လွှာသည်လည်း အရေးကြီးသည်။ ရန်ကုန်မြစ်ဝတွင် ရေနက်ဆိပ်ကမ်းတစ်ခုတည်ရန် အစီအစဉ် ရှိသည်။ ရန်ကုန် ကြည့်မြင်တိုင်တစ်ဖက်ကမ်း ဆိပ်ကြီးခနောင်တိုအနောက်ဘက်ခြမ်းတွင် ရန်ကုန်မြို့သစ် စီမံကိန်းနှင့် ရန်ကုန်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မည်။ ယင်းကိစ္စ သမ္မတ ရှီကျင့်ဖျင်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ယင်းစီမံကိန်းများနှင့်အတူ ရန်ကုန်မြစ်ဝတွင် ရေနက်ဆိပ်ကမ်း တည်မည်။ ယင်းသည် ရန်ကုန်မြစ်ဝအနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်သည်။

■

Commerce ကာတွန်း



# စစ်ကိုင်းရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူကာကွယ်ရေး အသိပညာပေး

စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး ဒု-ဦးစီးမှူး ဒေါ်ခင်စောဝင်း၊ စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်း၊ အကြီးတန်းစာရေး ဦးလင်းထက်နိုင်၊ အကြီးတန်းစာရေး ဦးကျော်ဝင်းစိန်၊ အကြီးတန်းစာရေး ဦးယဉ်အောင်၊ အကြီးတန်းစာရေး ဒေါ်ကေသီအောင်တို့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့နယ်၊ ရွာထောင်ရပ်ကွက်၊ အမှတ်(၁၅)၊ ရွာထောင်အ. လ. က(ခွဲ)ကျောင်းနှင့် ဇန်နဝါရီ ၁၇ ရက် စစ်ကိုင်းမြို့နယ်၊ ချောင်းပေါက်အ. လ. က(ခွဲ)ကျောင်းတို့တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အမှတ်(၁၅)၊ ရွာထောင် အ. လ. က (ခွဲ)ကျောင်းနှင့် ချောင်းပေါက် အ. လ. က(ခွဲ)ကျောင်းတို့တွင် ကျောင်းစားသုံးသူကာကွယ်ရေးဟောပြောပွဲများတွင် ပထမဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်းက ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ တာဝန်များ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ အခန်း (၁) ကုန်အညွှန်း အမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်မှစတင်၍ကုန်အညွှန်း အမှတ်အသားတွင်မြန်မာ ဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့်တွဲလျက်ဖြစ်စေဖော်ပြချက်ရှိမှသာလျှင် ဈေးကွက်အတွင်းသို့ ဖြန့် ဖြူးရောင်းချရမည်ဖြစ်ကြောင်း စသည့်အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်းက ဟောပြောဆွေးနွေးရာတွင် ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ခရီးသွားဝန် ဆောင်မှုစသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်းကောင်း၊ အစားအသောက်နှင့်ပတ်သက်၍လည်းကောင်း၊ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးဖွင့်လှစ်ထားရှိရာသို့ လာရောက်တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

စားသုံးသူ ကာကွယ်ရေး ဟောပြောပွဲ အခမ်းအနားပြီးဆုံးပြီးနောက် စစ်ကိုင်းမြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျောင်းမုန့်ဈေးတန်းအား စိစစ်ပညာပေးဆောင်ရွက်ခြင်း၊ စားသုံးသူများ နစ်နာမှုရှိပါက တိုင်ကြားနိုင်ရန် ကျောင်းစားသုံးသူတိုင်ကြားမှုလက်ခံစာတိုက်ပုံး တစ်ပုံးစီထားရှိဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ယဉ်အောင် ( DOCA၊ စစ်ကိုင်း)**

# ကျွန်းစုမြို့နယ် ပထက်ကမ်း အထက၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် မြိတ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ မြိတ်မြို့၊ ကျွန်းစုမြို့နယ်၊ ပထက်ကမ်း အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အသိပညာပေး ဟောပြောရာတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားခြင်း၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဦးမျိုးအေးက ဌာနစတင်ဖြစ်ပေါ်လာပုံ၊ ဌာန၏ရည်ရွယ်ချက်၊ ဌာနမှဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ(ဟောပြော၊ကွင်းဆင်း၊ တိုင်ကြားမှုများ လက်ခံဖြေရှင်းပေးနေကြောင်း) တိုင်ကြားရာတွင် အစားအသောက်သာမက ကုန်စည်နှင့် ဝန်ဆောင်မှုပါဝင်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဒု-ကြီးကြပ်ရေးမှူးဒေါ်နော်ဇင်မင်းဖြူ က စားသုံးရန်မသင့် ဓာတုဆိုးဆေးများအကြောင်း၊ ဓာတုတာရှည်ခံဆေးများအကြောင်းနှင့် အစားအစာ ချက်ပြုတ်ရာတွင် လိုအပ်သောအချက်များအကြောင်း ရှင်းလင်းပြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးသီသီက ပိုးသတ်ဆေး ပါဝင်နေသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအကြောင်း၊ ယင်မနားဆေးအကြောင်း၊ အစားအစာမစားသောက်မီ သိရှိရမည့်အချက်များနှင့် ရှောင်ရန်အချက်များအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများဘေးအန္တရာယ်ကင်းရှင်းစွာစားသောက်နိုင်ရန်အလို့ငှာ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် ရောင်းချနေသော မုန့်ဈေးဆိုင်များအား ခွင့်မပြုတာရှည်ခံဆေး၊ ခွင့်မပြုဓာတုဆိုးဆေး၊ ကျန်းမာရေးနှင့်မညီသော အစားအသောက်များ ရောင်းချနေခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကျော်ဝင်းနိုင်(မြိတ်)**



# ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ (၁/၂၀၂၀) အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ၏ (၁/၂၀၂၀) ညှိနှိုင်းအစည်းအဝေးပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံးခန်း၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်စားသုံးသူရေးရာကော်မတီ ဒုဥက္ကဋ္ဌ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးက ၂၀၁၉ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ မြန်မာနိုင်ငံ စားသုံးသူရေးရာ ကော်မရှင်ဖွဲ့စည်းခဲ့မှု၊ တိုင်းနှင့်ပြည်နယ် စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းထားခဲ့မှုများ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား အမှာစာ(၁) မှ (၇)အထိ ရှင်းလင်းဆွေးနွေး တင်ပြခဲ့သည်။

ထို့နောက် အစည်းအဝေးတွင် တက်ရောက်သူများက ဆွေးနွေးတင်ပြခဲ့မှုများအပေါ် မှတ်တမ်းတင်ခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဆိုင်ရာများအား အကြံပြုဆွေးနွေးခဲ့ကြရာမှ မှတ်တမ်းတင်ခြင်း ခုနစ်ရပ်၊ ဆွေးနွေးဆုံးဖြတ်ခြင်း နှစ်ရပ်တို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **နန်းစန္ဒာ (တောင်ကြီး)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၈) | H | ၁၉၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၂။ | ဖွန်ဒါဖစ်ရှာတဲလ် (၂၀၁၁) | N | ၂၇၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၃။ | တိုယိုတာ၊ ဗတ် (၂၀၀၉) | F | ၁၄၅ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၄။ | ပရိုဘောက် (၂၀၁၈) | H | ၁၈၀ သိန်း | ၁.၅ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၅။ | နွက်ချ် (၂၀၀၃) | I | ၂၇၀ သိန်း | ၂.၀ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၆။ | အာလ်ဖတ် (၂၀၀၃) | G | ၃၂၅ သိန်း | ၂.၄ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၇။ | ကလူဂျာ (၂၀၀၁) | J | ၃၂၀ သိန်း | ၃.၀ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၈။ | ပါဆို (၂၀၀၉) | F | ၁၃၅ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၉။ | စူပါကပ်စတန် (၂၀၀၀) | 8H | ၁၆၅ သိန်း | ၃.၀ ဒီဇယ် ၊ ရန်ကုန်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်း၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | MB (1)၊ BR (2) | ၁၄၅၀ သိန်း | ဓါတ်လှေခါးပါ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၂။ | တိုက်ခန်း | စမ်းချောင်း၊ ဖျာပုံလမ်း | (၁၃ x ၅၀ )ပေ | ဟောလ်၊ (၄) လွှာ | ၄၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၃။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်း၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | (ပ)ထပ် | ၁၄ သိန်း | ပြင်ဆင်ပြီး (၁လအငှား) | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ စင်ရော်လမ်း၊ လမ်းသွယ် | (၃၀ x ၅၀ )ပေ | RC (1) ထပ် | ၁၅၅၀ သိန်း | ပုံမှန်တိုက်အိမ် | ၀၉/၇၉၉၅၈၈၄၂၇ |
| ၅။ | အိမ်/မြေ | အင်းစိန်မြို့နယ်၊ မြို့သစ် (၅) လမ်း | (၂၀ x ၆၀)ပေ | RC (2) ထပ် | ၁၇၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | မြေ | ဒဂုံ (မြောက်)၊(၄၄) ရပ်ကွက် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၇၅၀ သိန်း | မြေသီးသန့် | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | မြေ | သန်လျင်မြို့နယ်၊ သီလဝါသွားလမ်း | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၂၅၀ သိန်း | ခြံခတ်ထား | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာရပ်ကွက် | (၃၀ x ၅၀)ပေ | RC (2) ထပ် | ၁၃၅၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၉။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | (၆၀ x ၈၀)ပေ | မြေသီးသန့် | ၁၈၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |

# မင်းတပ်မြို့နယ်၌ ဝဥလွှာခြောက်စက်ရုံ ဖွင့်ပွဲကျင်းပ

ချင်းပြည်နယ် မင်းတပ်မြို့နယ် လာလောင်းထွီး ကျေးရွာအုပ်စု၊ ထင်ချောင်းကျေးရွာ၌ တည်ဆောက်ထားရှိသော ချင်းတောင်ရတနာကုမ္ပဏီလီမိတက်၏ ဝဥလွှာခြောက် စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။



အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ဆက်စပ်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်အသင်း ဥက္ကဋ္ဌ၊ Ukaid/ Dana Facitity မှ အကြီးတန်းအကြံပေးအရာရှိ၊ ဧရာဝတီဘဏ်မှ မန်နေဂျင်းဒါရိုက်တာတို့ တက်ရောက်ခဲ့သည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန် လွှယ်၊ ဒေသခံ ဝဥစိုက်ပျိုးရေး တောင်သူဦးခယ်ရှိန်နှင့် ဒေါ်ဘွယ်ယတို့က ဝဥလွှာခြောက် စက်ရုံ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အကြီးအကဲများက ဝဥလွှာခြောက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က အားပေး လမ်းညွှန် အမှာစကားပြောကြားကာ ချင်းတောင်ရတနာကုမ္ပဏီလီမိတက်မှ လုပ်ငန်းစဉ်များအား မိတ်ဆက် ရှင်းလင်း တင်ပြသည်။

ချင်းတောင်ရတနာလီမိတက်မှ ဝဥလွှာခြောက်စက်ရုံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ "ချင်းပြည်နယ်ရှိအဓိက စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် တည်ငြိမ်သော ဈေးကွက်ချိတ်ဆက် ဖော်ဆောင်ခြင်းဖြင့် ဒေသခံစိုက်ပျိုးသူများကို ပိုမိုအကျိုးဖြစ်ထွန်းစေပြီး ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ် စေရန်" ရည်ရွယ်၍ တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရှိရသည်။ **ဒေါ်ကြွယ်(ဟားခါး)**

## e-Government အထောက်အကူပြု သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)က ဦးဆောင်၍ e-Government အထောက်အကူပြု သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ဇေယျာသီရိခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ် ဒေါက်တာစိုးစိုးခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် သတင်းအချက်အလက်များ လွယ်ကူစွာစီးဆင်းလျက်ရှိသော နည်းပညာခေတ်တွင် မိမိတို့ဌာနဆိုင်ရာ သတင်းအချက်အလက်များ လုံခြုံရေးအတွက် ဆောင်ရွက်ထားရှိရမည့် မူဝါဒများ၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိစေရန်ရည်ရွယ်၍ e-Government ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခဒေါက်တာမီမီသွင်က Cyber Security and Private Data Protection ခေါင်းစဉ်ဖြင့်လည်းကောင်း၊ MCPA (Sagaing Region) မှ ဥက္ကဋ္ဌဦးဇော်သူရိန်ထွန်းက Information Security in Public Sector ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ATG Sys Co.,Ltd. မှ ဒေါက်တာ သန္တာဖြူက Integrated Cyber Security Solution ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစည်သူအောင်ခိုင်၊ CEO & Founder Unified Technology Land ISO/IEC 27001 Information Security Management System ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းပေါင်း ၇၀ ကျော်တက်ရောက်ကြပြီး သိလိုသည်များကို မေးခွန်းများမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။ **နှင်းပန်းဖြူ (ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# အိန္ဒိယနိုင်ငံတွင် Brand & Lifestyle India 2020 ကုန်စည်ပြပွဲပြုလုပ်မည်

အိန္ဒိယနိုင်ငံရှိ Federation of Indian Export Organizations (FIEO) ကကြီးမှူး၍ နယူးဒေလီမြို့တွင် မတ် ၂၆ ရက်မှ ၂၈ ရက်ထိ Brands & Lifestyle India 2020 ပြပွဲကို ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံရှိ အစားအစာ၊ ဆေးဝါး၊ အလှကုန်၊ လက်ဝတ်ရတနာ၊ အားကစားပစ္စည်း၊ ကလေးကစားစရာပစ္စည်း၊ စာရေးကိရိယာ၊ ဖက်ရှင်နှင့် အဝတ်အထည်၊ အော်ဂဲနစ်ထုတ်ကုန်အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီလုပ်ငန်းများမှ အဝယ်တော်ကိုယ်စားလှယ် ရှစ်ဦးမှ ၁၀ ဦးအထိ ပါဝင်တက်ရောက်နိုင်ကြောင်း၊ ရွေးချယ်ခံရသည့် အဝယ်တော်ကိုယ်စားလှယ်အတွက် ချွေတာရေးတန်းဖြင့် အသွား/အပြန် လေယာဉ်စရိတ်၊ လေဆိပ်ကြိုပို့မှုနှင့် နှစ်ညတာ တည်းခိုနေထိုင်စရိတ်၊ နေ့လယ်စာနှင့်မိတ်ဆက်ညစာစားပွဲတို့ကို ဆွေးနွေးပွဲကျင်းပသူမှ ကျခံပေးမည်ဖြစ်ပြီး အိန္ဒိယလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးမှုများကိုလည်း ကြိုတင်စီစဉ်ပေးမည်ဖြစ်သည်။

တက်ရောက်မည့်အဝယ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံကူးလက်မှတ်မိတ္တူနှင့်အတူ Overseas Hosted Delegates Application Form တို့တွင် ပြည့်စုံစွာ ဖြည့်စွက်၍ hb.bli@fieo.org သို့ပေးပို့၍ဖြစ်စေ၊ https://www.brands-lifestyle.com/buyers.php အင်တာနက်စာမျက်နှာတို့တွင်ဖြစ်စေ၊ ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

Brands & Lifestyle India 2020 ပြပွဲသို့ မြန်မာနိုင်ငံမှ အဝယ်တော်များ ပါဝင်တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၈၆၀၈၊ ၀၆၇-၃၄၀၈၆၂၂၊ ဖက်စ်အမှတ်၊ ၀၆၇-၃၄၀၈၆၂၃၊ email:moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်)၊ ဖုန်း-၀၁-၃၈၅၃၃၁၊ email:itpic.moc@gmail.com သို့လည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ မြန်မာသံရုံးမှ စီးပွားရေးသံမှူး၊ email: myanmarecoattache. delhi@gmail.com တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဥမ္မာကြူ(ကုန်သွယ်/ဖွံ့ဖြိုး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## ခုနစ်ရက် သားသမီးများအတွက်


## စီးပွားရေး အကြံပေး ဟောကိန်း

**၃-၂-၂၀၂၀ မှ ၉-၂-၂၀၂၀ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းအဆင်ပြေအောင်မြင်၍ တိုးတက်မှုရှိမည်။ ဝန်ထမ်းများ ရာထူးတိုးကိန်းရှိသည်။ ထင်ပေါ်မှုရှိမည်။ တစ်ခါတစ်ရံ ငွေကျပ်တည်းမှု အခက်အခဲကြုံတတ်သည်။ လုပ်ငန်းတွင် အနှောက်အယှက်ပေါ်မည်။ လူကြီးများ၏အငြိုအငြင်ခံရမည်။ ရတ်တရက်ငွေဝင်ကိန်း၊ အဖိုးတန်ရတနာများဝင်မည်။ ဘာသာတရားမမေ့လျော့ပါနှင့် ပညာရေးပြိုင်ဘက်များအပေါ် အနိုင်ရမည်။ အချစ်ရေးတွင် ချစ်သူနှင့် ကွေကွင်းရကိန်းရှိသည်။ သည်းခံ၍နားလည်မှုရယူပါ။ ကျန်းမာရေး ထိခိုက်ရှနာမှုများဖြစ်တတ်သည်။ **ယတြာ။ ကံ့ကော်ညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုရေးပတ်ဝန်းကျင်တွင် အဆင်ပြေအောင်နေတတ်သောကြောင့် စီးပွားရေးလောကတွင်လည်း ကူညီမည့် မိတ်ဆွေအသိုင်းအဝိုင်းနှင့်ဆွေမျိုးများရှိနေတတ်သည်။ ရေသန့်လုပ်ငန်းနှင့်ရေထွက်ပစ္စည်းများ အကျိုးပေးမည်။ ပညာရေးတွင် ရည်မှန်းချက်ကြီးကြီးထားတတ်သောကြောင့် ပညာရေး ထူးချွန်မှုရရှိလိမ့်မည်။ ယခုတစ်ပတ်တွင် ကျန်းမာရေးကောင်းမွန်ပြီး ကြီးမားသောဝေဒနာမခံစားရတတ်ပါ။ **ယတြာ။ ဇွန်ပန်းညွန့်ဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** အရောင်းအဝယ်အောင်မြင်မည်။ ဖက်စပ်လုပ်ငန်းများ၊ အကျိုးဆောင်လုပ်ငန်း အောင်မြင်မည်။ ရှယ်ယာလုပ်ငန်းနှင့်အကျိုးတူ စီးပွားရေးလုပ်ငန်းတွင် ဝင်ငွေအမြတ်အစွန်းများ ကံကောင်းနေမည်။ ပညာရေးတွင် ဆေးဝါးကျွမ်းကျင်မှုလုပ်ငန်းဖြင့် အောင်မြင်မှုရမည်။ ကျန်းမာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အသိုင်းအဝိုင်းကောင်းနှင့် အခြွေအရံပေါများနေမည်။
**ယတြာ။ ဇလပ်ပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်အကိုင်များတိုးတက်အောင်မြင်နိုင်စွမ်းရှိနေတတ်သည်။ ဓာတ်သတ္တုလုပ်ငန်း၊ အလှကုန်လုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်းများမှ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်လုပ်ကိုင်ရတတ်သည်။ ပညာရေးကောင်းမည်။ အချစ်ရေးတွင် စိတ်တူသဘောတူရှိနေမည်။ ကျန်းမာရေး ဖောက်ပြန်နေတတ်သည်။ မျက်စိထိခိုက်မှုရှိလိမ့်မည်။ **ယတြာ။ သပြေညွန့်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းအောင်မြင်သော်လည်း၊ ယာယီခရီးများနေသဖြင့် ငွေကုန်လူပန်းဖြစ်နေတတ်သည်။ လုပ်ငန်းများလွှဲချော်တတ်သည်။ လူကြီးနှင့် အဆင်မပြေဖြစ်တတ်သည်။ ပညာရေးအောင်မြင်မှုရှိမည်။ အချစ်ရေးတွင် မကြာခဏခိုက်ရန်ဒေါသဖြစ်ရတတ်သည်။ ကျန်းမာရေးအနေဖြင့် သာမန်ဖျားနာခြင်းမျိုးရှိတတ်သည်။ ရောဂါကြီးများ မဖြစ်နိုင်ပါ။
**ယတြာ။ သီးညွန့်ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ခေါင်းအေးအေးထားပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဇွဲရှိရှိနှင့် စွန့်စားတတ်သည်။ စီးပွားရေးလုပ်ငန်း၏ အခက်အခဲကိုတီထွင်ကြံဆဖော်ထုတ်နိုင်စွမ်းရှိသည်။ သံထည်ပစ္စည်း၊ ကြေးနီ၊ ဂုံလျော်များ အကျိုးပေးကောင်းလိမ့်မည်။ မျက်စိရောဂါအထူးဂရုစိုက်ပါ။
**ယတြာ။ ဒန်းညွန့်ဆောင်ပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းအောင်မြင်၍ ဝင်ငွေအထူးကောင်းမွန်နေမည်။ အထက်လူကြီးများနှင့် အဆင်မပြေဖြစ်တတ်သည်။ အကြောင်းမရှိအကြောင်းရှာပြီး ခရီးထွက်နေတတ်သည်။ ယခုအချိန်သည် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရှိနေချိန်ဖြစ်သဖြင့် ကြိုးစားပါက အလွန်အကျိုးများမည့်ကာလဖြစ်သည်။ စက်မှု၊ ဆေးဝါး၊ တွင်းထွက်ပစ္စည်း၊ ဥယျာဉ်ခြံမြေများ အကျိုးပေးမည့် ကာလဖြစ်သည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးကောင်းမည်။ **ယတြာ။ အုန်းညွန့်လှူပါ။**

# ဆားလင်းကြီးမြို့နယ်တွင် စားသုံးသူကာကွယ်ရေး ရှင်းလင်းဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ ဆားလင်းကြီးမြို့နယ် တာဝန်ခံ ဒေါ်မိုးမိုးမြင့်၊ ဦးမင်းခန့်၊ ဦးထောင်းဝိုက်လျန်းတို့သည် ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ထွေ/အုပ်၊ စည်ပင်၊ ရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ တိမွေးကု၊ မီးသတ်၊ ပညာရေး၊ စိုက်ပျိုးရေး၊ မြို့ပေါ် အမှတ် (၁၊ ၂၊ ၃) စားသုံးသူရေးရာ အသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေးများပူးပေါင်း၍ ဆားလင်းကြီးမြို့မ ဈေးအတွင်း စားသုံးသူများရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များ သိရှိစေရန် ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး၊ စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပထမဦးစွာဆားလင်းကြီးမြို့နယ် စည်ပင်သာယာရုံး အစည်းအဝေးခန်းမတွင် စားသုံးသူရေးရာ အသင်းအဖွဲ့များ၊ ဈေးကော်မတီအဖွဲ့များ ပူးပေါင်းပါဝင်သက်ဆိုင်ရာ မိတ်ဖက်ဌာနများအား စားသုံးသူကာကွယ်ပေးရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပြီး မြို့မဈေးအတွင်းရောင်းချသူဈေးဆိုင်ရှင်၊ လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားပါ အချက်အလက်များသိစေရန် ပညာပေးဆွေးနွေးခြင်း၊ လက်ကမ်း စာစောင်များဖြန့်ဝေခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့နောက် ဆားလင်းကြီးမြို့နယ်၊ မင်းတောကျေးရွာ အလကခွဲကျောင်းတွင် စားသုံးသူကာကွယ်ပေးရေး ပညာပေး ဟောပြောပွဲဆောင်ရွက်ရာ ခရိုင်ပြန်/ဆက် ဦးစီးဦးသန်းဌေးက စာဖတ်ခြင်းအကျိုးအကြောင်း ဆွေးနွေးဟောပြောခြင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူကာကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ကုန်အညွှန်း အမှတ်အသားမှ (ခ) ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်၊ အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်းများ၊ (ဆ) ကျန်းမာရေးဘေးထွက်ကျိုးဆိုးသို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်များ၊ အထောက်အထားအချက်အလက်များသိရှိစေရန် ရှင်းလင်းဟောပြောဆောင်ရွက်ပြီး ကျောင်းစားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစာတိုက်ပုံး (CICC) ထားရှိရခြင်း၏ ရည်ရွယ်ချက်များပြောကြား၍ ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ခိုင်မို့မို့ (မြင်းမူ)**

# စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့် ဈေးနှုန်းအခြေအနေ



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် ဇန်နဝါရီ ၂ ရက်မှ ၃၁ ရက်အထိ ငါးမျိုးစုံပိဿာချိန် ၅၇၂၆၅၆၀ နှင့် ပုစွန်ပိဿာချိန် ၄၃၇၉၁၀ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့် ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်းတစ်ပိဿာကျပ် ၆၅၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၃၃၇၀၅ ပိဿာ၊ ငါးရံ့တစ်ပိဿာကျပ် ၆၀၀၀-၉၀၀၀ ဈေးနှင့် အဝင် ၄၁၈၄၇၄ ပိဿာ၊ ငါးရှဉ့်တစ် ပိဿာကျပ် ၆၀၀၀-၈၀၀၀ ဈေးနှင့် အဝင် ၈၂၇ ပိဿာ၊ ငါးမြစ်ချင်းတစ်ပိဿာကျပ် ၂၇၀၀-၃၇၀၀ ဈေးနှင့် အဝင် ၁၅၀၁၀၉၈ ပိဿာ၊ ငါးကြင်း တစ်ပိဿာကျပ် ၄၀၀၀-၆၀၀၀ ဈေးနှင့် အဝင် ၉၄၇၂၀၆ ပိဿာ၊ ငါးခေါင်းပွတစ်ပိဿာကျပ် ၂၀၀၀-၃၄၀၀ ဈေးနှင့် အဝင် ၄၇၀၄၆၅ ပိဿာ၊ ငါးသလောက် တစ်ပိဿာကျပ် ၆၅၀၀-၂၀၀၀၀ ဈေးနှင့် အဝင် ၃၁၅၈၅၆ ပိဿာ၊ ငါးတန် တစ်ပိဿာကျပ် ၂၀၀၀-၅၅၀၀ ဈေးနှင့် အဝင် ၇၃၇၃၂၈ ပိဿာ၊ ကကတစ် တစ်ပိဿာကျပ် ၇၀၀၀-၉၀၀၀ ဈေးနှင့် အဝင် ၁၇၉၅၂ ပိဿာ၊ ကကသပေါင်း တစ်ပိဿာကျပ် ၈၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၅၂၅၀ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာကျပ် ၂၀၀၀-၆၅၀၀ ဈေးနှင့် အဝင် ၁၂၇၈၃၉၉ ပိဿာ၊ ပုစွန်ကြော့ တစ်ပိဿာကျပ် ၃၂၀၀-၄၇၀၀ ဈေးနှင့် အဝင် ၁၇၆၅၃ ပိဿာ၊ ပုစွန်စပ်တုပ်တစ်ပိဿာကျပ် ၁၅၀၀၀-၁၈၀၀၀ ဈေးဖြင့် ၁၂၈၇၄ ပိဿာ၊ ပုစွန်တုပ်ကြီး တစ် ပိဿာကျပ် ၂၂၀၀၀-၂၇၀၀၀ ဈေးဖြင့် အဝင် ၁၃၂၆၄ ပိဿာဝင်ရောက်ခဲ့သည်။ ယခင်လနှင့် နှိုင်းယှဉ်လျှင် ငါးမျိုးစုံ ၉၀၄၃၃၃ ပိဿာပိုမိုဝင်ရောက်ခဲ့ပြီး ပုစွန် ၆၁၇၄ ပိဿာလျော့နည်း ဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သဃ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်းတစ်ပိဿာ ကျပ် ၈၀၀၀-၉၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကျပ်၅၀၀၀၊ ပုစွန်ကြော့ တစ်ပိဿာကျပ် ၁၀၀၀၀-၁၂၀၀၀ ရောင်းချလျက်ရှိပြီး ယခင်လထက် ငါးတစ်ပိဿာလျှင်ကျပ် ၁၀၀၀ ခန့်ဈေးကျခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**ခင်မာဌေး(ရန်ကုန်)**

# ရေဖြူမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ရေဖြူမြို့နယ်ရှိ အ. မ. က(ပုလဲကျူ)နှင့် အ. မ. က (ကညင်ကောက်)ကျောင်းများ၌ ဇန်နဝါရီ ၂၄ ရက်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်အေးအေးလွင်က စားသုံးသူရေးရာဦးစီးဌာနအကြောင်း၊ စားသုံးသူများရရှိနိုင်သည့် အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူနစ်နာမှုဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များအားလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ပန်းအိခိုင်နှင့် အငယ်တန်းစာရေး ဒေါ်စုမာစိုးတို့က ကုန်စည်နှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် ကျောင်းသား/သူများအား ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထောက်ခံချက်၊ နေရပ်လိပ်စာ အပြည့်အစုံကိုကြည့်ပြီး ဝယ်ယူ စားသုံးတတ်စေရေး၊ ပိုးသတ်ဆေးများ/တာရှည်ခံဆေးများ/ဓာတုဆိုးဆေးများ အသုံးပြုထားသော အစားအသောက်များအား စားသုံးခြင်းကြောင့် ဖြစ်ပေါ်နိုင်သော ဘေးထွက်ဆိုးကျိုးများအကြောင်းကိုလည်းကောင်း အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ဆရာ/ဆရာမ၊ ကျောင်းသား/သူ၊ ကျောင်းသားမိဘများစုစုပေါင်း ၁၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

## တောင်ကြီးမြို့၌ ပြောင်းမျှော်မှန်းချက် ၂၀၂၀ဒေါ်လာဘီလီယံ ကုန်သွယ်မှု အခွင့်အလမ်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေး ခန်းမတွင် 'ပြောင်းမျှော်မှန်းချက် ၂၀၂၀ဒေါ်လာဘီလီယံကုန်သွယ်မှု အခွင့်အလမ်း' စီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးဦးမျိုးသူက ပြောင်းဈေးကွက် အခြေအနေနှင့် ကုန်သွယ်ရေးဆိုင်ရာ စိန်ခေါ်မှုများကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စိုက်ပျိုး စီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး စိုင်းဖြိုးလွင်ဦးက 'ပြောင်းမျှော်မှန်းချက် ၂၀၂၀ ဒေါ်လာဘီလီယံ ကုန်သွယ်မှုအခွင့်အလမ်း'အား မိတ်ဆက်ခြင်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာအုပ်စု၊ ကျောက်နီကျေးရွာမှ တောင်သူအစုအဖွဲ့ခေါင်းဆောင်က ပြောင်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် ဈေးကွက်အခြေအနေကိုလည်းကောင်း၊ ရပ်စောက်မြို့နယ်ပြောင်းအစုအဖွဲ့ ခေါင်းဆောင်ဦးခင်မောင်ညိုက ပြောင်းအရည်အသွေးပေါ် လိုက်၍ ဈေးနှုန်းသတ်မှတ် ရောင်းဝယ်ရေးကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ချယ်ရီမြေ ထွန်စက်ပိုင်ရှင်များအဖွဲ့ ဥက္ကဋ္ဌဦးမျိုးအောင်က ထွန်စက်ပိုင်ရှင်များအသင်းဖွဲ့စည်းရေးကိစ္စများကိုလည်းကောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌဦးအောင်ကျော်ကျော်က ရှမ်းပြည်နယ် (တောင်ပိုင်း) ပြောင်းလုပ်ငန်း အသင်းဖွဲ့စည်းရေးကိစ္စများကိုလည်းကောင်း၊ မွေးမြူရေးကဏ္ဍမှ ကိုယ်စားလှယ် ဒေါက်တာဖြိုးဝေဝင်းက အသားနှင့်နို့စား နွားမွေးမြူရေးဆိုင်ရာ အခွင့်အရေးနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ မြန်မာ့ဩဘာလုပ်ငန်းစု Village Link က အမှုဆောင်အရာရှိချုပ် Adrian စိုးမြင့်က စိုက်ပျိုးရေးနည်းပညာအကြောင်းကိုလည်းကောင်း၊ ရိုးမဘဏ်မှ လက်ထောက်မန်နေဂျာ ဦးဇေယျာအောင်က စိုက်ပျိုးစီးပွားရေးနှင့် ဆိုင်သည့် ချေးငွေအကြောင်းကိုလည်းကောင်း၊ မြန်မာလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဒေါ်ငုဝါဝင်းက မူဝါဒရေးရာ အကြံပြုချက်များကိုလည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။ **စောမောင်(တောင်ကြီး)**

## ထီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေး



မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူးရုံးအနေဖြင့် ခရိုင်ဦးစီးမှူး ဦးဝေဠုအောင်သည် ပခုက္ကူခရိုင်နှင့်ဂန့်ဂေါခရိုင် နှစ်ခရိုင်ကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီတွင် ထီးလင်းမြို့နယ်တာဝန်ခံ ဒေါ်အိသဲအောင်နှင့်အတူ ထီးလင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးများ စုစုပေါင်း ၁၅၆ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးဝေဠုအောင်က စားသုံးသူရေးရာဦးစီးဌာန၏သမိုင်းအကျဉ်း၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်တာဝန်များ၊ စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်၏အဓိပ္ပာယ်၊ ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများ၊ မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေး ကော်မရှင်ဖွဲ့စည်းထားပုံ၊ ကော်မရှင်ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်၊ စားသုံးသူရေးရာကော်မတီကိုလည်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ထိ ဖွဲ့စည်းမည်ဖြစ်ပြီး လိုအပ်ပါက ခရိုင်အဆင့်ထိ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ မိမိတို့ဌာနမှ ဈေးကွက်အတွင်း ဘေးအန္တရာယ် ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည်များကို စောင့်ကြည့်စစ်ဆေးနိုင်ရန် စစ်ဆေးရေး အရာရှိများကို ခန့် အပ်ထားကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ ကုန်စည်(သို့)ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်းနှင့် တောင်းဆိုနိုင်သည့် အခွင့်အရေး၊ လုံခြုံစိတ်ချရမှု၊ စားသုံးသူအခွင့်အရေးနစ်နာဆုံးရှုံးလျှင် တိုင်ကြားနိုင်သောနေရာများ၊ စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်း၊ အသင်းအဖွဲ့များနှင့် ဆောင်ရွက်မည့် အချက်များ၊ တားမြစ်ချက်နှင့်ပြစ်မှုပြစ်ဒဏ်များ စသည့် ဥပဒေပါအချက်အလက်များအား ရှင်းလင်း ဆွေးနွေးခဲ့သည်။

**သူဇာကျော် (ပခုက္ကူ)**

## ကောလင်းမြို့ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များအား ကျောင်တခင်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၂၇ ရက်တွင် ကောလင်းမြို့နယ်တာဝန်ခံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်ဌာန၊ ကျန်းမာရေးဌာန၊ မွေး/ကု၊ စားသုံးသူရေးရာဦးစီးဌာန၊ ဈေးစားသုံးသူအသင်းအဖွဲ့များ၊ ဈေးကော်မတီများပူးပေါင်းလိုက်ပါ၍ FDAမှ တားမြစ်ထားသည့် စားသောက်ကုန်များနှင့် သက်တမ်းလွန်ပစ္စည်းများရောင်းချခြင်းရှိ/မရှိကိုကောလင်းမြို့နယ် မြို့မဈေးအတွင်းရှိဈေးဆိုင်ပေါင်း ၁၃ဆိုင်အား အဖွဲ့စုံဖြင့် ဝင်ရောက် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာကသာခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးသန်းပိုက ရောင်းချသည့် ဈေးဆိုင်များအား စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းအရာပါ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားအကြောင်းအရာများနှင့် ဈေးကွက်အတွင်းတွင် အရည်အသွေးမီကုန်ပစ္စည်းများသာ ရောင်းချကြရန်၊ သက်တမ်းလွန်ပစ္စည်းများနှင့် တားမြစ်ပစ္စည်းများကိုမရောင်းချကြရန် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကာကလေးများ အတုယူ မမှားစေရန်အတွက် ဆေးလိပ်ပုံဆီးမှုန့်လိပ်အထုပ်များကို သိမ်းဆည်းခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်အလက် လက်ကမ်းစာစောင် ဖြန့်ဝေပေးခဲ့ကြောင်းသိရှိရသည်။

လှလှခိုင် (ကသာ)

## တောင်ငူခရိုင်အတွင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်ညွှန်ကြားချက် ရှင်းလင်းဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူးဦးမျိုးအောင်သည် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တောင်ငူမြို့ပေါ်ရှိစားသောက် ကုန်ထုတ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒနှင့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင် ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)ရှင်းလင်းဆွေးနွေးခြင်း ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသီဟဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်းတို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးအောင်က စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၁၈) ကုန်အညွှန်းအမှတ်အသားများ ဖော်ပြခြင်းအခန်းသည် ဥပဒေထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့တွင် စတင်အာဏာတည်မည်ဖြစ်ကြောင်း၊ အခန်း ၁၈ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)နှင့် (ဆ)တို့တွင် မြန်မာဘာသာဖြင့် ဖော်ပြရမည့်အချက်များကိုလည်း ပြဋ္ဌာန်းထားကြောင်း၊ မြန်မာဘာသာဖြင့် ဖော်ပြရမည့်အချက်အလက်များကို လုပ်ငန်းရှင်များ ရှင်းလင်းစွာသိရှိဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ ကို ထုတ်ပြန်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ်တာဝန်ခံ ဦးမြင့်သူက မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်၏ ညွှန်ကြားချက်အမှတ် ၂/၂၀၁၉ ကို ရှင်းလင်းဆွေးနွေးပါသည်။

အလားတူ ခရိုင်ဦးစီးမှူးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့ စားသုံးသူ ရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံရုံးတွင် ရေတာရှည်မြို့နယ်ရှိ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက် အမှတ် ၂/၂၀၁၉ ရှင်းလင်းဆွေးနွေးခြင်းသည်။ ရှင်းလင်းဆွေးနွေးပွဲသို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇင်မင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းတို့တက်ရောက်ပြီး မိမိတို့မြို့နယ်အတွင်းရှိစားသောက်ကုန်ထုတ်လုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **စောသန်းထိုက်ကျော်**

## မွန်ပြည်နယ် ထွေ/အုပ် ရုံး၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် မွန်ပြည်နယ် စားသုံးသူသမဂ္ဂနှင့်ပူးပေါင်း၍ ဇန်နဝါရီ ၃၁ ရက်တွင် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပရာ မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝါဝါမြိုင်က စားသုံးသူ ကာကွယ်ရေးဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ ၂၀၂၀ ပြည့်နှစ်မတ် ၁၆ ရက်တွင် စတင် အသက်ဝင်မည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်နှင့်စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးခဲ့ပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့်ကိုက်ညီမှုမရှိပါက အရေးယူနိုင်သည့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ပြင် ဦးစီးအရာရှိ ဒေါ်ဝါဝါမြိုင်က စားသုံးသူ ထိခိုက်နစ်နာမှုများရှိပါက တိုင်ကြားနိုင်သည့်နေရာ၊ ဖုန်းနံပါတ်၊ website၊ Mobile Applicationတို့တွင် ဖြည့်စွက်တိုင်ကြားနိုင်သည့်ပုံစံများ၊ တိုင်ကြားမှုများကို လက်ခံဆောင်ရွက်ပေးသည့် အခြေအနေ၊ စားသုံးသူအငြင်းပွားမှုများကို ဖြေရှင်းပေးသည့်အခြေအနေများကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စားသုံးသူသမဂ္ဂ (မွန်ပြည်နယ်)ဥက္ကဋ္ဌ ဦးမင်းဝင်းဗိုလ်က မြန်မာနိုင်ငံ စားသုံးသူသမဂ္ဂ (မွန်ပြည်နယ်)၏ အကြောင်းအရာများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးစီးအရာရှိ ဒေါ်ဝါဝါမြိုင်နှင့် ဦးမင်းဝင်းဗိုလ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

# တရုတ်သို့ ဖရဲနှင့် သခွားမွှေးတင်ပို့ရန် များစွာကျန်ရှိနေ



တရုတ်နိုင်ငံ ဝူဟန်မြို့တွင်လက်ရှိ ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့် မူဆယ်နယ်စပ်ဂိတ်၌ ဝယ်လက်များ မရှိတော့သည့်အတွက် ဖရဲနှင့် သခွားမွှေး တန်ချိန် ခုနစ်သိန်းခန့်တင်ပို့ရန် ကျန်ရှိနေကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ ဗဟိုအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းက တညင်းကုန်းဈေး တိုက် ၁၇ သုံးလွှာ၌ ဇန်နဝါရီ ၂၉ ရက်ကပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

မြန်မာနိုင်ငံ အနေဖြင့် တရုတ်သို့ တစ်နှစ်လျှင် ဖရဲသီး တန်ချိန် ရှစ်သိန်းနှင့် သခွားမွှေးတန်ချိန် တစ်သိန်းခွဲကျော် နှစ်စဉ် တင်ပို့လျက်ရှိရာတွင် ယခု ၂၀၂၀ ပြည့်နှစ်၌ ဖရဲတန်ချိန် နှစ်သိန်းဝန်းကျင်နှင့် သခွားမွှေးတန်ချိန် အနည်းငယ်သာ တင်ပို့ရ သေးသည့်အတွက် ယခင်နှစ် တင်ပို့မှုများထက် လေးပုံတစ်ပုံသာ ရှိသောကြောင့် သုံးပုံခန့် ကျန်ရှိနေသေးသည်ဟု ဆိုသည်။

"တစ်နှစ်ကို ဖရဲတန်ချိန်ပေါင်း ရှစ်သိန်းကျော်နဲ့ သခွားမွှေးတန်ချိန်ပေါင်းက တစ်သိန်းခွဲကျော် နှစ်စဉ်တင်ပို့နေပါတယ်။ အရင်နှစ်တွေ တင်ပို့တာနဲ့ဆို လေးပုံတစ်ပုံလောက်ပဲ တင်လို့ရသေးတယ်။ သုံးပုံလောက်က ကျန်သေးတယ်။ နှစ်ကူးမတိုင်ခင်လောက်က ရောင်းတဲ့ဈေးနဲ့နှစ်ကူးပြီးမှ ရောင်းတဲ့ဈေးက ခေါက်ချိုးမကဘူး ကွာနေတယ်၊ ခေါက်ချိုးမကကျဆင်းနေတယ်။ ဝယ်နှုန်းကလည်း နှစ်မကူးခင်က အစီးရေ ၆၀၀ လောက်ကုန်ပေမယ့် အခုအစီးရေ ၃၀၀ လောက် တက်သွားတာတောင် မကုန်ဘူး။ ရောင်းလို့ မကုန်ရင်တော့ တဖြည်းဖြည်းနဲ့ပုပ်ပြီး ဆုံးရှုံးမှာပဲ။ ကျန်တဲ့ တန်ခြောက်သိန်းလောက်ကတော့ တရုတ်က ရောဂါ အခြေနေကောင်းလို့ပြန်ဖွင့်ပြီဆို ရောင်းကောင်းမှာပဲ။ အဲဒီလိုမဟုတ်ရင်တော့ စိုးရိမ်အမှတ်မှာရှိပါတယ်"ဟု ၎င်းက ပြောသည်။

ယခု အချိန်သည် ရာသီပေါ် သီးနှံများဖြစ်သည့် ဆီးသီး၊ စိမ်းစားဥနှင့် လိမ္မော်သီး အများအပြား ထွက်ရှိသည့် ကာလဖြစ်ပြီး ဇန်နဝါရီလမှ ဖေဖော်ဝါရီလ လယ်ပိုင်းအထိသည် ဖရဲ၊သခွား စားသုံးမှု အနည်းဆုံးကာလဖြစ်သည့်အတွက် ယခုကဲ့သို့သော အချိန်မျိုးတွင် ဝူဟန်ဗိုင်းရပ်စ် ဖြစ်ပေါ်လာသဖြင့် တောင်သူများအတွက် အင်မတန်မှ စိုးရိမ်စရာကောင်းသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"အခုလက်ရှိ ပို့နေတဲ့ တရုတ်ပြည်ကတော့ ဈေးကျတာ ဈေးတက်တာက လွဲပြီး ဖရဲကို ကုန်အောင်ဖြုန်းနိုင်တယ်။ အခုလို ဝူဟန်ကိစ္စကြောင့် အဝယ်နည်းနေတော့ပြည်တွင်းမှာ ဖြုန်းဖို့ကမရဘူး။ အခြားနိုင်ငံတောင်းဖို့ဆိုတာကလည်း ကျွန်တော်တို့ဆီကို ဖရဲ၊ သခွားက သိပ်မတောင်းဖူးသေးဘူး။ တရုတ်ကပဲ တောင်းတော့ တရုတ်ကိုပဲ ပို့ဖူးတယ်။ စင်ကာပူကလည်း ကွန်တိန်နာလေး သုံးလုံးလောက်ပဲ သွားရသေးတယ်၊ အင်မတန်နည်းတယ်။ ပို့ချင်တာက ကာတာ၊ ဒူဘိုင်းလိုမျိုး အနောက်နိုင်ငံ ဈေးရမယ့် နိုင်ငံတွေကို ပို့ချင်တယ်ဆိုပေမယ့် သူတို့ဘက်က ဝယ်ချင်တယ်ဆိုတာ မတက်လာတော့ ရောင်းချင်ပေမယ့် အခက်အခဲရှိတယ်။ သူတို့ဘက်က ဝယ်ချင်တယ်ဆို ပို့ဖို့က အဆင်သင့်ပဲ" ဟု ၎င်းက ပြောသည်။

အဆိုပါ ဖရဲသီးနှင့် သခွားမွှေးသီးများကို ပြည်ပပို့ကုန်အဖြစ် ရည်ရွယ်၍ ပြည်တွင်း၌ စိုက်ပျိုးထားသည့်အတွက် နိုဝင်ဘာလမှ မေလကုန်အထိ သီးနှံများ ထွက်ရှိကာ ဖေဖော်ဝါရီလသည် သီးနှံပိုမို ထွက်ရှိသည့်ကာလဖြစ်သောကြောင့် အရည်အသွေးကောင်းသည့် ဖရဲ၊ သခွား အများအပြား တင်ပို့ရန် အဆင်သင့်ရှိသည်ဟုဆိုသည်။

ဖရဲ၊ သခွား ပြည်တွင်းစားသုံးမှုမှာ လက်ရှိတွင် ၂၀ ရာခိုင်နှုန်းခန့်သာ ရှိသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်း၌ ရောင်းချမည်ဆိုပါက တစ်ရက်လျှင် ကားအစီးရေ ၁၄ စီးမှ အစီး ၂၀ ခန့်သာ ကုန်ကြောင်း သိရသည်။

ပန်းဆု



## ပြည်တွင်းရှိ ငရုတ်စိုက်တောင်သူများအတွက် ဂျီအေပီ အသိအမှတ်ပြုလက်မှတ် ရရှိစေရန် လုပ်ဆောင်မည်

ပြည်တွင်းရှိငရုတ်စိုက်တောင်သူများအားလုံး GAP အသိအမှတ်ပြုလက်မှတ်ရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ပြည်တွင်းမှ ထွက်ရှိသည့် ငရုတ်များကို ပြည်ပသို့တင်ပို့ရန်အတွက် အရည်အသွေးပြည့်မီရန် လိုအပ်သလို တောင်သူများအနေဖြင့် ဂျီအေပီ အသိအမှတ်ပြုလက်မှတ်ရရှိရန်လည်း လိုအပ်သောကြောင့်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းမှထွက်ရှိသည့် ငရုတ်ကို ဗီယက်နမ်နိုင်ငံမှ ဝယ်ယူရန် သဘောတူညီမှုရရှိထားပြီး ယခုအခါ ဧရာဝတီတိုင်းဒေသကြီးမှ ငရုတ်များပေါ်နေသည့်အတွက် ဇန်နဝါရီလအတွင်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ငရုတ်စိုက်တောင်သူများကိုလည်း သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ အသိအမှတ်ပြုလက်မှတ်များ ရရှိရန် လျှောက်ထားမှုအတွက်ကိုလည်း အသိပညာပေးမှုများ လုပ်ဆောင်ပေးနေသကဲ့သို့ လာရောက်လျှောက်ထားသည့် တောင်သူများလည်း များပြားကြောင်း သိရသည်။

ချောစု

# တောင်သူများအား မြေယာလျော်ကြေးငွေ ဘီလီယံ ၃၀ အထိ ပေးလျော်နိုင်ရန် ပြင်ဆင်ထားဟု ဝန်ကြီးချုပ်ပြော

ယခု အစိုးရသက်တမ်း ဘတ်ဂျက်ကာလအတွင်း တောင်သူများအား မြေယာလျော်ကြေးငွေ ဘီလီယံ ၃၀ခန့် ပေးလျော်နိုင်ရန် ပြင်ဆင်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ဇန်နဝါရီ ၂၇ ရက်က မြို့တော်ခန်းမတွင် ပြုလုပ်သည့် သိမ်းဆည်းခံမြေများ၏ မူလတောင်သူများထံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြေယာလျော်ကြေးငွေ ပေးအပ်သည့် အခမ်းအနားတွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

"နိုင်ငံတော် သမ္မတကြီးက အမြဲတမ်းလမ်းညွှန်ပါတယ်။ မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက် ဆောင်ရွက်ပေးဖို့။ ဒါကြောင့် ကျွန်တော်တို့ ဘတ်ဂျက်ငွေအတွင်းမှာ ဘီလီယံ ၃၀ လျော်ပေးနိုင်ဖို့ ပြင်ဆင်ထားပါတယ်။ လာမယ့် ဧပြီလမှာ ထပ်မံ ရေးဆွဲမယ့် ဖြည့်စွက်ဘဏ္ဍာငွေမှာ ဘီလီယံ ၂၀၀ ကျော်လောက် ထပ်ပြီး ထည့်သွင်းချင်တာမို့ ကျွန်တော်တို့ ငွေရှာနေပါတယ်။ ဒါပေမဲ့ ဒီငွေတွေကို ပေးနိုင်ဖို့အတွက်ဆိုရင် ပြည်သူလူထုဘက်က ကျွန်တော်တို့ကို အချက်အလက် သေသေချာချာ တင်ပြဖို့ လိုအပ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုသည်။

လက်ရှိတွင် မြေယာလျော်ကြေးပေးရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ချမှတ်ပေးထားသည့် မူဘောင်လမ်းစဉ်ပေါ်တွင် စိစစ်ကာဆောင်ရွက်နေခြင်းဖြစ်ပြီး ကျောသားရင်သား မခွဲခြားဘဲ လယ်သမားများကို စာနာထောက်ထားမှုနှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နှင့်အတူ တောင်သူလယ်သမားများအနေဖြင့်လည်းကောင်း၊ လယ်ယာမြေ သိမ်းဆည်းခံရသည့် တောင်သူများဘက်ကလည်း ပူးပေါင်းကူညီဆောင်ရွက်ခြင်းဖြင့် ထိရောက်မြန်ဆန်သည့် ဆောင်ရွက်မှုများကို ၂၀၂၀ ပြည့်နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြေယာလျော်ကြေးငွေများကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ဒလ၊ ကြည့်မြင်တိုင်၊ တိုက်ကြီး စသည့်မြို့နယ်များမှ တောင်သူ ၁၃၉ ဦးအတွက် ကျပ် ၁၅၃၈၀၁၁၁၉၂၂ သန်းခန့်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပန်းဆု

# ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲ ကျင်းပမည်

ဒုတိယအကြိမ် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာအဆင့် မိုးလုံလေလုံ ကားပြပွဲကြီးကို ဖေဖော်ဝါရီ ၂၁ မှ ၂၃ ရက်အထိ ရန်ကုန်မြို့ အင်းလျားကန် ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Centre (YCC) တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲ ကျင်းပရခြင်းမှာ မြန်မာနိုင်ငံ မော်တော်ယာဉ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Future Driving Society ဆောင်ပုဒ်နှင့်အညီ အထူး အာရုံစိုက်ဆောင်ရွက်ရန်၊ မော်တော်ယာဉ်နှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်း သယ်ယူပို့ဆောင်ရေးစနစ်၊ လမ်းစနစ်နှင့် ကိုက်ညီပြီး လုံခြုံစိတ်ချစေသည့် ဘယ်မောင်း စနစ်ယာဉ်များ စသည်တို့ကို ကောင်းမွန်တိုးတက်စေရန်နှင့် မြန်မာနိုင်ငံရှိ ကားချစ်သူများ ပါဝင်လေ့လာနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

Yangon International Motor Show ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Anothai Eamlumnow က "ပြီးခဲ့တဲ့နှစ်က Brands ခြောက်ခုပါဝင်ပြသတယ်။ ယခုအကြိမ်မှာတော့ Brands ၁၅ ခုအထိ ပါဝင်လာတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ ပထမအကြိမ်ကျင်းပတဲ့ပွဲနောက်ပိုင်း ကျွန်တော်တို့နဲ့ Automotive Association of Myanmar (AAM) တို့ နီးကပ်စွာပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ မော်တော်ယာဉ်ကဏ္ဍဖွံ့ဖြိုးမှုမှစပြီး နိုင်ငံတကာအဆင့်ရှိတဲ့ကားပြပွဲကြီး ကျင်းပတဲ့အထိ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။ ကား Brands များစွာ ပူးပေါင်းပါဝင်လာခြင်းကလည်း မြန်မာနိုင်ငံမော်တော်ယာဉ် ဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုရဲ့ အလားအလာကောင်းများကို ထင်ဟပ်စေပြီး ကျွန်တော်တို့ရဲ့ GPI အနေဖြင့်လည်း မော်တော်ယာဉ်ကဏ္ဍ ဖွံ့ဖြိုးမှုနှင့် ကားပြပွဲဆိုင်ရာတွေကို အားဖြည့်ကူညီ ပေးနေမှာပါ"ဟုပြောသည်။

Yangon International Motor Show ပြပွဲတွင် BMW, Brilliance, DFM, Ford, FUSO, GAC, Jaguar, Land Rover, Mazda, Mercedes-Benz, Nissan, Scania, Suzuki, Toyota, Volvo အမှတ်တံဆိပ်တို့ပါဝင်ပြသမည်ဖြစ်ပြီး နောက်ဆုံးပေါ် ကားအသစ်များ၊ ၂၁ ရာစု၏ ခမ်းနားကြီးကျယ်သည့် နည်းပညာနှင့် ဖန်တီးမှုများစွာကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု

# လူသုံးကုန်ပစ္စည်းအတုပြဿနာ ဝိုင်းဝန်းဆောင်ရွက်ကြပါ

နိုင်ဦး (DOCA)

လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူငယ်ချင်းတစ်ဦးနှင့် တွေ့ရင်း သူကပြောတယ် “ငါက ယမကာလုလင်ဆိုတော့ ယမကာနံ့ကနံနေတယ်တဲ့၊ မနက်ဆွမ်းလောင်းလျှုတော့ ဆွမ်းခံကြွလာတဲ့ သံဃာတစ်ပါးက ဒကာကြီး ယမကာ မှီဝဲနေသလား၊ ယမကာကကောင်းကျိုးမပေးလို့ ဖြတ်လိုက်ပါလို့ မိန့်ကြားတယ်တဲ့၊ သူလည်း သံဃာကိုကြောက်ရတာနဲ့ မှန်ပါ့ဘုရား၊ တပည့်တော် ယမကာမှီဝဲနေတာကိုဖြတ်လိုက်ပါမယ်။ တကယ်လို့ပြန်မှီဝဲရင် သောက်တိုင်းမူးနေရပါစေဘုရားလို့ လျှောက်ခဲ့တော့ သံဃာလည်း ကျေနပ်သွားတယ်။ သူလည်း နေ့တိုင်း ပုံမှန်မှီဝဲနေတာပဲတဲ့”ဂုဏ်ယူတဲ့ မျက်နှာနဲ့ ပြောပြခဲ့တယ်။ ယမကာပဲမှီဝဲရင် မူးမှာပဲလေ သံဃာတစ်ပါးကို စကားတုတွေသုံးပြီးဝိနည်းလွတ် လိမ်ညာလျှောက်ထားတာကတော့ မကောင်းပါဘူး။ အခု သူလည်းလွန်ခဲ့တဲ့ တစ်လခန့်က ယမကာမှီဝဲလွန်း၍ အသည်းရောဂါဖြင့် ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ လိမ်ညာခြင်းသည် အကျိုးမဲ့ဖြစ်စေသည်။

တစ်ချိန်ကမြန်မာနိုင်ငံတွင်ထုတ်လုပ်သော နာမည်ကြီးရွှေဝါဆပ်ပြာသည် လူသုံးများ၊ အရောင်းတွင်ကျယ်လာသောအခါ ရွှေဝါတံဆိပ်ဖြင့် ဆပ်ပြာအတုများ ပေါ်ပေါက်ခဲ့ဖူးသည်။ ပို၍ဆိုးသည်မှာ အဆိုပါဆပ်ပြာအတုများကို အမြတ်ကြီးစားစီးပွားရေးသမားများက ယမ်းမီးခြစ်ဆံခေါင်းလေးနဲ့ စာလုံးများကို ရွှေဝါဟုပြင်ကာ ရွှေဝါဆပ်ပြာနှင့် ဈေးနှုန်းအတူတူ ရောင်းချခဲ့ကြသည်ကို ကြုံတွေ့ခဲ့ရသည်။ ယခုအချိန်တွင် အတုပြဿနာသည် တစ်ကမ္ဘာလုံးနှင့် အကျုံးဝင်ပတ်သက်လာနေသည်။

အလှကုန်အတုများကြောင့် အလှပျက်ခဲ့တာတွေ၊ ဆေးဝါးအတုတွေကြောင့် သေဆုံးခဲ့ရတာတွေ၊ စားဆီအတုတွေကြောင့်ရောဂါဖြစ်ရတာတွေ၊ စက်ဆီအတုတွေကြောင့် စက်ပစ္စည်းတွေ အချိန်မတန်ဘဲ ပျက်စီးခဲ့ရတာတွေ၊ ဘိလပ်မြေအတုတွေကြောင့် အဆောက်အအုံ ပြိုကျပျက်စီး၍ သေဆုံးခဲ့ရတာတွေ၊ အစားအစာအတုတွေကြောင့် နာတာရှည်ရောဂါများဖြစ်ပွားခဲ့ရတာတွေ၊ ဓာတ်မြေဩဇာအတု၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးအတုတွေကြောင့် လယ်ယာထွက်ကုန်ပစ္စည်းတွေထိခိုက်ခဲ့ရတာတွေ စသည်ဖြင့်စုံလို့ပါပဲ။ ဒါပေမဲ့ အတုတွေကတော့ ပန်းပန်လျက်ဆဲပင်၊ ပျော်ရွှင်ရယ်မောနေဆဲပင်ဖြစ်သည်။ အတုမျိုးစုံဈေးကွက်သည် ဆင်းရဲနွမ်းပါး၍ တစ်ဦးချင်းဝင်ငွေနည်းပါးသော နိုင်ငံများတွင်ပို၍ များပြားလာနေသည်ကိုလည်း ပညာရှင်များက ထောက်ပြကြသည်။ အတုကိုအတုမှန်းသိလျက် ဈေးနှုန်းချိုသာမှုတစ်ခုတည်းကိုသာ ကြည့်ကာ ဝင်ငွေနှင့်ချိန်ထိုး၍ဝယ်အသုံးပြုနေကြ၍ဖြစ်သည်။

အတုပြဿနာများသည် ကမ္ဘာ့ကုန်သွယ်ရေးလောကတွင် နိုင်ငံတိုင်းရင်ဆိုင်နေရသော စိန်ခေါ်မှုကြီး ဖြစ်လာနေသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှလည်းကုန်ပစ္စည်း အတုအပများကို ထိရောက်စွာ နှိမ်နင်းရန် နည်းလမ်းရှာဖွေလျက်ရှိသည်။ ဆွေးနွေးညှိနှိုင်းအဖြေရှာလျက်ရှိသည်။ ကုန်ပစ္စည်းအတုနှင့် ကုန်အမှတ်တံဆိပ်အတုပြဿနာများမှာ ပို၍ပင်ကြီးထွားလာသည်။ အကျိုးအမြတ်များစွာရရှိ၍ရဲတင်းလာကြသည်။ အတုပြဿနာများကို ခြုံ၍ အကြမ်းဖျင်းခွဲခြားလျှင် အမျိုးအစားလေးမျိုးရှိနေသည်ကိုတွေ့ရှိရသည်။ ကုန်ပစ္စည်းအတု ပြုလုပ်ခြင်းနှင့်ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်အတုပြုလုပ်ခြင်းနှင့် ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ် ဆင်တူယိုးမှားသုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်ကို ယှဉ်ပြိုင်တင်သွင်းခြင်းနှင့် သုံးစွဲခြင်းတို့ဖြစ်သည်။

တချို့သောနိုင်ငံများတွင် အတုပြဿနာများကို နှိမ်နင်းရန်နှင့် ဥပဒများ ရေးဆွဲရန် ဆောင်ရွက်နေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ အသင့်ပြဋ္ဌာန်းထားသော ဥပဒေများရှိပြီးဖြစ်သည်။ အချို့သောဥပဒေများသည် လွတ်လပ်ရေးမရခင်ကပင် ကြိုတင်ရေးဆွဲထားပြီးဖြစ်သည်ကိုထူးခြားစွာ တွေ့ရှိရသည်။ အချို့သောဥပဒေများသည် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ လိုအပ်၍ ကြိုတင်မြော်တွေးကာ ရေးဆွဲ၍ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်။ ရာဇသတ်ကြီးဥပဒေ၊ အကောက်ခွန်ဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ ပိုးသတ်ဆေး ဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ၊ ဗဟိုဘဏ်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများသည် ထင်ရှားသည်။ အခြားပြဋ္ဌာန်းထားသောဥပဒေများသည်လည်း အလားတူအသက်ဝင်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ စီးပွားရေးကျင့်ဝတ်နှင့်အညီဆောင်ရွက်သောလုပ်ငန်းရှင်များကို ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ အတုပြဿနာများကို ဥပဒေများအရ ဖြေရှင်းရန်၊ နှိမ်နင်းရန်ဆောင်ရွက်လျက်ရှိသည်။

ပစ္စည်းအတုများကို စားသုံးသူ ပြည်သူများသုံးစွဲ၍အသက်သေဆုံးခြင်း၊ အဆိပ်မိခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းများကြုံတွေ့ခံစားနေရသည်။ ထိုသို့မဖြစ်ရန် လူသုံး၊ အိမ်သုံး ပစ္စည်းများဈေးကွက်တွင် နေရာမရှိစေရေး ပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်ပါပြီ။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရော၊ အကျိုးအမြတ်များများရလျှင်ပြီးရော သဘောမျိုးဖြင့် စီးပွားရေးကျင့်ဝတ်နှင့်အညီ မဆောင်ရွက်သော ပစ္စည်းအတုရောင်းချသူများ ကို ဥပဒေအရရော၊ စားသုံးသူများကပါ လက်မခံဘဲ ကျူးလွန်သူများကို ဖော်ထုတ်ကြရန်လိုပါသည်။ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်ကြရန်လိုပါသည်။ သို့မှသာ လူသုံး၊ အိမ်သုံးပစ္စည်းများကိုအတုပြုလုပ်ရောင်းချသောသူများ တဖြည်းဖြည်းကွယ်ပျောက် သွားမည်ဖြစ်သည်။

ကုန်အမှတ်တံဆိပ်အတုနှင့် လူသုံး၊ အိမ်သုံးပစ္စည်းသည် မူရင်းလူသုံး၊ အိမ်သုံးပစ္စည်းလောက် အရည်အသွေးမမီသည်မှာ သေချာလှသည်။ ထို့ကြောင့်မူရင်းပစ္စည်းထက်ဈေးလျှော့ရောင်းချနိုင်သည်။ ဈေးချိုသဖြင့် ဝင်ငွေနည်းစားသုံးသူများအကြိုက်တွေ့ကြသည်။ ဘေးဥပဒ်အန္တရာယ်ဖြစ်မှာ မပူပင်ကြ။ မူရင်းထုတ်လုပ်၊ တင်ပို့၊ တင်သွင်း၊ ရောင်းချသူများမှမူ နစ်နာလှသည်။ ငွေကြေးအရင်းအနှီး၊ နာမည်ဂုဏ်သတင်းများ ဆုံးရှုံးရသည်။ သူများမိုးခါးရေသောက်နေတာ ကိုယ်ပါသောက်မယ်ဖြစ်လာပါက ဈေးကွက်တစ်ခုလုံးအတုဖြစ်လာမှာ စိုးရိမ်ရသည်။ သစ်ကုလားအုတ်ပုံပြင်ထဲကလိုမိုးရွာနေ၍ တဲလေးထဲကို ခေါင်းကလေးဝင်ပါရစေမှ တဖြည်းဖြည်း တစ်ကိုယ်လုံးဝင်လာသောအခါတဲလည်းပျက်တဲ ပိုင်ရှင်လည်း မိုးမိခဲ့သလို ဈေးကွက်ထဲသို့ အတုများတဖြည်းဖြည်း ဝင်ရောက်လာပြီး မူရင်းထုတ်လုပ်သော စစ်မှန်သည့်ကုန်ပစ္စည်းများ ကွယ်ပျောက်သွားမှာ စိုးရိမ်ရသည်။ စစ်မှန်သည့် ကုန်ပစ္စည်း ထုတ်လုပ်သည့်လုပ် ငန်းရှင်များနာလံမထူနိုင်မှာ ပူရသဖြင့် အချိန်မီကာကွယ်ပေးရန် လိုအပ်သည်။

ကုန်အမှတ်တံဆိပ်ဆင်တူယိုးမှား သုံးစွဲခြင်းဆိုရာတွင် မသမာစိတ်၊ မရိုးမဖြောင့်သောစိတ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူတစ်ပါး၏ ကောင်းသောဂုဏ်သတင်းဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်း၏ လုပ်ငန်းအမည်၊ ရုပ်ပုံ၊ စာလုံး၊ အမှတ်အသား၊ ကိန်းဂဏန်းစသည့် အမှတ်တံဆိပ်များကို မသိမသာဖြစ်စေ၊ ဆင်တူယိုမှားဖြစ်စေ၊ မူရင်းကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ တရားဝင်ခွင့်ပြုချက်မရဘဲ သုံးစွဲ၍ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိရောင်းချခြင်းဖြစ်သည်။

ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှား သုံးစွဲပါက ရာဇဝတ်ဥပဒေအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေတရားစွဲ ဆိုနိုင်ပါသည်။ သို့သော် အမျိုးအစားတူသောကုန်စည်၊ ဝန်ဆောင်မှုများတွင်သာ ဆောင်ရွက်နိုင်သည်ကို သတိပြုသင့်သည်။ မော်မော်စန်း မန္တလေးထိုးမုန့်နှင့် မော်မော်စန်းတည်းခိုရိပ်သာသည် အမည်တူသော်လည်း လုပ်ငန်းအမျိုးအစားမတူပေ။ စာလုံးပုံစံ၊ ရုပ်ပုံများလည်းမတူညီ၍ တရားစွဲဆိုခွင့်မရှိပေ။ သို့ရာတွင် စာလုံးပုံစံ၊ ရုပ်ပုံများလည်းတူညီနေပါကမူ တားဝရမ်းထုတ်နိုင်သည်။ နစ်နာမှုများ အတွက်တရားစွဲဆိုနိုင်သည်ကို သတိပြုသင့်ပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်အမှတ်တံဆိပ်ကို ကြိုတင်၍ မှတ်ပုံ တင်ရန် လိုအပ်ပါသည်။ သို့မှသာ မိမိ၏ကုန်အမှတ်တံဆိပ်ကို ကွဲပြားစွာသီးသန့် သုံးစွဲနိုင်မည်ဖြစ်သည်။ အခြားသူများ မိမိကုန် အမှတ်တံဆိပ်ကို ဆင်တူယိုးမှားသုံးစွဲပါကလည်း ဥပဒေအရတားဝရမ်းထုတ်ပိုင်ခွင့်ကို ရရှိနိုင်မည်ဖြစ်ပြီး နစ်နာမှုများအတွက်လည်း ဥပဒေ၏အကာအကွယ်ကို ရရှိနိုင်မည်ဖြစ်သည်။

အတုပြုလုပ်ရောင်းချသူများသည် နာမည်ကြီးကုန်အမှတ်တံဆိပ်များကိုသာ ပစ်မှတ်ထားကြသည်။ တန်ဖိုးကြီးမားသောကုန်ပစ္စည်းများကိုသာ တုပဆောင်ရွက်ကြသည်။ သို့မှသာ ဈေးကွက်ရှာဖွေစရာမလိုဘဲ အဆင်သင့်တုပရောင်းချကာ အကျိုးအမြတ်ကြီးမားစွာ ရရှိကြသည်။ ငွေစက္ကူအတုများ၊ လူသုံး၊ အိမ်သုံးပစ္စည်းအတုများ၊ ဆင်တူယိုးမှားအတုများ လှိုင်လှိုင်ပေါ်များနေကြခြင်းဖြစ်သည်။ ထိုသို့အတုဈေးကွက်ကြီး သက်တမ်းရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် ဈေးနှုန်းချိုသာခြင်း၊ နည်းပညာအဆင့်မြင့်မားလာခြင်း၊ စားသုံးသူများ၏ ဗဟုသုတအားနည်းခြင်း၊ တစ်ဦးချင်းဝင်ငွေနည်းပါးခြင်း စသည့်အကြောင်းများကြောင့် လည်းပါဝင်ပါသည်။

လူသုံးအိမ်သုံးပစ္စည်းများနှင့်ပတ်သက်၍ အတုလား၊ အစစ်လား ခွဲခြားရန် လွန်စွာ ခက်ခဲလာသည်။ နည်းပညာများဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် အတုများသည် အစစ်လောက်နီးနီး ပြင်ပလက္ခဏာများတွင် အစစအရာရာတူညီလာခဲ့သည်။ လက်ရှိတွင်ကုန်ပစ္စည်းအတုဖြစ်ကြောင်း ထောက်ခံချက်ကို အစိုးရ၏ တရားဝင်အဖွဲ့အစည်းဖြစ်သည့် မှုခင်းတပ်ဖွဲ့ (CID)ထံမှလည်းကောင်း၊ တရားဝင်ဖွဲ့စည်းထားသည့် ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူများ၊ ဓာတုဝန်ရုံးများ စသည်တို့မှ ဆောင်ရွက်လျက်ရှိသည်။

လူသုံး၊ အိမ်သုံး အတုပြသာနာများနှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ လက်ရှိပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော စားသုံးသူ ကာကွယ်ရေးဥပဒေ(၂၀၁၉)နှင့်အညီ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို တစ်နိုင်ငံ လွှမ်းခြုံ၍ ဆောင်ရွက်ရာတွင်ထိုက်သင့်သော အောင်မြင်မှုများကို ရရှိနေသော်လည်း ဘာသာစကား အမျိုးမျိုးကွဲခြားနေခြင်း၊ အသိပညာ၊ အတတ်ပညာအားနည်းခြင်း၊ စားသုံးသူဆိုင်ရာ သိသင့်သည့်အချက်များကို သိရှိမှုအားနည်းလျက် ရှိနေခြင်း၊ တစ်ဦးချင်းဝင်ငွေ နည်းပါးခြင်း၊ ပစ္စည်းအရည်အသွေး စစ်ဆေးရန် ကျွမ်းကျင်သူ၊ပစ္စည်းကိရိယာ၊ အဆောက်အအုံမပြည့်စုံခြင်း၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုအတွက် လုပ်ငန်းစဉ်စံနှုန်းသတ်မှတ်ချက်များ အားနည်းခြင်း၊ ကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်မှုအလေ့အကျင့်ကောင်းများ အားနည်းခြင်း၊ ဓာတ်ခွဲခန်းများလုံလောက်မှုမရှိခြင်း၊ ကုန်ပစ္စည်းများထုတ်လုပ်၊ ရောင်းချမှုလုပ်ငန်းစဉ်များတွင် နောက်ကြောင်းပြန် ခြေရာကောက်နိုင်သည့်စနစ် အားနည်းခြင်း၊ လုပ်ငန်းရှင်များမှ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှု အားနည်းခြင်း၊ လုပ်ငန်းရှင်များက တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းနေခြင်း၊ လုပ်ငန်းရှင်များသည် ကုန်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ အလွန်အမင်းကြော်ငြာခြင်း၊ အကျင့်ပျက်ခြစားမှုများရှိနေခြင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုလုပ်ငန်းရှင်ရော၊ စားသုံးသူပါ သိရှိလိုက်နာရန် လိုအပ်ခြင်း၊ သက်ဆိုင်ရာ ဌာနများမှပြဋ္ဌာန်းထားသော ဥပဒေများ၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ မတူညီကွဲပြားမှုရှိနေခြင်း၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ အထောက်အကူပြု ပစ္စည်းများအားနည်းခြင်း၊ စားသုံးသူများအား ယခုထက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်ရန်လိုအပ်ခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားနည်းနေဆဲဖြစ်ခြင်းစသည့်အားနည်းချက်အချို့ကို တွေ့ကြုံနေရသည်။

သို့ဖြစ်ပါ၍ ၅၄ သန်းကျော်သော စားသုံးသူပြည်သူများကို စေတနာထားသောအား ဖြင့် ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ရမှုမရှိသော မူရင်းပစ္စည်းများကိုသာ အရည်အသွေးပြည့်မီစွာထုတ်လုပ်ရောင်းချကြပါရန်၊ စားသုံးသူပြည်သူများကို အန္တရာယ်ဖြစ်စေမည့် ကုန်ပစ္စည်းအတုများထုတ်လုပ်ရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်အတုများ ပြုလုပ်ရောင်းချခြင်း၊ ဆင်တူယိုးမှားသုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်များ ယှဉ်ပြိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်၊ စားသုံးသူများ ကိုယ်၊ စိတ်၊ နှလုံးအေးချမ်းစွာဖြင့် ယုံကြည်စိတ်ချစွာဖြင့် သုံးစွဲနိုင်သည့်စစ်မှန်၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကိုက်ညီသော ပစ္စည်းအစစ်များကိုသာ တင်သွင်းတင်ပို့၊ ဖြန့်ဖြူးရောင်းချကြပါရန်၊ ကုန်ပစ္စည်းအတု ပြဿနာများကြောင့် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် စေတနာထား တိုက်တွန်းအပ်ပါသည်။

# ဝါသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ လက်ပုကန်ကျေးရွာအုပ်စု၊ ကုက္ကိုကုန်းကျေးရွာနှင့် မင်းတိုင်ပင် အုပ်စု၊ ကျောက်ဖျာကန်ကျေးရွာနှင့် ခေါ်သန္တီကျေးရွာတို့တွင် ဇန်နဝါရီ ၂၂ ရက်က စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်း၊ ပုလဲမြို့နယ်တာဝန်ခံ ဒေါ်ဝင်းနုဆွေတို့သည် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းမာပင်ခရိုင်အနေဖြင့် ဝါနှင့် ဝါထွက်ပစ္စည်းကဏ္ဍတွင် လက်ရှိအခြေအနေ၌ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးခြင်း၊ ကုန်ကြမ်းများ၏ အရည်အသွေးကောင်းမွန်မှုနည်းပါးခြင်း၊ ကုန်ချောထုတ်လုပ်နိုင်မှု နည်းပါးခြင်းမှာ ဝါသီးနှံစိုက်ပျိုး ထုတ်လုပ်မှုတွင် အဓိက ရင်ဆိုင်နေကြရသည့်ပြဿနာမှာမျိုးကောင်းမျိုးသန့် ရရှိရန် အခက်အခဲဖြစ်ကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးရေး ဦးစီးဌာနမှ ရာကာ (RaKa) မျိုးကို ဝယ်ယူရရှိကြပြီး စိုက်ပျိုးကြကြောင်း ဝါလုပ်ငန်းရှင်များထံမှ သိရှိရသည်။

ယင်းမာပင်ခရိုင်တွင် ဝါသီးနှံကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ခုနှစ်၊ စိုက်ပျိုးထုတ်လုပ်မှုအရ ၈၈၀၄ ဧက၊ ၂၀၁၉-၂၀၂၀ ခုနှစ်၊ စိုက်ပျိုးထုတ်လုပ်မှုအရ ၁၃၉၁၃ ဧက စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။ ပုလဲမြို့နယ်တွင်မူ ဝါစိုက်တောင်သူများသည် ထွက်ရှိလာသော ဝါများကို မင်းတိုင်ပင်ကျေးရွာပွဲစားထံသို့ တစ်ပိဿာကို ကျပ် ၁၃၀၀ နှုန်းဖြင့် ရောင်းချပြီး၊ တောင်သူများထံမှ ဝယ်ယူသော ဝါများကို မုံရွာမြို့ 'ရွှေသိန်း' ကုမ္ပဏီ(စက်မှုဇုန်)သို့ ရောင်းချမှုပြုလုပ်ကြကြောင်း မင်းတိုင်ပင်ဒေသခံပွဲစားထံမှ သိရှိရသည်။

**ဝင်းနုဆွေ (ပုလဲ)**

# ယင်းမာပင်ခရိုင် စားသုံးသူရေးရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူရေးရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ အဖွဲ့ဝင်ကိုးဦး တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်းက စားသုံးသူရေးရာဦးစီးဌာန၏ ၁/၂၀၁၉ စားသုံးသူ ကာကွယ်ပေးရေးဥပဒေအရ ကော်မရှင်၊ ကော်မတီအဆင့်ဆင့် အသစ်ပြန်လည်ဖွဲ့စည်း၍ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု၊ ကော်မတီ၏ လုပ်ငန်းတာဝန်၊ ဦးစီးဌာန၏ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာနကလည်းစိုက်ပျိုးသည်မှအစ စားသုံးသည့်အဆင့်ထိကောင်းမွန်သော စိုက်ပျိုးနည်းစနစ်နှင့် စားသုံးသူများဘေးကင်းနိုင်စေရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာဆိုင်များ၊ ကွင်းဆင်းရာတွင် စားသုံးသူနှင့်အတူပူးပေါင်း စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဌာနကလည်း စားသုံးသူများရွေးချယ်စားသောက် ဆင်ခြင်နိုင်စေရန် ကျန်းမာရေးဆရာမများနှင့်အတူ ကာကွယ်ဆေးများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ၊ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးကလည်း စားသုံးသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ ပညာပေးဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က စားသုံးသူရေးရာဦးစီးဌာန၏ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ခေါင်းစဉ် ပျောက်သွားသော်လည်း ပူးပေါင်းဆက်စပ်ဌာနကော်မတီ၊ ဖွဲ့စည်းပြီး စားသုံးသူပြည်သူများဘေးကင်းလုံခြုံစိတ်ချ ရမှုရှိစေရန် မိခင်ဌာန၏ဥပဒေများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စေတနာထားဆောင်ရွက်သွားစေလိုကြောင်း ဒေသထွက်ကုန် တစ်ပိုင်တစ်နိုင် လုပ်ငန်းရှင်များ ဆောင်ရွက်မှုများကိုလည်း ကျန်းမာရေးရှုထောင့်၊ စားသုံးသူရှုထောင့်အရ လုံခြုံစိတ်ချစေရန် စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ပူးပေါင်းပြီး လုပ်ငန်းရှင်များ သိရှိစေရန် ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သည်။

**မိုးမိုးမြင့် (ယင်းမာပင်)**

# အသေးစား စားသောက်ကုန်လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား ရှင်းလင်းဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ အသေးစား စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းရှင်များအား ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးကျိုင်းတုံ၌ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာအချက်များ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယပြည်နယ်ဦးစီးမှူးက စားသုံးသူကာကွယ်ရေးဥပဒေသစ်အရ ပြည်တွင်း၊ ပြည်ပ ထုတ်ကုန်များတွင် ကုန်အညွှန်း အမှတ်အသား ဖော်ပြရမည့်အချက်နှင့် ပတ်သက်၍ သတ်မှတ်ကာလသည် ယခု ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် စတင်အသက်ဝင်လာမည်ဖြစ်၍ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား ခေါ်ယူဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ပုဂ္ဂလိက လက်လီ/လက်ကား ရောင်းချမှုလုပ်ငန်းကို ပြည်တွင်းခွင့်ပြုထားပြီးဖြစ်၍ ပြည်ပ ထုတ်ကုန်များ ဝင်ရောက်လာပါက ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး မိမိတို့၏ ထုတ်ကုန်များ အရည်အသွေး ပြည့်မီ ထုတ်လုပ်သွားရန် လိုအပ်မည် ဖြစ်ကြောင်း၊ ပြည်တွင်းကုန်စည်ပြပွဲများတွင်လည်း ဝင်ရောက်ပြသခြင်းဖြင့် အသေးစား စားသောက်ကုန်လုပ်ငန်းများ ပြည်တွင်း/ပြည်ပဈေးကွက်ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်စုယဉ်ညွှန့်က မိမိတို့ကုန်စည်များတွင် ထည့်သွင်းဖော်ပြထားသော ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်မှုရှိမရှိ ဌာနသို့တင်ပြ၍ စိစစ် ဆောင်ရွက်စေလိုကြောင်း၊ ပြည်တွင်းထုတ်ကုန်စည်များအား နိုင်ငံတကာ ဈေးကွက်တွင်ထိုးဖောက် ဝင်ရောက်နိုင်ရေးကိုလည်း ဒေသအတွင်း တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများမှ အရည်အသွေးမီ၊ အဆင့်မီထုတ်လုပ်သည့် လုပ်ငန်းများကို မိမိတို့ ဝန်ကြီးဌာနမှ စေလွှတ်ထားသည့် နိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများမှတစ်ဆင့် ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စစ်ဆေးရေးအရာရှိကလည်း ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်စည်အုပ်စုအလိုက် ပါဝင်ရမည့် အချက်များ၊ စစ်ဆေးရေးအရာရှိလုပ်ငန်းတာဝန်များနှင့် ဈေးကွက်စောင့်ကြည့် စစ်ဆေးနေမှုအခြေအနေများ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များနှင့် လိုက်နာရမည့်အချက်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရန်နောင်(ကျိုင်းတုံ)**




# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ (၁/၂၀၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (က-၁၀၁) တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သောင်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး အောင်စိုးမိုးနှင့် ကော်မတီဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူးများ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သောင်းက အဖွင့်အမှာစကား ပြောကြားရာ၌ ကော်မတီကို ကျစ်ကျစ်လျစ်လျစ်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး စားသုံးသူတိုင်ကြားမှုများနှင့်ပတ်သက်၍ လိုအပ်လျှင် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ ပါဝင်သည့် စုံစမ်းဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်စိုးမိုးက စားသုံးသူကိစ္စရပ်များကို အခွင့်အာဏာရှိသည့် ကော်မတီများ၊ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် လိုသကဲ့သို့ အထူးသဖြင့် အခြေခံလူတန်းစားများကို ကာကွယ်ပေးရန် လုပ်ဆောင်သင့်ကြောင်း ပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က ဆွေးနွေးတင်ပြရာ၌ ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ မြန်မာနိုင်ငံစားသုံးကာကွယ်ရေးကော်မရှင်မှ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီကို ဖွဲ့စည်းပေးခဲ့မှု၊ ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်ဦးစီးမှူးရုံးများမှ စားသုံးသူအသိပညာပေး ဆောင်ရွက်ခဲ့မှုများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းအသိပညာပေးစစ်ဆေးဆောင်ရွက်ခဲ့မှုများ၊ စားသုံးသူတိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများနှင့် ကော်မတီမှ ဆုံးဖြတ်လမ်းညွှန်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးသူရေးရာကိစ္စရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ စားသုံးသူ တိုင်ကြားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ အားလုံးကို လွှမ်းခြုံစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သောင်းက နိဂုံးချုပ်စကား ပြောကြားခဲ့ပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မင်းသိန်း**

# အလှုကုန်၊ စားသောက်ကုန်နှင့်ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့မဈေးအတွင်းရှိ အလှုကုန်၊ စားသောက်ကုန်နှင့် ဆေးဆိုင်များအား FDA စားသုံးသူ ရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန စည်ပင်သာယာရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်သောအဖွဲ့မှ ဇန်နဝါရီ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဈေးကွက် နမူနာကောက်ယူခြင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ အလှုကုန်၊ စားသောက်ကုန်နှင့် ဆေးဆိုင်များအား သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစစ်ဆေးရာတွင် FDA က တားမြစ် ပိတ်ပင်ထားသည့် အလှုကုန်၊ စားသောက်ကုန်အချို့တွေ့ရှိခဲ့ပြီး FDA ဥပဒေဖြင့် သိမ်းဆည်းအရေးယူခြင်း၊ နောက်နောင်တွင် တားမြစ်ကုန်စည်များ ဆက်လက်ရောင်းချခြင်းမပြုရန် သတိပေးခြင်း တားမြစ်ကုန်စည်အမျိုးအစားများအား အသိပေးခြင်းများ ပူးပေါင်း ဆောင်ရွက်သည်။

စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ စစ်ဆေးရေးအရာရှိနှင့် ဝန်ထမ်းများက စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာအချက်များ ပြည့်စုံမှန်ကန်စွာပါရှိသော ကုန်စည်များအား ရွေးချယ်ဝယ်ယူရောင်း ချရေးအသိပေးခြင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်း တားမြစ်ကုန်စည်နှင့် သက်တမ်းလွန်ကုန်စည်များ ရောင်းချမှုမရှိစေရေး စစ်ဆေးအသိပေးခြင်း ဖြစ်သည်။

ဆက်လက်၍ အဆိုပါ ပူးပေါင်းအဖွဲ့မှ အလှုန်ကုန်နှင့် စားသောက်ကုန်အချို့အား နမူနာကောက်ယူခြင်း၊ ဆေးဝါးတု အမျိုးအစားများအား အသိပေး ဆွေးနွေးခြင်းနှင့် ဆေးဝါးတုစာရင်းများအား ဆေးဆိုင်ပိုင်ရှင်များထံ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးထက်နိုင် (ကျိုင်းတုံ)**

# စစ်ကိုင်းတိုင်းဒေသကြီး မုန့်ပညာရှင်နှင့် မုန့်လုပ်ငန်းရှင်များအသင်း အသင်းသားများနှင့် ရောင်းဝယ်ဖြန့်ဖြူးသူများအား စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုံရွာခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိတ်ဖက်ဌာနများဖြစ်သော တိုင်းဒေသကြီးအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့်အတူ ဇန်နဝါရီ ၂၄ ရက်က မုံရွာခရိုင်ဦးစီးမှူးရုံးတွင် စစ်ကိုင်းတိုင်းဒေသကြီး မုန့်ပညာရှင်နှင့် မုန့်လုပ်ငန်းရှင်များအသင်းမှ အသင်းသားများ၊ ရောင်းဝယ်ဖြန့်ဖြူးသူများအား စားသုံးသူကာကွယ်ရေးဥပဒေအကြောင်းသိကောင်းစရာများနှင့် မုန့်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ကုန်အညွှန်း အမှတ်အသားတွင် ဖော်ပြရမည့် အချက်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပိုမိုပြည့်စုံသည့် စားသုံးသူကာကွယ်ရေးဥပဒေသည် ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်တွင် အခန်း(၁၈)၊ ပုဒ်မ-၄၁ တွင် ပြဋ္ဌာန်းထားသည့် ကုန်အညွှန်းအမှတ်အသားတွင် ဖော်ပြရမည့်အချက်များကို မုန့်လုပ်ငန်းရှင်များ အနေဖြင့် ဥပဒေကိုလိုက်နာဆောင်ရွက်နိုင်ရန် ယခုလိုတွေ့ဆုံကာ ရှင်းလင်းပြောကြားခြင်း ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း အတွင်းရှိ မုန့်မျိုးစုံထုတ်လုပ်ရောင်းဝယ်ဖြန့်ဖြူးသူ လုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ စားသုံးသူပြည်သူများ လုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်များသုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် ရောင်းဝယ်ဖြန့်ဖြူးသူများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ မုံရွာခရိုင် ဒုတိယခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းတင်က စားသုံးသူကာကွယ်ရေးဥပဒေ အခန်း (၁၈) ပုဒ်မ-၄၁ပါ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်းအမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ သိသာထင်ရှားစွာဖော်ပြရမည့်အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်ဖြစ်ကြောင်း၊ ဥပဒေပါ အချက်အလက်များ မပြည့်စုံသောမုန့်များကို လက်လီ/ လက်ကားရောင်းဝယ်သူဆိုင်ပိုင်ရှင်များအနေဖြင့် မရောင်းချပါက စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက ကုန်အညွှန်းအမှတ် အသားများကို ပြည့်စုံစွာ ရေးသားဖော်ပြလာကြမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါနိုင်က မိမိတို့ဌာနအနေဖြင့် စားသောက်ကုန်ပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပေးပြီး လုပ်ငန်းများ မှတ်ပုံတင်ပေးခြင်းများ ဆောင်ရွက်ကြောင်း၊ စားသုံးသူပြည်သူတို့၏ ကျန်းမာရေးကောင်းကျိုးအတွက် စားသောက်ကုန်ပစ္စည်းများကို ဓာတ်ခွဲပေးနေခြင်းဖြစ်ပါ၍ စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဌာနတွင် မှတ်ပုံတင်ပြုလုပ်ထားခြင်းမရှိသေးပါက လာရောက်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

**သန်းသန်းတင်(မုံရွာ)**

# မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




စားသုံးသူကာကွယ်ရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဇန်နဝါရီ ၂၉ ရက်တွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၀)ကို ကျင်းပခဲ့ရာ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံများ၊ ခရိုင် ဦးစီးမှူးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်းက ကုန်အညွှန်းအမှတ်အသားနှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် စတင် အာဏာသက်ရောက်မည်ဖြစ်၍ ထည့်သွင်းရမည့် အချက်များအား တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် တိုင်းမုန့်ထုတ်လုပ်သူများအသင်းနှင့် လက်လီရောင်းချသူများ အသင်းကိုလည်းကောင်း၊ ကုန်စည်ဒိုင်ခန်းမတွင် ဆီစက်လုပ်ငန်းရှင်များအသင်း ပြန်လည် ဖွဲ့စည်းခြင်းအခမ်းအနားတွင် သွားရောက်အသိပညာများပေးခဲ့ကြောင်း၊ ထို့ပြင် တိုင်း/ခရိုင်/ မြို့နယ်များမှ ဝန်ထမ်းများက ထုတ်လုပ်သည့်လုပ်ငန်းနေရာများ၊ စည်ပင်သာယာဈေးများ၊ ကုန်စုံဆိုင်၊ စတိုးဆိုင်များအထိ သွားရောက် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ CICC တိုင်ကြားမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းခဲ့မှုအခြေအနေများ၊ ဟင်းခတ်အချိုမှုန့်များနှင့် စပ်လျဉ်း၍ ဖော်ပြထားသည့် အလေးချိန်နှင့် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက အမှာစာများကို ဖတ်ကြားခဲ့ပြီး တက်ရောက်လာသည့် ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**စန္ဒာစိုးလွင်(မကွေး)**

# ဟုမ္မလင်းမြို့နယ်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

ဟုမ္မလင်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၌ ကလေးခရိုင် ဦးစီးမှူးနှင့်အဖွဲ့က စားသုံးသူ ကာကွယ်ပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ရာ ဆရာ/ဆရာမ ၂၁ ဦး၊ ကျောင်းသူ/သား ၇၀၉ ဦး၊ စုစုပေါင်း ၇၃၀ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အမှတ် (၁) အထက ကျောင်းဝင်းအတွင်းရှိ ကျောင်းမုန့်ဈေးဆိုင်များကိုလည်း စစ်ဆေးခဲ့ပြီး မိမိတို့ ရောင်းချ သည့် မုန့်ပဲသရေစာများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာများဖြင့်ဖြစ်စေ ဖော်ပြပါရှိသော မုန့်များကိုသာ ရွေးချယ် ဝယ်ယူ ရောင်းချရန် လိုအပ်ကြောင်း၊ ကုန်အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်း၊ စတင်ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်များ၊ ထားသိုသိမ်းဆည်းပုံအညွှန်း စသည်ဖြင့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအပေါ်တွင် သတင်းအချက်အလက် ပြည့်စုံစွာ ဖော်ပြ၍ ရောင်းချပေးရမည့် တာဝန်ရှိပါကြောင်း ဆွေးနွေးပေးခဲ့ပြီး ဖော်ပြပါ အချက်အလက်များမပြည့်စုံပါက ကျောင်းမုန့်ဈေးတန်းအတွင်း ရောင်းချခြင်းမပြုရန် ပြောကြားခဲ့သည်။

ထို့နောက် ဟုမ္မလင်းမြို့နယ်မှ လက်ဖက်ထုတ်လုပ်သူ၊ ဆီးဖျော်ရည်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင် ၁၂ ဦးအား မြို့နယ်တာဝန်ခံရုံးတွင် တွေ့ဆုံပြီး စားသုံးသူကာကွယ်ရေး ဥပဒေကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

**ကျော်သူလင်း (ကလေး)**

# Yangon ICT Fair (2020) ၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကွန်ပျူ တာပညာရှင်အသင်းတို့ ပူးပေါင်းကျင်းပသော Yangon ICT Fair (2020) ၌ စားသုံးသူကာကွယ်ရေးဥပဒေပါ သိကောင်းစရာများအား အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ရာ အသင်းမှ တာဝန်ရှိသူများ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အခန်း(၁၈)ပါ ကုန်ညွှန်း အမှတ်အသားနှင့်ပတ်သက်၍ သိကောင်းစရာများ၊ လုပ်ငန်းရှင်များနှင့် ပတ်သက်၍ ဥပဒေပါပြစ်မှုပြစ်ဒဏ်များအား အသေးစိတ် ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ရာ ကွန်ပျူတာ လုပ်ငန်းရှင်များအသင်းနှင့် ကွန်ပျူတာပညာရှင်များအသင်းမှ တာဝန်ရှိသူများကလည်း ယခုကဲ့သို့လာရောက် ဟောပြောဆွေးနွေး ပြောကြားပေးခြင်းအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**နှင်းနွယ် (YGN-DOCA)**

# ဘရူနိုဖာနန်ဒက်စ်ကို ယူရို ၅၅ သန်းဖြင့် မန်ယူခေါ်ယူ




မန်ယူအသင်းသည် စပို့တင်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို ယူရို ၅၅ သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း မန်ယူအသင်းက တရားဝင်ထုတ်ပြန်လိုက်သည်။

မန်ယူအသင်းသည် ကနဦးက အဆိုပါ အသက်(၂၅)နှစ်ရှိ ဘရူနိုဖာနန်ဒက်စ်ကို ခေါ်ယူနိုင်ရေးအတွက် ယူရို သန်း ၄၀ ခန့်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း စပို့တင်းအသင်း၏ ပယ်ချခြင်းကို ခံခဲ့ရ၍ နောက်ဆုံးတွင် စပို့တင်းအသင်းက တောင်းဆိုသည့် ယူရို ၅၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၃၀ ရက်က ဆေးစစ်မှုများပြုလုပ်ကာ ဇန်နဝါရီ ၃၁ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဘရူနိုဖာနန်ဒက်စ်ကို ငါးနှစ်ခွဲသက်တမ်းရှိ ကာလရှည်စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ဘရူနိုဖာနန်ဒက်စ်သည် စပို့တင်းအသင်း၏ ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြပြီး အသင်းဖော်များ ဂိုးသွင်းနိုင်အောင် ဂိုးဖန်တီးပေးမှုများစွာ ပြုလုပ်ပေးနိုင်ခဲ့သည်သာမကဘဲ ကိုယ်တိုင်လည်း ဂိုးသွင်းရန် အားသာသည့် ကစားသမားတစ်ဦးဖြစ်သည်။

မန်ယူအသင်းသို့ ရောက်ရှိလာသည့် ပေါ်တူဂီ လက်ရွေးစင် ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် စပို့တင်းအသင်းသို့ မရောက်ရှိမီက နိုဗာရာ၊ အူဒီးနိစ်နှင့် ဆမ်ဒိုးရီးယားအသင်းများတွင် ကစားခဲ့ဖူးသည်။ ဘရူနိုဖာနန်ဒက်စ်သည် ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သော်လည်း တိုက်စစ်ပိုင်းကို အားသာသူဖြစ်ပြီး စပို့တင်းအသင်းတွင် ၈၃ ပွဲကစားခဲ့ရာ ၃၉ ဂိုး သွင်းယူနိုင်ခဲ့သည်။




# ဝီလီယံနှင့် ရီချာလစ်ဆင်တို့ကို ခေါ်ယူရန် ဘာစီလိုနာအသင်း ပြင်ဆင်

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ဘရာဇီးကစားသမားများဖြစ်ကြသည့် ချယ်လ်ဆီးအသင်းမှ တောင်ပံကစားသမား ဝီလီယံနှင့် အဲဗာတန်အသင်းမှ တိုက်စစ်မှူး ရီချာလစ်ဆင်တို့ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း Sky Sports သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘာစီလိုနာအသင်းသည် တောင်ပံနေရာအတွက် ဝီလီယံကို ခေါ်ယူရန် အဆင်သင့်ဖြစ်နေကြောင်းနှင့် ၎င်းကစားသမားကို ပေါင်သန်း ၂၀ ပေး၍ ကမ်းလှမ်းထားကြောင်း သိရသည်။ ထို့ပြင် ဘာစီလိုနာအသင်းသည် အက်သလက်တီကိုအသင်းမှ တိုက်စစ်မှူး ဂရက်ဇ်မန်းကို မခေါ်ယူမီကပင် ဝီလီယံကိုခေါ်ယူရေးအတွက် ကြိုးပမ်းခဲ့ဖူးသည်။ ဘာစီလိုနာအသင်းအနေဖြင့် ယင်းအချိန်က ဝီလီယံကို ခေါ်ယူ၍ မရခဲ့ခြင်းကြောင့် ဂရက်ဇ်မန်းကို ပြောင်းလဲခေါ်ယူခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်တွင် ဂရက်ဇ်မန်းမှာ ဘာစီလိုနာအသင်း ကစားကွက်နှင့် အံဝင်မှုမရှိဘဲ ခြေစွမ်းပြနိုင်ရေးအတွက် ရုန်းကန်နေရသည်။

အခြားတစ်ဖက်တွင် ဘာစီလိုနာအသင်းတိုက်စစ်မှူး ဆွာရက်ဇ်သည် ရရှိထားသည့် ဒဏ်ရာကြောင့် ယခုနှစ် ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ခြင်းကြောင့် တိုက်စစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို ရှာဖွေလျက်ရှိရာ လက်ရှိအချိန်တွင် အဲဗာတန်အသင်းတွင် ခြေစွမ်းပြနေသည့် ဘရာဇီးတိုက်စစ်မှူး ရီချာလစ်ဆင်ကို ခေါ်ယူရန် ပေါင် ၈၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

ရီချာလစ်ဆင်သည် အဲဗာတန်အသင်းနှင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကမှ ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုထားသူဖြစ်သည်။ ဘာစီလိုနာအသင်းနှင့် ရီချာလစ်ဆင်တို့၏ အပြောင်းအရွှေ့မှာ အောင်မြင်နိုင်မည်လားဆိုသည်ကိုစောင့်ကြည့်ရမည်ဖြစ်သည်။

# ဒေါ့မွန်အသင်း အမ်မရီကန်ကို အငှားဖြင့်ခေါ်ယူ




ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းသည် ဂျူဗင်တပ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အမ်မရီကန်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အမ်မရီကန်သည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာ မကြာခဏ ကြုံတွေ့နေရပြီး ဂျူဗင်တပ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့် မရရှိဘဲ အရန်ကစားသမားအဖြစ်နှင့်သာ ပါဝင်ခွင့်ရရှိနေသည့် အနေအထားတွင် ရှိနေခဲ့သည်။ ထို့ကြောင့် အမ်မရီကန်သည် ပုံမှန်ပွဲထွက်ခွင့် ရရှိမည့်အသင်းသို့ ပြောင်းရွှေ့ကစားခွင့် ရရှိရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၃၁ ရက် သတင်းများအရ အမ်မရီကန်သည် ဒေါ့မွန်အသင်းနှင့် ဆေးစစ်မှုများလည်း အောင်မြင်ခဲ့ခြင်းကြောင့် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့မှုအောင်မြင်ခဲ့ကြောင်း သိရသည်။

အသက်(၂၆)နှစ်ရှိ အမ်မရီကန်သည် ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သော်လည်း ဗဟိုခံစစ်နေရာတွင်ပါ ကောင်းစွာကစားနိုင်သူ တစ်ဦးလည်းဖြစ်သည်။ ၎င်းကစားသမားသည် ဂျူဗင်တပ်အသင်းသို့ မရောက်ရှိမီက ဘိုင်ယန်မြူးနစ်၊ လေဗာကူဆင်နှင့် လီဗာပူးအသင်းများတွင် ပါဝင်ကစားခဲ့ဖူးသည်။

ဟန်နေသစ် စုစည်းသည်

# အာဆင်နယ်အသင်း နောက်ခံကစားသမားနှစ်ဦး ခေါ်ယူ




ယခုနှစ်ရာသီ အင်္ဂလန် ပရီးမီးယားလိဂ်တွင် ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေရသည့် အာဆင်နယ်အသင်းသည် ခံစစ်ပိုင်း အားနည်းနေမှုကို ဖြည့်တင်းနိုင်ရန်အတွက် ခံစစ်ကစားသမားနှစ်ဦးကို အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ဇန်နဝါရီ ၂၉ ရက်က ဖလာမင်ဂိုအသင်းမှ စပိန်ခံစစ်ကစားသမား ပက်ဘလိုမာရီကို ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သလို ဇန်နဝါရီ ၃၁ ရက်ကလည်း ဆောက်သမ်တန်အသင်းမှ ပေါ်တူဂီ ညာနောက်ခံကစားသမား စီဒရစ်ကို ယခုနှစ် ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်း အသင်းဝက်ဘ်ဆိုက်က တရားဝင် ထုတ်ပြန်ထားသည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက ‘ ကျွန်တော်တို့အသင်းရဲ့ အဓိကအားနည်းချက်က ခံစစ်ပိုင်းပါ။ ခုတော့ နောက်ခံကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်တာကြောင့် အဲဒီပြဿနာကို ဖြေရှင်းနိုင်တော့မှာပါ’ ဟု ပြောခဲ့သည်။

# ဒန်နီရိုစ့်ကို နယူးကာဆယ်အသင်း အငှားဖြင့် ခေါ်ယူ




နယူးကာဆယ်အသင်းသည် စပါးအသင်းမှ အင်္ဂလန်ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဒန်နီရို့စ်သည် နည်းပြ မော်ရင်ဟိုလက်ထက်တွင် စပါးအသင်း၌ ပုံမှန်ပွဲထွက်ခွင့် မရရှိဘဲ အရန်ကစားသမားအဖြစ်နှင့်သာ ပါဝင်ကစားနေရသူဖြစ်သည်။ ထို့ကြောင့် အသင်းပြောင်းရွှေ့ကစားရန် ပြင်ဆင်နေသည့် ဒန်နီရို့စ်ကို ခံစစ်ပိုင်းလိုအပ်ချက်များရှိနေသည့် နယူးကာဆယ်အသင်းက ယခုနှစ်ရာသီကုန်အထိ အငှားစာချုပ်ဖြင့်ခေါ်ယူလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဒန်နီရို့စ်သည် ၂၀၀၇ ခုနှစ်ကပင် လိဒ်ယူနိုက်တက်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သော်လည်း ၂၀၀၉ခုနှစ် ပထမနှစ်ဝက်တွင် ဝက်ဖို့ဒ်နှင့် ဒုတိယနှစ်ဝက်တွင် ပီတာဘရော့ခ်ျ အသင်းများသို့ အငှားချထားခြင်း ခံခဲ့ရသည်။ ထို့ပြင် စပါးအသင်းသည် ၎င်းကစားသမားကို ၂၀၁၀ မှ ၂၀၁၁ ခုနှစ်အထိ ဘရစ္စတိုးစီးတီးနှင့် ၂၀၁၂ မှ ၂၀၁၃ ခုနှစ်အထိ ဆန်းဒါးလန်း စသည့် အသင်းများသို့ ဆက်လက်အငှားချထားခဲ့ခြင်းဖြစ်သည်။

# ဝူဟန်ပိုင်းရပ်စ်ကြောင့် စင်ကာပူ၏စီးပွားရေးအပေါ် ထိခိုက်နိုင်

လက်ရှိ တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေသည့်အခြေအနေကြောင့် ချက်ချင်း လက်ငင်းသက်ရောက်မှုရှိသော ခရီးသွားလာရေးနှင့် ဆက်စပ်သည့် လုပ်ငန်းကဏ္ဍများကို ထိခိုက်မှုဖြစ်ပေါ်ပြီး စင်ကာပူ၏ စီးပွားရေးအပေါ် သက်ရောက်မှုရှိနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Mr Chan Chunm Sing က ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့် အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ ဖွဲ့စည်းထားရှိသော လုပ်ငန်းအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

စိုးရိမ်ရဖွယ်ရှိသော ကဏ္ဍများတွင် ဟိုတယ်၊ ခရီးသွားလာရေး အေဂျင်စီ၊ အစားအသောက်နှင့် အဖျော်ယမကာ၊ လက်လီ လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ရောဂါထိန်းချုပ်နိုင်ရန် အချိန်ကာလတစ်ခုအထိ ကြာမြင့်သွားပါက ယခုနှစ်တွင် စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုများကျဆင်းကာ စင်ကာပူ၏ စီးပွားရေးအပေါ် ထိခိုက်မှုရှိမည်ဟု ဝန်ကြီးဌာနအနေဖြင့် သုံးသပ်ထားကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၀၃ ခုနှစ်တွင် SARS ရောဂါဖြစ်ပွားခဲ့စဉ်က ဆောင်ရွက်ခဲ့သည့် အစီအမံများကဲ့သို့ စီးပွားရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်နှင့် ငွေသားစီးဆင်းမှု အခက်အခဲများကို သက်သာစေရေး၊ အလုပ်သမားများအား ဆက်လက်ထိန်းသိမ်းခန့်ထားနိုင်ရေးတို့အတွက် လိုအပ်သော အထောက်အကူပြုသည့် အစီအမံများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် စင်ကာပူရှိ ကုန်သည်လုပ်ငန်းရှင်အသင်းများ၊ အလုပ် သမားဝန်ကြီးဌာန၊ အမျိုးသားကုန်သွယ်ရေးသမဂ္ဂညီလာခံတို့နှင့် အနီးကပ်ပူးပေါင်း၍ ဆိုးကျိုးအနည်းဆုံးဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့သည်လည်း သက်ရောက်မှုများအပေါ် စီမံခန့်ခွဲနိုင်ရန်နှင့် လိုအပ်သောအကူအညီများ ပံ့ပိုးပေးနိုင်ရန် ကုန်သည်အသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း၊ စင်ကာပူ၏ စီးပွားရေး ဒူပေနာပေခံနိုင်မှု ကောင်းမွန်စေရေးအတွက် လိုအပ်သော အစီအမံများကို ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

၂၀၀၃ ခုနှစ်တွင် SARS ရောဂါဖြစ်ပွားခဲ့ချိန်၌ သက်ရောက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများက ဒေဝါလီခံခြင်းနှင့် အလုပ်သမားလျှော့ချခြင်း စသည့် အခြေအနေများကို ကျော်လွှားနိုင်စေရန် ဆောင်ရွက်ပေးခဲ့သော အစီအမံများတွင် လုပ်ငန်းများ၏ ပိုင်ဆိုင်ပစ္စည်းအခွန်များ ပြန်အမ်းပေးခြင်း၊ ပြည်ပအလုပ်သမားများအတွက် ပေးဆောင်ရသည့်အခွန်အခများကို လျှော့ပေါ့ပေးခြင်းနှင့် လုပ်ငန်းရှင်းနှီးငွေအတွက် ယာယီချေးငွေထုတ်ပေးခြင်း စသည်တို့ ပါဝင်ကြောင်း သိရှိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**



# သွင်းကုန်အမယ် ၅၀ ကျော်အား အခွန်တိုးမြှင့်ကောက်ခံရန် အိန္ဒိယအစိုးရ စီစဉ်

အိန္ဒိယအစိုးရသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေ ရသုံးမှန်းခြေ အစီရင်ခံစာကို ဖေဖော်ဝါရီ လဆန်းပိုင်း၌ ထုတ်ပြန်မည်ဖြစ်ရာ စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းနေမှုအား ပြန်လည်မြင့်တက်လာစေမည့် ပြောင်းလဲမှုများကို လုပ်ဆောင်ဖွယ်ရှိကြောင်း၊ မိုဘိုင်းဖုန်း အားသွင်းစက်ကဲ့သို့သော အီလက်ထရန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှု လုပ်ငန်းသုံးဓာတုထုတ်ကုန်များနှင့် ပရိဘောဂ၊ ဖယောင်းတိုင်နှင့် လက်ဝတ်ရတနာ စသည့် လက်မှုပစ္စည်းများ အပါအဝင် ကုန်စည်အမယ်များစွာကို သွင်းကုန်ခွန် တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ကြီးဌာနများမှ အရာရှိများ ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီအဖွဲ့တစ်ရပ်၏ ထောက်ခံတင်ပြချက်အရ အိန္ဒိယအစိုးရသည် သွင်းကုန် အခွန်အား ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမည့် ကုန်စည်အမယ်များကို ခွဲခြားသတ်မှတ်ထားပြီးဖြစ် ကြောင်း၊ အရေးကြီးတင်သွင်းကုန်မဟုတ်သော ကုန်စည်များတင်သွင်းမှုကို လျှော့ချရန်ရည်ရွယ်ကြောင်း၊ ဤသို့ အခွန်တိုးမြှင့် ကောက်ခံမှုသည် တရုတ်နိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် အိန္ဒိယနှင့်ချုပ်ဆိုထားသည့် ကုန်သွယ်ရေး သဘောတူညီချက်များအရ အခွင့်အရေးရရှိနေသော နိုင်ငံများထံမှ ဈေးနှုန်းချိုသာသည့် ကုန်စည်များတင်သွင်းမှုအား ယှဉ်ပြိုင်လုပ်ကိုင်နေရသော ပြည်တွင်းလုပ်ငန်းရှင်များအတွက် အထောက်အပံ့ပြုမည်ဖြစ်ကြောင်းစသည်ဖြင့် ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အစိုးရဌာနများမှ အမည်မဖော်လိုသူ အရာရှိနှစ်ဦးက ၎င်းတို့သတင်းဌာနသို့ ပြောကြားကြောင်း EconomicTimes သတင်းစာက ရေးသားဖော်ပြသည်။

တန်ဖိုးအားဖြင့် ဒေါ်လာ ၅၆ ဘီလီယံခန့်ရှိသော တရုတ်နိုင်ငံကထုတ်လုပ်သည့် ကုန်စည်များနှင့် အခြားဒေသများမှ ကုန်စည်များတင်သွင်းမှုကို လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သွင်းကုန်အချို့အပေါ် အကောက်ခွန်နှုန်းထားတိုးမြှင့်မှု အား ဆောင်ရွက်မည့်အစီအစဉ်သည် အိန္ဒိယနိုင်ငံအတွင်း၌ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်လျက်ရှိသည့် IKEA လုပ်ငန်းစုကဲ့သို့သော အိမ်တွင်းသုံး ပရိဘောဂပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် မိုဘိုင်းဖုန်းဆက်စပ်ပစ္စည်းများကို တင်သွင်းလျက်ရှိသော စမတ်ဖုန်းထုတ်လုပ်သည့်လုပ်ငန်းများအပေါ် ထိခိုက်မှုရှိလာနိုင်သည်။

ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဦးဆောင်သည့် အိန္ဒိယအစိုးရအနေဖြင့် ၂၀၁၄ ခုနှစ် အာဏာရရှိလာချိန်မှစ၍ ကုန်သွယ်ရေး လိုငွေကြီးမားစွာဖြစ်ပေါ်နေမှုကို လျှော့ချနိုင်ရန် သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ခြင်း၊ အခြားသော နည်းလမ်းများဖြင့် ကန့်သတ်ခြင်းတို့ကို လုပ်ဆောင်လျက်တစ်ဖက်တွင်လည်း ပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း နှစ်အလိုက် ကာလတူနှိုင်းယှဉ်ပါက ပို့ကုန်၌ ၂ ရာခိုင်နှုန်း ကျဆင်းမှုရှိနေသော်လည်း သွင်းကုန်တန်ဖိုးတွင် ၈ ဒသမ ၉ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ကြောင်း၊ ကုန် သွယ်မှုလိုငွေ ပမာဏသည် ယမန်နှစ်ကာလတူ၌ ဒေါ်လာ ၁၄၈ ဘီလီယံရှိရာမှ ယခု ဒေါ်လာ ၁၁၈ ဘီလီယံသို့ ကျဆင်းခဲ့ကြောင်း သိရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီ**



# အိန္ဒိယ၌ ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းကောင်းမည်ဟု ခန့်မှန်း

အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုသည် အထွက်နှုန်းများ တိုးတက်ကောင်းမွန်ဖွယ်ရှိကြောင်း လယ်ယာထွက်ကုန်များ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဆိုင်ရာ ဦးဆောင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် National Collateral Management ServicesLtd (NCML) က ကနဦးခန့်မှန်းချက် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယ၏ ဆောင်းသီးနှံစိုက်ပျိုးမှုတွင် ဂျုံသည်အဓိကသီးနှံဖြစ်ပြီး ယခုနှစ် ဆောင်းရာသီ၌ တန်ချိန် ၁၀၉၀ သိန်းခန့် ရိတ်သိမ်းရရှိနိုင်ကြောင်း NCML က ခန့်မှန်းထားသည်။ ယခင်နှစ် ဆောင်းရာသီ ဂျုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၀၂၁ သိန်းဖြစ်ရာ ယခုခန့်မှန်းချက်အရ ၆ ဒသမ ၂၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ထွက်ရှိမည် ဖြစ်သည်။ အလားတူ ဆောင်းရာသီ၌စိုက်ပျိုးသည့် စပါးသည်လည်း ယခင်နှစ်ကထက် ၅ ရာခိုင်နှုန်း ပိုမို၍ ထွက်ရှိမည်ဟု ခန့်မှန်းရသည်။

NCML ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Siraj Chaudhry က ၂၀၁၉ ခုနှစ် မုတ်သုံရာသီကာလ၌ မိုးရွာသွန်းမှုကောင်းမွန်ခဲ့ခြင်းကြောင့် ယခုနှစ်အဓိကဆောင်းသီးနှံများဖြစ်သည့် ဂျုံ ပြောင်းနှင့် နှံစားပြောင်းတို့သည် စံချိန်တင် အထွက်တိုးဖွယ်ရာရှိကြောင်း၊ သို့ရာတွင် ဆီထွက်သီးနှံနှင့် ပဲအချို့မှာ ယခင်နှစ်စိုက်ပျိုးထွက် ရှိမှုအောက်သို့ လျော့ကျနိုင်ကြောင်း ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းရာသီကာလ အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုမှာ ယခင်နှစ်ထက် ၈ ဒသမ ၂၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ပြီး တန်ချိန် ၈၉ ဒသမ ၂ သိန်းထွက်ရှိရန်နှင့် နှံစားပြောင်းထွက်ရှိနိုင်မှုကို ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ၂၀ ဒသမ ၂ သိန်း ထက် ၃၅ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုတိုးတက်၍ တန်ချိန် ၃၁ ဒသမ ၂ သိန်းအထိ ထွက်ရှိရန် NCML က ခန့်မှန်းလျက်ရှိသည်။

သို့ရာတွင် ဆောင်းရာသီကာလ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၌ စိုက်ဧကအများဆုံးဖြစ်သော ကုလားပဲအား ယခင်နှစ်ထွက်ရှိမှုအောက် ၅ ရာခိုင်နှုန်းလျော့ ချလျက် တန်ချိန် ၉၅ ဒသမ ၈၂ သိန်းနှင့် ယခင်နှစ်စိုက်ဧကအောက်လျော့နည်း စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းအား ၁၀ ရာခိုင်နှုန်း လျော့ချ၍ တန်ချိန် ၄ ဒသမ ၆၂ သိန်း ခန့်ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် ဆီကြိတ်မုံညင်းစေ့ စိုက်ပျိုးထုတ် လုပ်မှုမှာ ယခင်နှစ်က အထွက်တန်ချိန်ပေါင်း ၉၃ ဒသမ ၄ သိန်းရှိရာမှ ယခုနှစ် တွင် ၈ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းလျက် တန်ချိန် ၈၅ ဒသမ ၇၉ သိန်းသာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရသည်။

NCML ကုမ္ပဏီ၏ လေ့လာခန့်မှန်းချက်များအရ အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်းသီးနှံများ စိုက်ပျိုးထွက်ရှိနိုင်မှုမှာ စုစုပေါင်းတန်ချိန် ၁၅၂၇ သိန်းဖြစ်ပြီး ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ထုတ်လုပ်မှုပမာဏ တန်ချိန် ၁၄၃၂ သိန်းအား ကျော်လွန်၍ ခြောက် ရာခိုင်နှုန်း ခန့် တိုးတက်ထွက်ရှိဖွယ်ရာ ရှိသည်။ ဤသို့တွက်ဆချက်အရ ဆောင်းသီးနှံအထွက်ကောင်းမွန်ခြင်းကလက်ရှိဈေးကွက်၌ ပိုလျှံမှုဖြစ်ပေါ်နေသည့် ဂျုံနှင့် ဆန်စပါးတို့အပေါ် ထပ်ဆောင်းပိုလျှံမှု ဖြစ်ပေါ်စေပြီး ဈေးကွက်ပုံစံပျက်ယွင်းမှုကို လှုံ့ဆော်တွန်းအားပေးမည့် အနေအထားရှိကြောင်း၊ သို့ရာတွင် ဆောင်းရာသီဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးမှုမှာ အထွက်ပမာဏ ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းနိုင်ခြေရှိခြင်းက လက်ရှိဈေးကွက်၌ လိုအပ်ချက်ကို ပိုမိုမြင့်တက်စေဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# IBK ဘဏ်အကြီးအကဲအသစ် ဘဏ်၏ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ကတိသစ္စာပြု

ကိုရီးယားသမ္မတနိုင်ငံ၏ နိုင်ငံတော်ပိုင်ဘဏ်ဖြစ်သော Industrial Bank of Korea (IBK)ဘဏ်၏အကြီးအကဲအသစ် အမှုဆောင်အရာရှိချုပ် Mr. Yoon Jong-won သည် ၎င်း၏ IBK ဘဏ်ဥက္ကဋ္ဌသစ်တက်ပွဲနှင့်ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်း အနားကို ခန့်အပ်လွှာရရှိပြီး ၂၇ ရက်အကြာ ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပခဲ့သည်။ IBK ဘဏ်၏ အကြီးအကဲရာထူး နေရာသည် ပုံမှန်အားဖြင့် သုံးနှစ်သက်တမ်းရှိကာ သမ္မတက တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်ပြီး နောက်ဆုံးတာဝန်ယူခဲ့သည့် Mr. Kim Do Jin သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က တာဝန်မှ အနားယူခဲ့သည်။

အဆိုပါ IBK ဘဏ်ဥက္ကဋ္ဌသစ်တက်ပွဲနှင့်ကျမ်းသစ္စာ ကျိန်ဆိုပွဲအခမ်းအနားတွင် (IBK) ဘဏ်၏အကြီးအကဲ အသစ်က ၎င်းသည် ဘဏ်၏ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင် နိုင်ရေးအတွက် တီထွင်ဆန်းသစ်သော ဘဏ္ဍာရေး "Innovative Financing"ကို အထူးတာဝန်တစ်ရပ်အဖြစ် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မစ္စတာ ဘီလ်ဂိတ် အဆိုအမိန့်ရှိခဲ့သကဲ့သို့ ဘဏ်လုပ်ငန်းသည် အရေး ကြီးလိုအပ်သော်လည်း ဘဏ်များသည်ထိုမျှ မလိုအပ်ကြောင်း၊ ပြောင်းလဲမှုအရှေ့တစ်ခုကို မစွမ်းဆောင်နိုင်သောဘဏ်များ သည် ရေရှည်တွင်တိမ်မြုပ်ပျောက် ကွယ်သွားမည်ဖြစ်ကြောင်း တီထွင်ဆန်းသစ်နိုင်သည့် နည်းပညာပိုင်းတိုးတက်မှု၏အရေး ပါပုံကို ဥပမာပေး၍ IBK ၏ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်း စဉ်များ အပေါ်ခိုင်မာသည့် စိတ်ဓာတ်ဆုံးဖြတ်ထားရှိမှုကို Mr. Yoon က ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ထို့ပြင် အမှုဆောင်အရာရှိချုပ်အသစ်သည် ကျင့်ဝတ် ဆိုင်ရာစီမံခန့်ခွဲမှု အရေးပါမှုနှင့်ပတ်သက်၍ ကုမ္ပဏီတစ်ခု သည် ကမ္ဘာ့အကောင်းဆုံးဖြစ်နေသည့်တိုင် စောင့်ထိန်းရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်စည်းကမ်းများကို ဖောက် ဖျက်ခဲ့ပါက Customers များ၏ ယုံကြည်အားကိုးမှုကို ဆုံးရှုံး ရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်တစ်ခု ပန်းတိုင်ရောက်ရန် သည် ယုံကြည်စိတ်ချရမှု၊ စွမ်းဆောင်ရည်၊ ဝန်ထမ်းများနှင့် ဖွဲ့စည်းပုံစနစ်တို့ကောင်းမွန်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် IBK ဘဏ်တိုးတက်အောင်မြင်ရေးအတွက် လိုအပ်ပါက ပြင်ပမှကျွမ်းကျင် အတတ်ပညာရှင် Experts များကိုလည်း လက်ခံသင့်ကြောင်း ထပ်လောင်းပြောကြားခဲ့ သည်။

IBK သမဂ္ဂအဖွဲ့ဝင်များသည် လွန်ခဲ့သော ရက်သတ္တ သုံးပတ်ခန့်က Mr. Yoon အား ဆိုးလ်မြို့ရှိဘဏ်၏ ဌာနချုပ် အဆောက်အဦသို့ဝင်ခွင့်မပြုခဲ့ဘဲ ဘဏ္ဍာရေးဆိုင်ရာ လက်တွေ့ အတွေ့အကြုံမရှိသည့် အထက်မှ တိုက်ရိုက်ခန့်ထားသည့် ပုဂ္ဂိုလ်ဟု ဝေဖန်ပြောဆိုခဲ့မှုအပေါ် သမဂ္ဂခေါင်းဆောင်က အဆိုပါအခမ်းအနားတွင်ပြန်လည်တောင်းပန်ခဲ့ပြီး၊ IBK သမဂ္ဂအနေဖြင့် အမှုဆောင်အရာရှိချုပ် အသစ်၏ပြောင်းလဲ ဆောင်ရွက်မည့် လမ်းစဉ်ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။ Mr. Yoon သည် လုပ်ငန်းများတိုးတက် အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများ၏အားကိုး ယုံကြည် မှုရရှိအောင် ကတိကဝတ်ပြုအာမခံခဲ့ပြီးသည့်နောက် ၎င်း၏ ရုံးခန်းသို့ ဝင်ရောက်နိုင်ခဲ့ပြီး IBK သမဂ္ဂခေါင်းဆောင် အပါ အဝင် ဝန်ထမ်း ၄၀၀ ၏ အားပေးထောက်ခံမှုကိုလည်း ရရှိခဲ့ပြီ ဖြစ်ပါသည်။

အခမ်းအနားအပြီးတွင် Mr. Yoon က သတင်းမီဒီယာ များအား မိမိသည်ချီးကျူး ဂုဏ်ပြုမှုနှင့်အတူ ဖိအားများ ရရှိ ခြင်းကိုပါ တစ်ပြိုင်တည်းခံစားရကြောင်း၊ မိမိသည်အစိုးရဝန် ထမ်းဟောင်းတစ်ဦးဖြစ်သည့်အတွက် ယခုကဲ့သို့ အသေးစား၊ အလတ် စားလုပ်ငန်းများကို ကူညီထောက်ပံ့ပေးနိုင်မည့် ဘဏ်လုပ်ငန်းကြီးကို ဦးစီးဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဂုဏ်ယူပါကြောင်းဖြင့် ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နေ့ တွင်ပင် Mr. Yoon သည် ဆိုးလ်မြို့၊ အနောက်တောင်ပိုင်းရှိ IBK Guno ဘဏ်ခွဲ၊ တက်သစ်စလုပ်ငန်းများသို့ ရုံးခန်းနေရာ ထောက်ပံ့ပေးထားသော IBK ChangGong Guro နှင့် IBK Startup Accelerator Program မှ ထောက်ပံ့ပေးထားသော ALLT တို့သို့ သွားရောက်ကြည့်ရှုခဲ့သည်။

**ဝင်းပပသူ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# အာဆီယံသို့ ခရီးသည်နှင့် လေကြောင်း ကုန်သေတ္တာတင်ပို့မှု လမ်းကြောင်းများ ပိုမိုများပြားလာစေရန် ကွမ်ရှီးဆောင်ရွက်လျက်ရှိ

၂၀၁၉ ခုနှစ်အတွင်း ကွမ်ရှီးကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသသည် အရှေ့ တောင်အာရှနိုင်ငံများ အသင်းအဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်းကူးလူး ဆက် နွယ်မှုများ တိုးမြင့်စေရန် ခရီးသည်နှင့် လေကြောင်းကုန်သေတ္တာပို့ဆောင်သည့် လမ်းကြောင်းပေါင်း ၂၈ ခုကို ဖွင့်လှစ်ခဲ့ကြောင်း ကွမ်ရှီးလေဆိပ်အုပ်စုက ဇန်န ဝါရီ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မကြာသေးမီနှစ်များအတွင်း နန်နင်းနှင့် ကွေ့လင်တို့အား အဓိက ဝင်ထွက်ပေါက် လေဆိပ်များတည်ရှိရာ မြို့တော်များအဖြစ် ပြောင်းလဲခဲ့ပြီး အာဆီယံသို့ ရှေးရှုသည့် ကွမ်ရှီး၏ လေကြောင်း ဝင်ပေါက်တည်ဆောက်ရေး ဗဟိုချက်မမှာ ပုံပေါ်လာခဲ့သည်။ အာဆီယံနိုင်ငံများရှိမြို့တော်များနှင့်အလည် အပတ်များသော နေရာများကို လေယာဉ်များ ပိုမိုပျံသန်းပြေးဆွဲခဲ့သည်။

နန်နင်းမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြေးဆွဲသည့် လေယာဉ် အရေ အတွက်မှာ ရက်သတ္တ တစ်ပတ်လျှင် ၁၅ စင်းမှ ၂၅ စင်းသို့ တိုးမြင့်လာခဲ့ပြီး နန်နင်းမှ စင်ကာပူသို့ ယခင်က တစ်ပတ်လျှင် လေယာဉ်ခုနစ်စင်းသာ ပြေးဆွဲခဲ့ ရာမှ ယခုအခါ လေယာဉ် ၁၄ စင်းပြေးဆွဲလျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ ဟန်ွိုင်း မြို့သို့ ယခင်ကတစ်ပတ်လျှင် လေယာဉ်နှစ်စင်းသာ ပြေးဆွဲခဲ့ရာမှ ယခုအခါ လေယာဉ်ငါးစင်းထိ ပြေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်နှင့် ကွမ်ရှီး၊ မန္တလေးနှင့် ကွမ်ရှီးတို့ အကြား ကမ္ဘောဒီးယားနိုင်ငံ၏ Sihanoukvilleကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဆိပ်ကမ်း နှင့် ကွမ်ရှီးတို့အကြား လမ်းကြောင်းအသစ်များ ပြေးဆွဲရန်အတွက်လည်း ၂၀၁၉ ခုနှစ်အတွင်း စတင်ဆွေးနွေးလျက်ရှိသည်။

နန်နင်းနှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းတို့ အကြား ကုန်သေတ္တာတင်ဆောင် သည့် လမ်းကြောင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း စတင် ပြေးဆွဲ ခဲ့ပြီး ကွမ်ရှီးနှင့် အာဆီယံနိုင်ငံများအကြား ကုန်သေတ္တာပို့ဆောင်ရေးကို ပါဝင် ဖြည့်ဆည်းပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ်အတွင်း နန်နင်း Wuxu အပြည် ပြည်ဆိုင်ရာလေဆိပ်၌ အာဆီယံနိုင်ငံများနှင့် လေကြောင်းချိတ်ဆက်မှုကြောင့် ခရီးသည် တစ် သန်း ကျော် ဝင်ရောက်ခဲ့ကြောင်း စာရင်းများအရ သိရသည်။

**ရင်းမြစ်၊ en.gxzf.gov.cn (၂၂-၁-၂၀၂၀)**
**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး နန်နင်းမြို့။**

# ၂၀၂၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းဈေးနှုန်း ကျဆင်းနိုင်

၂၀၁၉ ခုနှစ်တွင် ငရုတ်ကောင်း ထွက်ရှိမှုများပြားသောကြောင့် ပြင်းထန် သောဈေးနှုန်းကျဆင်းမှုတစ်ရပ် ဖြစ် ပေါ်ခဲ့ပြီး နောက်ပိုင်း ယခုနှစ်တွင်လည်း ငရုတ်ကောင်းဈေးနှုန်းများသည် ပြန် လည်ကောင်းမွန်သည့် အခြေအနေ ရောက်ရှိရန် အလားအလာ မရှိသေး ကြောင်းနှင့် ငရုတ်ကောင်း သုံးစွဲသော နိုင်ငံများ၏ ဝယ်လိုအားများသည် ယခု တိုင်အားကောင်းသော တိုးတက်မှုကို မမြင်ရသေးကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် တွင် ၂၀၁၇ ခုနှစ်က စတင်စိုက်ပျိုးခဲ့ သောများစွာသော ငရုတ်ကောင်းစိုက်ခင်း များမှအားရလောက်သော သီးနှံများစွာ ထွက်ရှိဖို့ မျှော်မှန်းခဲ့ကြောင်းနှင့် ပို၍ မြင့်မားသော ဈေးနှုန်းများရရှိဖို့ကို မျှော်လင့်၍ အိမ်သုံးနှင့် လုပ်ငန်းသုံးရန် အတွက် သိုလှောင်ထားသည့် ပမာဏ များစွာနှင့် ယခင်ကောက်ပဲသီးနှံများမှ ထွက်ရှိသည့် အရေးပါသော ငရုတ် ကောင်းပမာဏတို့မှာ ပြည်တွင်းဈေး ကွက်တွင် ရှိနေသေးကြောင်း ဗီယက်နမ် ငရုတ်ကောင်းအသင်း၏ ပြောကြားချက် အရ သိရှိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ငရုတ် ကောင်းအဓိကထွက်ရှိသည့် နိုင်ငံတချို့ မှ ငရုတ်ကောင်းပမာဏသည် တိုးလာ မည့်အလားအလာရှိကြောင်း၊ အိန္ဒိယ နိုင်ငံတွင် နှစ်စဉ် ၃၀ ရာခိုင်နှုန်း တိုး တက်မှုဖြင့် ယခုနှစ်၏ငရုတ်ကောင်း ထွက်ရှိမှု ပမာဏကိုတန်ချိန် ၆၁၀၀၀ မှ ၆၂၀၀၀ တန်ခန့် ထွက်ရှိမည့်ဟု မျှော် မှန်းထားကြောင်းနှင့် ၎င်းအပြင် ဘရာဇီး နိုင်ငံတွင် ကုန်ကျစရိတ် ပိုမို သက်သာ ပြီး ထွက်ရှိမှုပမာဏ မြင့်မားသော ထုတ် လုပ်မှုပုံစံသစ်တစ်ရပ်ရှိကြောင်း အသင်း ၏ ပြောကြားချက်အရ သိရှိရ သည်။

ထို့ကြောင့် ပြည်တွင်းမှ ကျွမ်း ကျင်သူများက ယခုနှစ်၏ငရုတ်ကောင်း ဈေးနှုန်းများမှာ ဆက်လက်ကျဆင်းမည့် အလားအလာရှိသည်ဟု ထင်မြင်ယူဆ



ကြကြောင်း၊ ဇန်နဝါရီလ၏ အစောပိုင်း ရက်များအတွင်း ငရုတ်ကောင်းဈေးနှုန်း မှာ တစ်ကီလို လျှင် VND ၃၉၀၀၀ မှ ၄၂၀၀၀ ဖြစ်ကြောင်းနှင့် အဆိုပါဈေး နှုန်းများကြောင့် ငရုတ်ကောင်းဈေးနှုန်း များမှာ ပို၍ဈေးနှုန်းထိုးကျ သွားခြင်းမျိုး မဖြစ်နိုင်ကြောင်း အသင်း၏ ပြောကြား ချက်အရ သိရှိရသည်။

၂၀၁၉ ခုနှစ်တွင် ငရုတ်ကောင်း ပြည်ပသို့တင်ပို့သော ပျမ်းမျှဈေးနှုန်းမှာ ပြီးခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၂၃ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းမှုဖြင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၁၆ ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့ ခဲ့သည့် တန်ချိန်မှာ ၂၈၄၀၀၀ တန်ဖြစ် ပြီး၊ ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၇၁၅ သန်း ရရှိခဲ့ကြောင်း ဗီယက်နမ် နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရှိရသည်။

၂၀၂၀ ပြည့်နှစ်တွင် အထူးသဖြင့် ဂျာမနီနိုင်ငံ ပါဝင်သော ဥရောပသမဂ္ဂ နိုင်ငံများသို့ တင်ပို့မှုများကို တိုးမြှင့်ပြီး ပြည်တွင်း ငရုတ်ကောင်းလုပ်ငန်းများ အတွက် ကောင်းမွန်သော အခြေအနေ များနှင့် အခွင့်အရေးများကို ဖန်တီးနိုင် ရန် ဗီယက်နမ်နှင့် ဥရောပသမဂ္ဂနိုင်ငံ များအကြား ချုပ်ဆိုထားသော လွတ် လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (EVFTA) ကို မျှော်လင့်ထားကြောင်း၊ အဆိုပါ သဘောတူစာချုပ်သည် ငရုတ် ကောင်းတင်ပို့သော ကုမ္ပဏီများက ၎င်းတို့တင်ပို့သည့် ဈေးကွက်များကို ချဲ့ထွင်ခြင်းနှင့် လုပ်ငန်းစဉ်ဆောင်ရွက် နေသောအဆင့်တွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်မည့် အခွင့်အလမ်း ပေါင်း များစွာကိုလည်း ကူညီပေးလိမ့် မည်ဖြစ်ကြောင်း သိရှိရသည်။

**ချိုချိုမာ (ရန်ကုန်)**




# စင်ကာပူ၊ နယူးဇီလန်နှင့် ချီလီနိုင်ငံတို့အကြား ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးမှုများ အပြီးသတ်ကြောင်း ထုတ်ပြန်ကြေညာ

စင်ကာပူ၊ နယူးဇီလန်နှင့် ချီလီ သုံးနိုင်ငံအကြား ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Digital Economy Partnership Agreement–DEPA) လက်မှတ်ရေးထိုး နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများ ကို အပြီးသတ်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၁ ရက်တွင် ပူးတွဲထုတ်ပြန် ကြေညာခဲ့သည်။

ယင်းသဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ကျင်းပပြုလုပ်မည့် အာရှ-ပစိဖိတ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး တွင် လက်မှတ်ရေးထိုးသွားနိုင်ရန် မျှော်မှန်းထားကြောင်း၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုတွင် ကူးသန်းရောင်းဝယ် ရေးနှင့် ကုန်သွယ်ရေးတို့၏ သဘောသဘာဝများ ပြောင်းလဲလာသောကြောင့် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် နယ်စပ်ဖြတ်ကျော် လုပ်ငန်း ချိတ်ဆက်ဆောင်ရွက်မှု ပုံစံသစ်များကို ပေါ်ပေါက်လာရေး ဆောင်ရွက်ပေးရန် အရေးကြီးလာကြောင်း၊ DEPA သည် စင်ကာပူ၏ လွတ်လပ်သော ကုန်သွယ် ရေးကွန်ရက်များကို ပံ့ပိုးပေးမည့်အပြင်၊ အခြေခံကျသော ဒစ်ဂျစ်တယ်ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများ ဖွံ့ဖြိုးလာစေရန် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ (WTO) တွင် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး(E-commerce) ဆိုင်ရာ ပူးတွဲထုတ်ပြန်ချက် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Joint Statement Initiative) ၌ ပူးတွဲဆော်သြသူအဖြစ် စင်ကာပူ၏ ကြိုးပမ်း ဆောင်ရွက်မှုများအပေါ် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၎င်းတို့သုံးနိုင်ငံအကြား စီးပွားရေး ဆက်ဆံမှုများ ခိုင်မာအားကောင်းလာစေပြီး ဒစ်ဂျစ်တယ်ဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr Chan Chun Sing က ပြောကြားသည်။

စင်ကာပူတွင် ပြုလုပ်ခဲ့သည့် အဆိုပါ ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နယူးဇီလန် ကုန်သွယ်ရေးနှင့် ပို့ကုန်မြှင့်တင်ရေး ဝန်ကြီးဌာန ဝန်ကြီး Mr David Parker နှင့် ချီလီ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr Rodrigo Yanez တို့က တက်ရောက်၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

DEPA သည် နိုင်ငံများအကြား ဒစ်ဂျစ်တယ်ကွန်ရက်ချိတ်ဆက်မှု ပိုမိုကောင်းမွန်လာစေရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဒစ်ဂျစ်တယ်ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံတကာစည်းမျဉ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ စာရွက်စာတမ်းမလိုသော ကုန်သွယ်မှု၊ အီလက်ထရောနစ် ပြေစာစနစ်၊ ဒစ်ဂျစ်တယ်သက်သေခံအထောက်အထား၊ ငွေရေးကြေးရေးဆိုင်ရာ နည်းပညာ၊ မှတ်ဉာဏ်တု၊ ပုဂ္ဂိုလ်ရေးအချက်အလက်ကာကွယ်မှု၊ အွန်လိုင်းအသုံးပြု၍ ဝယ်ယူသုံးစွဲသူများအား ကာကွယ်မှု၊ အချက်အလက်စီးဆင်းမှု၊ အချက်အလက်တီထွင်ဆန်းသစ်မှု၊ SMEs များအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ဒစ်ဂျစ်တယ်ဖြင့် အားလုံးပါဝင်ဆောင်ရွက်နိုင်မှုစသည့်အကြောင်းအရာများ ပါဝင်ကြောင်း၊ ဒစ်ဂျစ်တယ်ကုန်သွယ်ရေးအတွက် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများသာမက ပေါ်ပေါက်လာမည့် ဒစ်ဂျစ်တယ်ဆိုင်ရာ လုပ်ငန်းနယ်ပယ်သစ်များတွင်လည်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံဖြတ်ကျော် E-commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနေသော်လည်း ထောက်ပံ့ပို့ဆောင်ရေးပိုင်းမှ ငွေပေးချေမှုပိုင်းအထိ လုံခြုံစိတ်ချမှုရှိစေရန် စိန်ခေါ်မှုများရှိနေ ဆဲဖြစ်ပြီး သတင်းအချက်အလက် ထိန်းချုပ်မှုဆိုင်ရာ မူဝါဒများကလည်း ကမ္ဘာ့ဒစ်ဂျစ်တယ်စီးပွားရေးကို ခြိမ်းခြောက်မှုရှိနေကြောင်း၊ မကြာမီက ဆွေးနွေးမှုများ အပြီးသတ်ခဲ့သော အဆင့်မြှင့်တင်၍ ချုပ်ဆိုမည့် အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်သည် ဒစ်ဂျစ်တယ်စီးပွားရေးအပေါ် ဦးစားပေးမှုရှိသည့် ပထမဆုံး လွတ်လပ်သောကုန်သွယ်ရေး စာချုပ်များအနက်မှ တစ်ခုဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ချုပ်ဆိုခဲ့သော အီးယူ - ဂျပန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင်လည်း ဒစ်ဂျစ်တယ်ကုန်သွယ်ရေးနှင့်ပတ်သက်၍ ကတိကဝတ်များ စွာပါဝင်ကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) ၏ ဒစ်ဂျစ်တယ်ကူးပြောင်းရေး ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်တွင် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်ပေါင်းစုံမှလိုက်လျောညီထွေမှုရှိသော မူဝါဒများချမှတ် ဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်း၊ စင်ကာပူသည် ဩစတြေးလျနိုင်ငံနှင့်လည်း အလားတူ ဒစ်ဂျစ်တယ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစ၍ ပြုလုပ်လျက်ရှိသည်။

**သတင်းရင်းမြစ် ။ ။ Singapore Ministry of Trade and Industry/ The Straits Times**

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့။**

# ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် အားထုတ်ကြိုးပမ်းမှုများအတွက် တရုတ်နိုင်ငံကို ချီးကျူးလေးစားသင့်ကြောင်း WHO အကြီးအကဲပြော

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွား ပျံ့နှံ့မှုအား ကိုင်တွယ်ဖြေရှင်းရန် အလွန်အရေးကြီးသော စီမံဆောင်ရွက်မှုများကို ဆောင်ရွက်ရေးနှင့် ရောဂါဖြစ်ပွားမှုအား နိုင်ငံခြားတိုင်း ပြည်များသို့ ပျံ့နှံ့မှုမှ ကာကွယ်ရေးတို့အတွက် တရုတ်နိုင်ငံ၏ ဆောင်ရွက်နေ မှုများအပေါ် နိုင်ငံတကာအသိုင်း အဝိုင်းက အသိအမှတ်ပြုမှုနှင့် လေးစားမှုတို့ပေးရန် ထိုက်တန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်က ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွား ပျံ့နှံ့မှုအား ကိုင်တွယ်ဖြေရှင်းရန် အလွန်အရေးကြီးသော စီမံဆောင်ရွက်မှုများကို ဆောင်ရွက်ရေးနှင့် ရောဂါဖြစ်ပွားမှုအား နိုင်ငံခြားတိုင်းပြည်များသို့ ပျံ့နှံ့မှုမှ ကာကွယ်ရေးတို့အတွက် တရုတ်နိုင်ငံ၏ ဆောင်ရွက်နေမှုများအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုမှုနှင့် လေးစားမှုတို့ပေးရန်ထိုက်တန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် TedrosAdhanomGhebreyesusက ဇန်နဝါရီ ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှု များ၏ ၉၉ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံအတွင်း၌သာဖြစ်ပြီး ကျန် ၁၅ နိုင်ငံ၌ ဖြစ်ပွားသည်ဟုအတည်ပြုသော လူနာပေါင်း ၆၈ ဦးမှာ သေဆုံးမှုမရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အလွန်အရေးကြီးသော စီမံဆောင်ရွက်မှုများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရသည့်အတွက် ကျွန်ုပ်တို့၏ ကျေးဇူးတင်ရှိမှုနှင့် လေးစားမှုကို ခံယူရန် ထိုက်တန်ကြောင်း Tedros က ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲသည် တရုတ်နိုင်ငံ၏ အကြီးအကဲများနှင့် တွေ့ဆုံလျက် ဝူဟန်မြို့တွင် ပျံ့နှံ့ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသော ရောဂါအပေါ် ကာကွယ်ဆောင်ရွက်မှု များ၊ အခြားမြို့တော်များနှင့် ပြည်နယ်များတွင် စီမံဆောင်ရွက်မှုများ၊ ဗိုင်းရပ်စ်၏ ပြင်းထန်မှုနှင့် ကူးစက်နိုင်မှုအပေါ် လေ့လာသုတေသနပြုနေမှုများ၊ အချက်အလက်နှင့် ဇီဝဗေဒဆိုင်ရာ အရာဝတ္ထုများ မျှဝေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံမှ ဂျီနီဗာသို့ ဇန်နဝါရီ ၂၉ ရက်တွင် ပြန်လည် ရောက်ရှိခဲ့ပါသည်။

တရုတ်သည် အချိန်တိုအတွင်း ရောဂါဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ကို ဖော်ထုတ်ပေးနိုင်ပြီး ချက်ချင်း အချက်အလက်မျှဝေပေးနိုင်ခဲ့သဖြင့် ကုသရေး ကိရိယာများ ဖွံ့ဖြိုးမှုကိုဆောင်ရွက်သွားနိုင်မည် ဖြစ်သဖြင့် ကျေးဇူး တင်ရှိကြောင်း WHO အကြီးအကဲက ဖြည့်စွက်ပြောကြားခဲ့သည်။

မကြာသေးမီက ဂျာမနီတွင် တွေ့ရှိခဲ့သည့် ရောဂါဖြစ်ပွားမှုမှာလည်း တရုတ်အစိုးရ၏ ချက်ချင်း အကြောင်းကြားခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းကြောင့် အလွန်မြန်ဆန်စွာ ရောဂါဖော်ထုတ်နိုင်ပြီး ဆေးဝါးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း၊ တရုတ်အစိုးရသည် ပြည်တွင်းပြည်ပ နှစ်ရပ်လုံးတွင် ပွင့်လင်းမြင်သာမှုကို လုံးလုံးလျားလျားပေးရန် ကတိကဝတ် ပြုထားပြီး ၊ ၎င်းလိုအပ်နေသော အကူအညီများအတွက် အခြားနိုင်ငံများနှင့် အတူတကွဆောင်ရွက်သွားရန် သဘောတူခဲ့ကြောင်း၊ တရုတ်နှင့် ဂျာမနီတို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ တရုတ်က WHO နှင့် မည်ကဲ့သို့ ထိတွေ့ဆောင်ရွက်နေကြောင်းကို ပြသနေကြောင်း Tedrosက ထည့်သွင်း ပြောကြားခဲ့သည်။

ရောဂါဖြစ်ပွားပျံ့နှံ့နေမှုများကို နားလည်မှုတိုးမြှင့်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်ရေးအားထုတ် ကြိုးပမ်းမှုများကို လမ်းညွှန်ပြသရန် WHOမှ နိုင်ငံတကာ ကျွမ်းကျင်သူများအဖွဲ့က တရုတ်နိုင်ငံသို့ အမြန်ဆုံး လာရောက်မည်ဖြစ်ကြောင်း၊ WHO အရေးပေါ် ကော်မတီက ဇန်နဝါရီ ၃၀ ရက်တွင်ထပ်မံတွေ့ဆုံပြီး ရောဂါဖြစ်ပွားပျံ့နှံ့မှုအပေါ် ဆွေးနွေးမည်ဟု Tedrosက ကြေညာခဲ့သည်။ ယင်းကော်မတီသည် ဇန်နဝါရီ ၂၂ နှင့် ၂၃ ရက်တို့တွင်လည်း တွေ့ဆုံမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကာ တရုတ်နိုင်ငံ၏ ပြင်ပတွင် ရောဂါကူးစက်ဖြစ်ပွားမှုမှာ အရေအတွက် အနည်းငယ်သာရှိနေသေးပြီး တရုတ်အာဏာပိုင်များက ရောဂါကူးစက်မှုမှ ကာကွယ်ရေး စီမံဆောင်ရွက်မှုများကို အလွန်အားထည့်ဆောင်ရွက် အကောင်အထည်ဖော်နေသည့်အတွက် “တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ”မဟုတ်သေးကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

**ရင်းမြစ်၊ Xinhua**

**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး နန်နန်းမြို့။**

ebiche

စွမ်းအင်ပြည့်ဖြိုး ဂျင်စင်းတန်ခိုး




ပူရီချဲ

"ပူရီချဲ" ဆိုသည်မှာ
ဂျင်စင်းအရည်နှင့် အမြစ်ကို ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်

မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်

HINODE COMPANY LIMITED

Add : Room No (3131), Second Floor, Tawwin Centre, Pyay Road, Dagon Township, Yangon.
Tel : 09-254209171, 09-459924214, 09-798146858
Facebook : Red Ginseng Myanmar
Email : hinode007yn@gmail.com



တောင်သာ.ဂုဏ်ရည် သုခမိန်ဆရာကြည်
သုတေသနပြုအောင်မြင်သော
မြန်မာဆေး

သွင်းကုန်အစားထိုး




၁။ စွယ်စုံအထူးဆေးတော် ၂။ နှစ်လုံးအထူးဆေးတော် ၃။ လေငန်းအထူးကုဆေးတော်
၄။ ဆီးချိုအထူးကုဆေးတော် ၅။ သွေးသန့်ဆေး ၆။ အထူးအားဆေး
၇။ အသဲရောဂါအထူးကုဆေး ၈။ အဆုတ်အထူးကုဆေး
၉။ ဆီးနှင့်ကျောက်ကပ်အထူးကုဆေး ၁၀။ ဦးနှောက်နှင့်အာရုံကြောအထူးကုဆေး

အမှတ်(၇၃)၊ ဂျုန်ရပ်ကွက်၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊
ဝိုက်တောမှတ်တိုင်၊ရန်ကုန်မြို့။
ဖုန်း ၊ ၀၉၂၆၄၈၆၁၅၈၀၊ ၀၉၂၅၈၁၈၇၂၃၅

မြင့်မြတ်တော်ဝင်

ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ
အထူးကုဆေးခန်း

ပိတ်ရက်မရှိဖွင့်လှစ်သည်။

G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350

ANNAWAR PEARL CO.,LTD

Add : No.232, Floor 20, Room 203, Ahlone Road & Baho Road Angle, Kayin Chan Quarter, Ahlone Township, Yangon, Myanmar.
Ph : 01-2301197, 09-453644994
Email : annawarpearl2015@gmail.com

MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.
L-3, Shwe Zabe Housing, Bayint Naung Road, Kamayut Township, Yangon, Myanmar.
Tel : +95-1-535571
Fax : +95-1-535571
E-mail:mkkwhalelogistics2012@gmail.com
thetthetwin.ygn@gmail.com





SAILUN
TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon: No.(59-60), Hlay Thin Ah Twin Wun U Chain Street, Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay: PaPa(21/1), Corner of Yaw Min Gyi Street & 66 Street, Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117




MYANMAR KINAN CO.,LTD
MACHINERY RENTAL SERVICES
55t/80t/100t/150t/250t/450t Crawler crane
6m × 3m Unit House
20ft / 40ft stock container Container office
Human assembly house
Distribution Board
Oxometer
Noise Meter
Laser Level
Level
Electrical Work Drum
Mobile Toilet (Myanmar type)
Add : Block No.153, Thilawa Industrial Zone, Kyauk Tan Township, Yangon.
Ph : +95 94-5868-8804
Email : mk-2015@kinan-myanmar.com

# COMMERCE INTERNATIONAL


## ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့ရောင်းအားအကောင်းဆုံး မော်တော်ကားကုမ္ပဏီ ၁၀ခု

၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့ရောင်းအားအကောင်းဆုံး မော်တော်ကား ကုမ္ပဏီ ၂၅ ခုကို motoringresearch .com က စစ်တမ်းကောက်ယူဖော်ပြခဲ့ရာ ရောင်းအားအကောင်းဆုံး မော်တော်ကားကုမ္ပဏီမှာ ဗောက်ဆွာဂွန်ပင်ဖြစ်ကြောင်း သိရသည်။



motoringresearch.com ၏ ဖော်ပြထားချက်အရ ဂျာမနီနိုင်ငံအခြေစိုက် ဗောက်ဆွာဂွန် မော်တော်ကားကုမ္ပဏီမှထုတ်လုပ်သည့် ဇိမ်ခံကားများမှာ လူကြိုက်များလာခဲ့ပြီး ၂၀၁၉ ခုနှစ်တစ်နှစ်တာတွင် ကမ္ဘာ့ရောင်းအားအကောင်းဆုံး မော်တော်ကားကုမ္ပဏီအဖြစ် ရပ်တည်နိုင်ခဲ့သည်။

၁၉၃၇ ခုနှစ် မေ ၂၈ ရက်က ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် အခြေစိုက်ထုတ်လုပ်ခဲ့သည့် ဗောက်ဆွာဂွန် မော်တော်ကားများမှာ ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၇ နိုင်ငံ၌ ကုမ္ပဏီတည်ထောင်ပြီး ထုတ်လုပ်လျက်ရှိနေသည်။ ကမ္ဘာတစ်ဝန်းရှိ ဗောက်ဆွာဂွန် မော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများမှာ ၂၀၁၉ ခုနှစ်က အစီးရေ၃၂၉၆၄၄၀ စီးရောင်းချရပြီး ရောင်းအားအကောင်းဆုံးနံပါတ်(၁) ဖြစ်ခဲ့ကြောင်း သိရသည်။

ဗောက်ဆွာဂွန်၏ နောက်တွင် ဒုတိယရောင်းအားအကောင်းဆုံး မော်တော်ကား ကုမ္ပဏီမှာ ဂျပန်နိုင်ငံထုတ် တိုယိုတာပင်ဖြစ်သည်။ တိုယိုတာမှ ထုတ်လုပ်သည့် မော်တော်ကားများမှာ ၂၀၁၉ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် အစီးရေ ၃၁၁၅၃၄၃ စီး ရောင်းချရကြောင်း သိရသည်။ တိုယိုတာမော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သည့် ကားများမှာ တရုတ်၊ ထိုင်း၊ ဆော်ဒီအာရေဗျ စသည့်နိုင်ငံများတွင် ဈေးကွက်ခိုင်မာမှုများရှိနေပြီး ယင်းဈေးကွက်များတွင် အဓိက ရောင်းချနေရခြင်းလည်းဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့မော်တော်ကားဈေးကွက်တွင် တတိယရောင်းအားအကောင်းဆုံး မော်တော်ကားကုမ္ပဏီမှာ ဂျပန်နိုင်ငံထုတ် နစ်ဆန်းကားများပင်ဖြစ်ကြောင်း သိရသည်။ နစ်ဆန်းမော်တော်ကားများကို ဂျပန်နိုင်ငံတွင် စတင်အခြေပြု ထုတ်လုပ်ခဲ့သော်လည်း လက်ရှိအချိန်တွင် နစ်ဆန်းမော်တော်ကားများကို ကမ္ဘာအနှံ့ ဈေးကွက်ချဲ့ထွင်နိုင်ရေးကို ရည်ရွယ်ပြီး ပြင်သစ်နိုင်ငံတွင်လည်း ပေါင်းစပ်ထုတ်လုပ်လျက်ရှိနေသည်ဟု သိရသည်။ နစ်ဆန်းမော်တော်ကားများကို အမေရိကန်၊ ရုရှား၊ ဘရာဇီး၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်နှင့် မော်ရိုကိုနိုင်ငံတို့တွင် လူကြိုက်များနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နစ်ဆန်းကုမ္ပဏီမှထုတ်လုပ်သည့် မော်တော်ကားများမှာ ၂၀၁၉ ခုနှစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင်အစီးရေ၂၉၉၂၄၇၁ စီး ရောင်းချရကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာ့ရောင်းအားအကောင်းဆုံး မော်တော်ကားကုမ္ပဏီများဖြစ်သည့် ဗောက်ဆွာဂွန်၊ တိုယိုတာနှင့် နစ်ဆန်းတို့၏နောက်တွင် ဂျင်နရယ်မော်တော်ကားကုမ္ပဏီက အဆင့်(၄)၊ ဟွန်ဒိုင်းနှင့် ကီရာက အဆင့်(၅)၊ ဖို့ဒ်က အဆင့်(၆)၊ ဟွန်ဒါက အဆင့်(၇)၊ FCA Groupက အဆင့်(၈)၊ PSA Group က အဆင့်(၉)နှင့် ဆူဇူကီးက အဆင့်(၁၀)တို့ဖြစ်သည်။

ထို့ပြင် ကမ္ဘာကျော် နာမည်ကြီး မော်တော်ကား ကုမ္ပဏီများဖြစ်သည့် BMWက အဆင့်(၁၂)၊ မာဇဒါက အဆင့်(၁၄)၊ တာတာက အဆင့်(၁၈) နှင့် Isuzu က အဆင့်(၂၅) စသည်ဖြင့် အသီးသီး ရပ်တည်နိုင်ခဲ့ကြသည်။

## စင်ကာပူတွင် အိမ်ဈေးကျပြီး ထိုင်းတွင် အိမ်ဈေးမြင့်တက်နေ

၂၀၁၉ ခုနှစ်၏ နောက်ဆုံးသုံးလတွင် အရှေ့တောင်အာရှ၌ အိမ်ခြံမြေဈေးများ အနည်းငယ် အပြောင်းအလဲရှိခဲ့ကြောင်း အိမ်ခြံမြေဝက်ဘ်ဆိုဒ်တစ်ခုဖြစ်သည့် Global Property Guide က ဖော်ပြထားသည်။

Global Property Guide ၏ ဖော်ပြထားချက်အရ ၂၀၁၉ ခုနှစ် တတိယသုံးလပတ်မှစတင်ပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် နိုင်ငံများတွင် အိမ်ခြံမြေဈေးနှုန်းများ လှုပ်ခတ်မှုရှိခဲ့ကြောင်း သိရသည်။ ယင်းနိုင်ငံများထဲတွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အိမ်ခြံမြေဈေး အနည်းငယ်သာ လှုပ်ခတ်မှုရှိခဲ့သည်ဟုဆိုသည်။

သို့သော် ၂၀၁၉ ခုနှစ် တတိယ သုံးလတာကာလတွင် စင်ကာပူနိုင်ငံ၏ အိမ်ခြံမြေဈေးမှာ ကျဆင်းခဲ့သလို အရောင်းအဝယ် ရပ်တန့်ခဲ့ပြီး အငှားသာ တိုးတက်မှုရှိခဲ့ကြောင်း သိရသည်။ စင်ကာပူနိုင်ငံတွင် ပြည်ပမှလာရောက် အလုပ်လုပ်ကိုင်သူ အများအပြားရှိနေရာ အိမ်ရာအပိုင် ဝယ်ယူနေထိုင်သူများရှိနေသလို အများစုမှာ အငှားဖြင့်နေထိုင်ကြကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် ထိုကဲ့သို့ အိမ်ခြံမြေဈေးများ အရောင်းအဝယ်ရပ်တန့်ပြီး ဈေးအေးနေသော်လည်း ထိုင်းနိုင်ငံတွင်မူ အိမ်ခြံမြေ အငှားလိုက်သလို အရောင်းအဝယ်ဈေးကွက်လည်း အားကောင်းနေသည်ဟုဆိုသည်။ ၂၀၁၉ ခုနှစ် တတိယ သုံးလတာကာလတွင် ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဈေးနှုန်းမှာ ၃ ဒသမ ၀၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ထို့ပြင် ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဈေးများမှာလည်း မြင့်တက်လျက်ရှိနေကြောင်း Global Property Guide က ဖော်ပြထားသည်။






## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသွားလုပ်ငန်းနှင့် လေကြောင်းလိုင်းများထိခိုက်

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ)ကြောင့် တရုတ်နိုင်ငံနှင့်ပတ်သက်သည့် ကမ္ဘာ့လေကြောင်းလိုင်း အများအပြားမှာ ယာယီရပ်ဆိုင်းထားကြောင်း စီအင်န်အေသတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် ကူးလူးဆက်သွယ်သွားလာနေသည့် ကမ္ဘာ့လေကြောင်းလိုင်း အများစုမှာ လက်ရှိအချိန်တွင် ယာယီရပ်ဆိုင်းထားရာ ယင်းတို့အထဲတွင် အမေရိကန်လေကြောင်းလိုင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယခုအချိန်တွင် မြန်မာနိုင်ငံအပါအဝင် ဂျာမနီ၊ ကနေဒါ၊ ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယားနှင့် ဗြိတိန် စသည့် လေကြောင်းလိုင်းအချို့လည်း ယာယီရပ်ဆိုင်းထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါမှာ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းအထိ တရုတ်နိုင်ငံပြင်ပ ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံသို့ပင် ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ ထိုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကြောင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝင်ထွက်ပေါက်များကို သေချာစိစစ်နေသလို လေကြောင်းလိုင်းများကိုလည်း ရပ်တန့်ထားရသည် အထိ ဖြစ်လာခဲ့ခြင်းကြောင့် နိုင်ငံအသီးသီး၏ ခရီးသွားလုပ်ငန်းများကိုလည်း များစွာ ထိခိုက်နစ်နာစေခဲ့သည်။

ထို့ပြင် နိုင်ငံတကာလေကြောင်းကုမ္ပဏီများအတွက်လည်း ထိခိုက်မှုများရှိနေပြီး လေကြောင်းလိုင်းများ စီးပွားရေးကျဆင်းရသည့် အနေအထားများဖြင့် ကြုံတွေ့နေရသည်ဟုဆိုသည်။

မြသဲ စုစည်းသည်

**Don't be drastic, Say "no" to plastic**

**ပြင်းထန်သော အကျိုးသက်ရောက်မှုမရှိစေရန် ပလတ်စတစ်ကို ငါတို့ငြင်းဆန်။**